# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၉၂]


**သုသိက္ခိတ ဝိနယမင်္ဂလာ**

စည်းကမ်းကျင့်ဝတ်ကို
ကောင်းစွာသင်ယူခြင်း၊
လိုက်နာကျင့်သုံးခြင်းသည်
ကောင်းမြတ်သောမင်္ဂလာမည်၏။

# မူးယစ်ရီဝေသောပန်းခြံနှင့် သွေးဆူနေသော ရေပန်းများ



သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရေကူးကန်အလယ်ရှိ ရေပန်းမှ ပန်းထွက်လာသည့် လွင့်ပျံ့နေသော ရေမှုန်ရေမွှားများက လေဖြူ၏အမဲလိုက်အက သီချင်းသံနှင့် လိုက်ဖက်ညီစွာ လူငယ်များကို ရွှင်မြူးတက်ကြွစေသည်။ ယမကာအရှိန်ဖြင့် တဒိန်းဒိန်းတိုးလာသော သွေးခုန်နှုန်းများနှင့်အတူ မဖွယ်မရာမြင်ကွင်းတစ်ခုက ပို၍ပို၍ပီပြင်လာကာ ဒေါသတို့ကို ဆူဝေစေသည်။ အောင်အောင် (အမည်လွှဲ)က သူ့အမျိုးသမီးသူငယ်ချင်းအနားသို့ အဆမတန်တိုးကပ်ကာ နှောင့်ယှက်လာနေသည့် လူတစ်စုကို တိုက်ခိုက်ပစ်လိုက်ချင်သည့်စိတ်အား ထိန်းချုပ်မရတော့ဘဲ အများသူငါမြင်ကွင်းတွင် ခိုက်ရန်ဖြစ်ပွားမိခဲ့ကြောင်း သူ့ဖြစ်ရပ်ကို ပြန်လည်ပြောပြသည်။

"ကျွန်တော့်မိန်းကလေးသူငယ်ချင်းကို နှောင့်ယှက်နေတာမြင်တော့ ဒေါသထွက်ပြီး ထိုးနှက်မိခဲ့တယ်။ ရဲစခန်းရောက်တော့ အိမ်ကလိုက်လာပြီး အမှုဖြေရှင်းရပါတယ်။ ကျွန်တော်လည်း ထိုးကြိတ်ဒဏ်ရာတွေရခဲ့တယ်" ဟု ပြည်သူ့ဥယျာဉ် ရေကူးကန်နှင့် ရေလွှာလျှောစီး အပန်းဖြေနေရာသို့

စာမျက်နှာ ၈ ကော်လံ ၁ ❀

**ရန်ကုန်မှာ အများနဲ့သက်ဆိုင်တဲ့ပန်းခြံတွေကို အဆင့်မြှင့်ပေးနေတာတွေကို တွေ့ရတယ်၊ ဆယ်ကျော်သက်သမီးပျိုတွေ မသွားရဲတဲ့ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်ဟာ အခုအချိန်မှာ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေရဲ့တွေ့ဆုံရာ အိုအေစစ်ကမ္ဘာလေးဖြစ်လာသလို သခင်မြပန်းခြံဆိုရင်လည်း မြက်ခင်းတွေဟာ နင်းရက်စရာမရှိအောင် ခံ့ညားကောင်းမွန်လာတာကိုတွေ့ရ**

## နိုင်ငံတကာ

### ဗီယက်နမ်သည် ပြိုင်ဘက်မဟုတ် မိတ်ဆွေဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ပြောကြား

စာမျက်နှာ ❖ ၄

## ပြည်တွင်း

### မြန်မာ့ပုလဲရောင်းချပွဲ ဆက်လက်ကျင်းပ

စာမျက်နှာ ❖ ၁၀

## ပြည်တွင်း

### Miss Universe Grand Andaman 2015 ရွေးချယ်ပွဲကျင်းပမည်

စာမျက်နှာ ❖ ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျူးကျော်တဲပြဿနာ

မြို့ပြများဖွံ့ဖြိုးလာမှုနှင့်အတူ မြို့ကြီးများရှိ ဆင်ခြေဖုံး မြို့နယ်များတွင် တဲထိုး၍ ကျူးကျော်နေထိုင်မှုမှာလည်း ကြီးထွား လာသည်ကို တွေ့ရသည်။ ကျူးကျော်နေထိုင်မှုများကြောင့် မြို့ပြ ၏သာယာလှပမှုနှင့် သန့်ရှင်းမှုကို ထိခိုက်စေနိုင်ပါသည်။ ယနေ့ အချိန်သည် မြို့ပြ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနေချိန် ဖြစ်၍ ကျူးကျော်နေထိုင်မှုများ လျော့နည်းပပျောက်အောင်ဆောင်ရွက် နေချိန်လည်းဖြစ်ပါသည်။

ထို့ကြောင့်လည်း မြို့ပြသာယာလှပမှုကို တာဝန်ယူ တာဝန်ခံ ရသူများနှင့် ကျူးကျော်နေထိုင်သူတို့အကြား ကျူးကျော်နေထိုင်မှု များကို ဖယ်ရှားရှင်းလင်းရင်း ပဋိပက္ခများသဖွယ် မကြာခဏ ဖြစ်ပွားလာရပါသည်။ ကျူးကျော်တဲထိုးနေထိုင်ခြင်းသည် အမှန် တကယ် မြို့ပြသန့်ရှင်းသာယာလှပမှုကို ထိခိုက်စေနိုင်ပါသည်။ ယနေ့မြို့ကြီးပြကြီးများသည် ကမ္ဘာလှည့်ခရီးသွားများ လာရောက် ရာနေရာများ ဖြစ်လာသည့်အလျောက် အမြင်မတင့်တယ်မှုကို ဖြစ်ပေါ်စေနိုင်သည့် ကျူးကျော်နေထိုင်မှုများမှာလည်း လျော့နည်း ပပျောက်သွားအောင် ဆောင်ရွက်ရမည်သာဖြစ်ပါသည်။

ဤသို့ ကျူးကျော်နေထိုင်မှုများ တိုးပွားလာရခြင်းသည် အဓိကအားဖြင့် အချက်နှစ်ချက်ရှိပါသည်။ ပထမအချက်သည်ကား မြို့ပြ ဆင်ခြေဖုံးမြို့နယ်များတွင် ကန်ထရိုက်တိုက်ဆောက်လုပ်မှု များ ပိုမိုများပြားလာပြီးနောက် အိမ်ငှားနေထိုင်ကြသူများမှာ တိုက်ခန်းများတွင် အခန်းငှားခများ ဈေးနှုန်းမြင့်မားလွန်းသဖြင့် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သည့်အဆုံး ရရာမြေနေရာ များအတွင်း တဲထိုး၍ နေထိုင်လာကြရပါသည်။

ဒုတိယအချက်မှာ ကန်ထရိုက်တိုက်များနှင့် အိမ်ရာစီမံကိန်း များနှင့်အတူ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဤစီမံကိန်းလုပ်ငန်း ခွင်များတွင် အလုပ်လုပ်ကိုင်နေသူအများစုမှာ ကျေးလက်ဒေသများ မှ မိသားစုလိုက် လာရောက်အလုပ်လုပ်ကိုင်နေကြသူများဖြစ် ပါသည်။ ကန်ထရိုက်တိုက်လုပ်ငန်းရှင်များက လုပ်အားခဈေးနှုန်း သက်သာသော အလုပ်ကြမ်းသမားများကို ကျေးလက်ဒေသများမှ ခေါ်ယူလေ့ရှိပါသည်။ အလုပ်အကိုင်ရှားပါးသည့် ကျေးလက် ပြည်သူများအနေဖြင့်လည်း တစ်နေ့လုပ်အားခ ပိုမိုများပြားသည့် မြို့ပြဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် မဆလာရွက်၊ သဲထမ်း၊ ပန်းရန်လုပ်၊ လက်သမားအစရှိ သဖြင့် ဝင်ရောက်လုပ်ကိုင်ရာမှ နှစ်ကာလကြာလာသည့်အခါ ကျေးလက်သို့ပြန်ရန်မဖြစ်နိုင်သည့် အဆုံး ရရာဆောက်လုပ်ရေး လုပ်ငန်းခွင်နှင့် လွတ်ကင်းရာမြေနေရာ များတွင် ကျူးကျော်တဲထိုးကာ နေထိုင်လာကြရပါသည်။ ဤသို့ဖြင့် ကျေးလက်မှမြို့ပြသို့ ရွှေ့ပြောင်းနေထိုင်မှုများ များပြား လာရခြင်း၏ တစ်ခုအပါအဝင်ဖြစ်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားမှ ရွှေ့ပြောင်းနေထိုင်သူများ ဖြစ်လာပါသည်။

ဤသို့ဆိုလျှင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် တာဝန်ခံ လုပ်ကိုင်နေကြသူများအနေဖြင့် မိမိတို့ဆောက်လုပ်မှုလုပ်ငန်းခွင် ပြီးစီးပါက ကျေးလက်မှလာရောက်လုပ်ကိုင်သူများကို မူလဒေသသို့ ပြန်လည်ပို့ဆောင်ပေးရန် တာဝန်ရှိပါသည်။ ဆင်ခြေဖုံးမြို့နယ် များတွင်လည်း ကျူးကျော်မြေဖြစ်လာနိုင်သည့်နေရာများကို ရပ်ကွက် များအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက အဂတိတရားကင်းရှင်း စွာဖြင့် စောင့်ကြည့်လေ့လာဖယ်ရှားနိုင်ရမည်ဖြစ်ပါသည်။

သို့မှသာ ကျူးကျော်နေထိုင်မှုများလျော့နည်းကာ ကျူးကျော်တဲ ပြဿနာမှာလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

ကောလင်း ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက်က ကောလင်းသို့ ရောက်ရှိလာပြီး ရေနစ်မြုပ် လယ်များ ပြန်လည် ထွန်ယက်နိုင်ရေးအတွက် မြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် လယ်ထွန်စက်များရောက်ရှိလာမှုကို စစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အလယ်ကျောင်းပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ဝန်ကြီးချုပ်က ရေနစ်မြုပ်သောကျောင်းများအတွက် ကျောင်းသုံးစာရေးကိရိယာများနှင့် တောင်သူများကို မျိုးစပါးများ ထောက်ပံ့ပေးအပ်ပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လူဦးရေ ၈၀၇၁ ဦးအတွက် ဆန်ဖိုးငွေကျပ် ၆၆၂၅၈၀၀ နှင့် နေအိမ်ပျက်စီးဆုံးရှုံးသူများအတွက် ထောက်ပံ့ငွေများ၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၀ နှင့် ငွေကျပ် ၃၂ သိန်းခန့်တန်ဖိုးရှိ အဝတ်အထည်များနှင့် ငွေကျပ် ၂၈ သိန်းခန့်တန်ဖိုးရှိ တီဗွီနှင့် Skynet ရုပ်သံ စလောင်းများ၊ မန္တလေးမြို့၊ ဖြုဟ္မစိုရ် လူမှုကူညီရေးအသင်းက ငွေကျပ်သိန်း ၁၅၀ ခန့်တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ မြို့နယ်အသီးသီးရှိ Skynet ကိုယ်စားလှယ်များက ငွေကျပ် ၃၁ သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး နိုင်ငံတော်အစိုးရနှင့် ဒေသအသီးသီးမှ အဖွဲ့အစည်းများ၊ အလှူရှင်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို စဉ်ဆက်မပြတ် ပေးပို့ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေလွှမ်းနေသည့် မိုးကောင်းမြို့ ရေပြန်ကျပြီ

မိုးကောင်း ဇူလိုင် ၂၃

ကချင်ပြည်နယ် မိုးကောင်းမြို့အတွင်း၌ မိုးရွာသွန်းမှုကြောင့် ခုနစ်ရက်တိတိ ရေလွှမ်းမိုးခြင်းခံရပြီး မြို့တွင်းရှိ လူနေအိမ်ရပ်ကွက်များ အိမ် အမြင့်များမှအပ အိမ်နိမ့်များအားလုံး နစ်မြုပ်ခဲ့ရသည်။ ရေလွှမ်းခြင်းခံရသော ရပ်ကွက်ရှိ လူနေအိမ်များ ဇူလိုင် ၂၃ ရက်တွင် ရေပြန်ကျလာပြီဖြစ်၍ ဝမ်းသာပျော်ရွှင်နေကြသည်။

"ရေလွှမ်းနေတာတော့ ဒီနေ့ပြန်ကျသွားပြီဖြစ်ပါတယ်။ အခုလို ရေဘေးဒုက္ခရောက်နေကြတဲ့ ပြည်သူတွေကို ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ပြီး ကူညီဆောင်ရွက်ပေးကြတဲ့သူတွေကို ကျေးဇူးတင်ရမှာပါ။

နောက်ပြီး ထမင်းထုပ်တွေ၊ ပုဆိုးတွေ ဝေငှပေးတဲ့အဖွဲ့အစည်းတွေကို လည်း ကျေးဇူးတင်ပါတယ်။ အမေများအဖွဲ့ကလည်း ဘူတာမှာ ထမင်းထုပ်တွေ တစ်ရက်ကို နှစ်ကြိမ်ဝေပေးနေတာ မြင်ရပါတယ်။ ဒီလို ဘက်ပေါင်းစုံက လူသားချင်းစာနာစိတ်ဖြင့် ဝိုင်းဝန်းကူညီခဲ့လို့ ရေဘေးဒုက္ခသည်တွေ အဆင်ပြေခဲ့ပါတယ်" ဟု မိုးကောင်းမြို့ မဟောင်အုပ်စု နော်ကိုက်တောင်ရပ်ကွက်နေ ဦးထွန်းမော်က ပြောကြားခဲ့သည်။

မိုးများသည်းထန်စွာရွာခဲ့ခြင်းကြောင့် နန့်ရှင်းချောင်းနှင့် နန့်ကောင်းချောင်းဆုံရှိ ဒေသများဖြစ်သည့် မိုးကောင်းမြို့ရှိ မဟောင်အုပ်စု နော်ကိုက်တောင် ရပ်ကွက်၊ မြို့ဦးရပ်ကွက်၊ ကြာအင်း(၁)၊ ကြာအင်း(၂)ရပ်ကွက်နှင့် အိုးတန်းရပ်ကွက်၊ အောက်ရှမ်းစုရပ်ကွက်၊ ရဲစခန်းများနှင့် စာသင်ကျောင်းများ ဇူလိုင် ၁၇ ရက်မှ စတင်ကာ ရေဝင်ရောက်လာသဖြင့် စာသင်ကျောင်းများမှာ ပိတ်ထားခဲ့ရသည်။

ထို့အပြင် မိုးကောင်းမြို့ရှိ ရွှေသာလျောင်းဘုရားကြီးဝင်းတွင်ရှိသော ဓမ္မာရုံအဆောက်အအုံတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ကြပြီး ရေများပြန်ကျသွား၍ စာသင်ကျောင်းများကို သန့်ရှင်းရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၃

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၇-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၂၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၁၀-၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၂၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၂.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၀၇ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀.၃၆ |

ခင်ရတနာ-စုစည်းသည်။

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေး ပထမနေ့ ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သာသနာရေးမှူးများနှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် “အနန္တဂုဏ်အင်ကျေးဇူးရှင်ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်သည် ရွှေပြည်နိဗ္ဗာန်ဝင် စံတော်မူပြီးဖြစ်သော်လည်း သက်တော်ထင်ရှားရှိတော်မူစဉ်အခါက သတ္တဝါဝေနေယျတို့ အကျိုးငှာ ဝါတော် ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သော ဝိနည်းသုတ္တန် အဘိဓမ္မာတရား ဒေသနာတော်များသည် သင်္ဂါယနာခြောက်တန် ကျေးဇူးကြောင့် မူလပကတိအတိုင်း ဗုဒ္ဓဘုရားရှင်၏ ကိုယ်စားတော်အဖြစ် တည်ရှိနေပါကြောင်း၊ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားတော်များတည်ရှိနေသမျှ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းစည်ပင်နေမည်ဖြစ်ရာ ဘုရားရှင်က ‘ငါဘုရား၏ အဆုံးအမသာသနာတော်တည်းဟူသော သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော အကျင့်မြတ်ကို ဖြောင့်မတ်စွာ လိုက်နာကျင့်ဆောင်နေသူများ တည်ရှိနေသမျှ သာသနာတော်သည် တည်တံ့ပြန့်ပွားနေပေလိမ့်မည်’ဟု မိန့်ကြားတော်မူခဲ့သည်ကို ဆရာတော်ဘုရားကြီးများ၏ ဟောဖော်ညွှန်ပြမှုအရ သိရှိရပါကြောင်း။

ပထမအကြိမ်မှစ၍ ယခု သတ္တမအကြိမ်အထိ ဂိုဏ်းပေါင်းစုံပါဝင်သည့် နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့ဆရာတော်ကြီးများသည် နှစ်စဉ်ကျင်းပသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးပွဲကြီးသို့ကြွရောက်တော်မူကြပြီး ဩဝါဒကထာ ချီးမြှင့်တော်မူကြလျက်ရှိပါကြောင်း၊ ဂိုဏ်းပေါင်းစုံပါဝင်သည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည်လည်း အဖွဲ့ခွဲ သုံးဖွဲ့ခွဲကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို ‘သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေး’မူနှင့်အညီ ဆောင်ရွက်တော်မူလျက်ရှိပါကြောင်း။

ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာသည်နှင့်အမျှ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထေရဝါဒ ဗုဒ္ဓပိဋကတ်တော်များနှင့်ဆန့်ကျင်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဆန့်ကျင်ဖျက်ဆီးနေကြသည့် ကျောက်သဘော်ဝါဒ၊ လူသေလူဖြစ်အရှင်ဥက္ကဋ္ဌဝါဒအစရှိသော အဓမ္မဝါဒအဖွဲ့အစည်း ၁၇ဖွဲ့တို့အား အဓမ္မဝါဒအဖြစ် စိစစ်ဆုံးဖြတ်၍ ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ပါကြောင်း၊ ဝိနည်းသိက္ခာပုဒ်တော်အရ သာသနာတော်နှင့်မသင့်လျော်ဘဲ သာသနာတော်အား အကြည်ညိုပျက်စေသည့် ရဟန်းတု ရဟန်းယောင်များ၊ အကျင့်ပျက် ဒုဿီလပုဂ္ဂိုလ်များအား ဓမ္မစက်၊ အာဏာစက် အရှိန်အဝါဖြင့် ရှင်းလင်းဖယ်ရှားနိုင်ခြင်းသည်လည်း ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ သာသနာတော်သန့်ရှင်းရေးအတွက် အရေးပါသော ဆောင်ရွက်မှုဖြစ်ခဲ့ပါကြောင်း။

ဝါဆိုသံဃာစာရင်းဝင် ရဟန်းသာမဏေများအနက် သာသနာဝင်မှတ်တမ်းမပြုလုပ်ရသေးသော ရဟန်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း သာသနာဝင်မှတ်တမ်းမရသေးသော သာမဏေများနှင့် သာသနာ့နွယ်ဝင်မှတ်တမ်းမရရှိသေးသော သီလရှင်များအား သာသနာဝင်ကတ်ပြားများ ဆက်ကပ်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းမှုယူပြီး မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်ဘုရား”ဟု စသည်ဖြင့် လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် သာသနာရေးဆိုင်ရာကိစ္စများ၊ ဝိနိစ္ဆယရေးဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင် ကျိုက္ကစံ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတနှင့် တပည့်ဒါယကာ ဒါယိကာမများက ပန္နရသမအကြိမ်အဖြစ် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

---

❊ *ကျောဖုံးမှ*



**(၈) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီမှုစာချုပ် (NCA) ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

ညနေ ၄ နာရီခွဲတွင် ရပ်နားခဲ့ပြီး အစည်းအဝေးတွင် လော်ခီးလာညီလာခံမှ အဆိုတင်သွင်းသည့် အချက် ၁၃ ချက်အနက် ကျန်ရှိနေသေးသည့် အချက် ကိုးချက်စလုံးအား ဒုတိယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးနိုင်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)၏ အထူးအကြံပေး ပုဂ္ဂိုလ် ဦးလှမောင်ရွှေ၊ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ပူးဇင်ကျုံးနှင့် SD အဖွဲ့ဝင် ဦးနိုင်ဟံသာတို့က ညနေ ၆ နာရီတွင် သတင်းမီဒီယာများအား ယနေ့ပြုလုပ်သည့် ဆွေးနွေးချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ပြုလုပ်သည့် နှစ်ရက်တာ အစည်းအဝေးပြီးသည်အထိ လော်ခီးလာညီလာခံမှ အဆိုပြုထားသည့် NCA မူကြမ်းတွင် ပြန်လည်သုံးသပ်ချင်သည့် အချက် ၁၃ချက်လုံးကို ဆွေးနွေးပွဲတွင် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဆွေးနွေးခဲ့သော ၁၃ ချက်အနက် ၁၀ချက်အား NCA စာချုပ်တွင် အချောသပ် ညှိနှိုင်းနိုင်ခဲ့သည်ဟု ပြော၍ရပါကြောင်း၊ ကျန်ရှိနေသည့် အချက် သုံးချက်အနက် အချက် နှစ်ချက်ကိုလည်း နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် ယာယီ သဘောတူညီထားပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် အချက် တစ်ချက်ကိုသာလျှင် ဆွေးနွေးရန် လိုတော့ကြောင်း၊ တိုင်းရင်းသားများဘက်တွင် ကျန်ရှိသည့် ခေါင်းဆောင်များအား မေးမြန်းပြီးပါက UPWC ကို ပြန်တင်ပြမည်ဟု ယေဘုယျ သဘောတူထားကြောင်း။

လက်ရှိ ခေါင်းဆောင်များဘက်က အဆိုပြုထားပြီး ဆွေးနွေးပွဲ အစီအစဉ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူညီမှုစာချုပ် (NCA) စာချုပ်အား အစိုးရနှင့် တိုင်းရင်းသားဘက်မှ မည်သည့် ခေါင်းဆောင်များ ပါဝင်လက်မှတ်ထိုးမည် ဆိုသည့် ကိစ္စရပ်၊ NCA စာချုပ်လက်မှတ်ရေးထိုးရာတွင် နိုင်ငံတကာသက်သေအဖြစ်ဖိတ်ကြားသွားမည့် ကိစ္စရပ်၊ NCA စာချုပ် လက်မှတ်ရေးထိုးရာတွင် တိုင်းရင်းသားများဘက်မှ အဆိုပြုထားသည့် အားလုံးပါဝင် နိုင်ရေးကိစ္စရပ်များကို တတိယနေ့ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ တတိယနေ့ အစည်းအဝေးအဖြစ် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးယဉ်ဇော်မျိုးအား မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

---

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတပင်မဓာတ်အားခွဲရုံတွင် 230/33KV 100 MVA Bank -2 Tr; 33KV Main Circuit Breaker မှ D/S သို့ဆက်သွယ်ထားသည့် AACR phase ကြိုးတွင် ကြိုးလွှန်းဖွာနေခြင်း၊ Y phase Clamp မှ အပူချိန်လွန်ကဲခြင်းတို့ကို အရေးပေါ်အခြေအနေအရ လဲလှယ်နိုင်ရန်အတွက် ဇူလိုင် ၂၄ ရက် နံနက် ၁ နာရီမှ ၃ နာရီအထိ ဓာတ်အားပိတ်၍ အရေးပေါ်လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ 33 KV Main Bus ကို ဓာတ်အားပိတ်ဆောင်ရွက်ချိန်တွင် သာကေတ၊ သဃ်န်းကျွန်း၊ ဒဂုံ(တောင်)မြို့နယ်တို့ ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့တို့တွင် ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားစနစ်အတွင်း ကြီးမားလာသောအပြစ်ဖြစ်ပေါ်ခြင်းမရှိစေရန် အရေးပေါ်ပြုပြင်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# ဗီယက်နမ်သည် ပြိုင်ဘက်မဟုတ် မိတ်ဆွေဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ပြောကြား



**ဗန်ကောက် ဇူလိုင် ၂၃**

ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဒေသတွင်းကုန်ထုတ်လုပ်ငန်း၌ ဗီယက်နမ်နိုင်ငံကို ပြိုင်ဘက်အဖြစ်သဘောမထားဘဲ မိတ်ဆွေအဖြစ် သဘောထားရှိကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံခြားကုမ္ပဏီအချို့ ထိုင်းမှ ဗီယက်နမ်သို့ ပြောင်းလဲထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ဗီယက်နမ်ဝန်ကြီးချုပ် ထိုင်းသို့အလည်အပတ်ရောက်ခဲ့စဉ်က ပြောကြားခြင်း ဖြစ်သည်။

"အခုကျွန်တော်တို့ဟာ ပြိုင်ဘက်တွေ မဟုတ်ဘူး၊ မိတ်ဆွေတွေပါပဲ"ဟု သတင်းစာရှင်းလင်းပွဲတွင် ပရာယွတ်က ပြောခဲ့သည်။ ထိုင်းသည် အာဆီယံဒေသတွင်း၌ ဗီယက်နမ်၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း ကိုလည်း ထပ်လောင်းပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားကုန်ထုတ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်စည်းရုံးလျက်ရှိကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားသည်။ ထိုင်း-ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်ရေးကို ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ တိုးမြှင့်ရန် သဘောတူထားကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက ပြောခဲ့သည်။

ထိုင်းနှင့် ဗီယက်နမ် နှစ်နိုင်ငံကြား ကုန်သွယ်ရေးမှာ ၂၀၁၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈ ဘီလီယံရှိကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(ရိုက်တာ)**

# ပါကစ္စတန်သို့ အမေရိကန်လက်နက်ရောင်းချမှု အိန္ဒိယစိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်

**နယူးဒေလီ ဇူလိုင် ၂၃**

အမေရိကန်အနေဖြင့် ပါကစ္စတန်နိုင်ငံကို ဒုံးကျည်များနှင့် စစ်လေယာဉ်များ ရောင်းချမှုအပေါ် စိုးရိမ်မိကြောင်း၊ ယင်းမှာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်နိုင်ကြောင်း အိန္ဒိယအစိုးရက ထုတ်ဖော်ပြောကြားလိုက်သည်။

"အမေရိကန်အနေနဲ့ ပါကစ္စတန်ကို လက်နက်ရောင်းတာ စိုးရိမ်စရာပါ။ အိန္ဒိယနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ ဆက်ဆံရေးကို ထိခိုက်နိုင်သလို အိန္ဒိယနိုင်ငံရဲ့ လုံခြုံရေးကိုလည်း ခြိမ်းခြောက်လာနိုင်ပါတယ်" ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆပ်ရှ်မားဆဝါရာက ဇူလိုင် ၂၂ ရက်က ပါလီမန်သို့ ပြောဆိုလိုက်သည်။

အမေရိကန်က ပါကစ္စတန်နိုင်ငံသို့ AH-1Z Viper တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် AGM-114R Hellfire II ဒုံးကျည်များနှင့် အစိတ်အပိုင်းများ ရောင်းချရန် သဘောတူလိုက်ပြီးနောက် အိန္ဒိယက အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုလိုက်သည်။

အဆိုပါ လက်နက်များရောင်းချရာတွင် နည်းပညာနှင့် လေ့ကျင့်မှုသင်တန်းများအပါအဝင် အမေရိကန်ဒေါ်လာ ၉၅၂ သန်းခန့်ရှိကြောင်း ၎င်းဝန်ကြီးက ပြောကြားသည်။

**(ဆင်ဟွာ)**

# နှစ်ပေါင်း ၁၄၀၀ ခန့်က ကိုရမ်လက်ရေးမူများတွေ့ရှိ

**လန်ဒန် ဇူလိုင် ၂၃**

လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ခန့်က ရေးဟောင်း ကိုရမ်ကျမ်းစာလက်ရေးမူများကို ဘာမင်ဟန်တက္ကသိုလ်၌တွေ့ရှိကြောင်း၊ ကမ္ဘာပေါ်ရှိ ရှေးအကျဆုံးလက်ရေးမူများဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်က အဆိုပါတက္ကသိုလ်မှ သိရသည်။

လက်ရေးမူသည်အခန်း ၁၈ မှ ၂၀ ထိ အာရဗီဘာသာနှင့် သားရေပုရပိုက်ပေါ်တွင် မင်ဖြင့်ရေးသားထားကြောင်း၊ စာမျက်နှာနှစ်မျက်နှာပါရှိကြောင်း ဘာမင်ဟန်တက္ကသိုလ်က ပြောသည်။



အဆိုပါနှစ်မျက်နှာကို ကတ်ဘာရီ သုတေသနစာကြည့်တိုက်ရှိ ကိုရမ်ကျမ်းစာများနှင့် ရောနှောထားရှိကြောင်း သိရသည်။

သို့သော်လည်း စာမျက်နှာပါစာသားများသည် အောက်စဖို့ဒ်တက္ကသိုလ်ရှိ ဓာတ်ခွဲခန်း၌ စစ်ဆေးတွေ့ရှိချက်အရ အေဒီ ၅၆၈ ခုနှစ်မှ ၆၄၅ ခုနှစ်ကြား ရေးသားခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ ၉၅ ဒသမ ၄ ရာခိုင်နှုန်း တိကျမှန်ကန်မှုရှိကြောင်း သိရသည်။

ကိုရမ်လက်ရေးမူများသည် အစ္စလာမ် ဘာသာရေး စာအုပ်များ၏ အစောဆုံးလက်ရာများ ဖြစ်ကြောင်း သုတေသီများက သုံးသပ်ပြောဆိုသည်။

ယင်းကိစ္စကြောင့် အစ္စလာမ်ဘာသာနှင့် မူစလင် အမွေအနှစ်များကို လေ့လာရန် လိုအပ်ကြောင်း တက္ကသိုလ်ဘက်မှ ပြောသည်။

ရေဒီယိုကာဗွန်စစ်ဆေးချက်အရ ကိုရမ်ကျမ်းစာသည် အစောဆုံး လက်ရေးမူအဖြစ် ထင်ရှားကြောင်း၊ ဘာမင်ဟန် တက္ကသိုလ်၌ အရေးပါသော သမိုင်းအထောက်အထားများ တွေ့ရှိရသဖြင့် စိတ်လှုပ်ရှားကြောင်း သုတေသနဌာနမှ မှတ်တမ်းပြုစုသူ ဆူစန်ဝါရောက ပြောသည်။

လက်ရေးမူများကို ဘာမင်ဟန် တက္ကသိုလ်ဘာသာဌာန အနုပညာပြပွဲ၌ အောက်တိုဘာ ၂ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

**(ဆင်ဟွာ)**

# နိုင်းမြစ်အတွင်း စက်လှေမြုပ်၊ အနည်းဆုံးလူ ၁၉ ဦး သေဆုံး

**ကိုင်ရို ဇူလိုင် ၂၃**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ နိုင်းမြစ်အတွင်း သင်္ဘောပျက်တစ်ခု၌ အနည်းဆုံး လူ ၁၉ ဦး ဇူလိုင် ၂၂ ရက်က သေဆုံးလျက်တွေ့ရကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါဖြစ်စဉ်မှာ ကိုင်ရိုင်မြို့အနောက်တောင်ပိုင်း ဝါရက်ခရိုင်၌ အနည်းဆုံး လူ ၃၀ တင်ဆောင်လာသော ကူးတို့ရေယာဉ်တစ်စင်းက သမ္ဗန်တစ်စင်းကို ဝင်တိုက်ပြီး နစ်မြုပ်ခဲ့ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဂါဖာက ပြောသည်။

အခင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ် ၁၆ စင်းနှင့် ကယ်ဆယ်ရေးရေယာဉ် နှစ်စင်းရောက်လာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများအား ရှာဖွေနေဆဲဖြစ်ကြောင်း၊ ဒဏ်ရာရသူများကိုအနီးအနားရှိ ဆေးရုံလေးရုံသို့ ပို့ခဲ့ကြောင်း ၎င်းတာဝန်ရှိသူက ပြောသည်။

"ကယ်ဆယ်ရေးအဖွဲ့က ရေငုပ်သမားတွေနဲ့ ပျောက်ဆုံးနေသူများကို ဆက်လက် ရှာဖွေနေပါတယ်။ မြစ်ကမ်းဘေး အလင်းရောင်အားနည်းတဲ့နေရာမှာ ကယ်ဆယ်ရေးအဖွဲ့တွေကို တွေ့ရပါတယ်" ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

**(ဆင်ဟွာ)**



# လူလိုက်ပါသည့် ဆိုယုဇ်အာကာသယာဉ်လွှတ်တင်

**မော်စကို ဇူလိုင် ၂၃**

လူလိုက်ပါသည့် ဆိုယုဇ် MA-17M အာကာသဒုံးပျံယာဉ်ကို ကြာသပတေးနေ့က ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ လွှတ်တင်လိုက်ကြောင်း ဒေသဆိုင်ရာမီဒီယာက သတင်းဖော်ပြသည်။

အဆိုပါ အာကာသယာဉ်နှင့်အတူ အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားကြောင်း၊ နိုင်ငံတကာ အာကာသယာဉ်စခန်း (အိုင်အက်စ်အက်စ်)တွင် အလုပ်လုပ်ကြမည့် အာကာသယာဉ်မှူးများဖြစ်ကြောင်း အဆိုပါမီဒီယာကသတင်းဖော်ပြသည်။

ယင်းဆိုယုဇ်အာကာသယာဉ်နှင့်အတူ ရုရှားအာကာသယာဉ်မှူး အိုလက်ကိုနိုနင်၊ ဂျပန်အာကာသယာဉ်မှူး ကီမီယာယူအိနှင့် အမေရိကန် အာကာသယာဉ်မှူး ကေဂျယ်လင်ဂရင်းတို့ လိုက်ပါသွားကြပြီး ၎င်းတို့သည် အာကာသစခန်း၌ ခြောက်နာရီကြာ အာကာသသိပ္ပံဆိုင်ရာ စမ်းသပ်မှုများပြုလုပ်ရန် မျှော်လင့်ထားကြသည်။

အဆိုပါ အာကာသယာဉ်သည် မူလက မေ ၂၆ ရက်တွင် လွှတ်တင်ရန်ဖြစ်သော်လည်း ဧပြီနှောင်းပိုင်းတွင် ကုန်တင်အာကာသယာဉ် M27-M ပျက်ကျပြီးနောက်ရွှေ့ဆိုင်းခဲ့သည်။

**(ဆင်ဟွာ)**

# ရေကြီးနစ်မြုပ်ပျက်စီးသွားသော ရထားလမ်းပိုင်းများအား ကွင်းဆင်းစစ်ဆေး ခရီးသည်များ အဆင်ပြေစွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကန့်ဘလူမှ ကံကြီး-ဇော်ချောင်းကြား ရေတိုက်စားလမ်းပိုင်းသို့ သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်နေမှု၊ လုပ်သားအင်အားအပြည့်အဝဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မန္တလေး-မြစ်ကြီးနား ခရီးစဉ် ပြတ်တောက်မှုမရှိစေရေး မန္တလေး-မြစ်ကြီးနား အဆန်ခရီးစဉ်တစ်လျှောက်လုံးအတွက် မန္တလေးမှ ကန့်ဘလူသို့ ရထားဖြင့်ပို့ဆောင်ပေးပြီး ကန့်ဘလူ-ကောလင်းကြားတွင် ကုန်းလမ်းပို့ဆောင်ရေးမှ မော်တော်ယာဉ် ငါးစီးဖြင့် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သာ ကောက်ခံစေပြီး ကူးပြောင်းပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

မန္တလေးမှ အဆန်အထူးရထားသည် နံနက် ၅ နာရီခွဲတွင် ထွက်ခွာပြီး ကန့်ဘလူသို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိမည်ဖြစ်ရာ ကန့်ဘလူမှ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာပြီး ကောလင်းသို့ ည ၇ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ကောလင်းမှ အထူးအဆန်ရထားသည် ည ၉ နာရီတွင် ထွက်ခွာပြီး မြစ်ကြီးနားသို့ နောက်နေ့ နံနက် ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ထို့နည်းတူစွာ မြစ်ကြီးနားမှ အထူးအစုန်ရထားသည် မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပြီး ကောလင်းသို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ကောလင်းမှ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များသည် မွန်းလွဲ ၂ နာရီခွဲတွင်ထွက်ခွာပြီး ကန့်ဘလူသို့ နံနက် ၈ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ကန့်ဘလူမှ အစုန်အထူးရထားသည် နံနက် ၈ နာရီခွဲတွင် ထွက်ခွာပြီး မန္တလေးသို့ ညနေ ၄ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ပြုပြင်ရန်လိုအပ်သော ရထားလမ်းပိုင်းအား ပြုပြင်ပေးလျက်ရှိသကဲ့သို့ ခရီးသည်များကိုလည်း မန္တလေး-မြစ်ကြီးနား ခရီးစဉ်ပြတ်တောက်မှု မရှိစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



❍ *ကျောဖုံးမှ*

ဇေယျာရွှေမြေအသင်းတို့က ၁၁ မှတ်စီ၊ မနောမြေအသင်းနှင့် ရခိုင်အသင်းတို့က ရှစ်မှတ်စီ၊ ဟံသာဝတီအသင်းက ခုနစ်မှတ်တို့ ရရှိထားသည်။ ပွဲစဉ် (၁၂) အပြီးတွင် ရန်ကုန်အသင်းက စံချိန်သစ်အဖြစ် ၁၂ ပွဲဆက် အနိုင်ရရှိထားပြီး ပွဲစဉ် (၁၂)တွင် နိုင်ပွဲပျောက်ဆုံးခဲ့သည့် ရခိုင်အသင်းနှင့် ဟံသာဝတီအသင်းတို့မှာ တန်းဆင်းဇုန်ထဲသို့ ကျရောက်သွားခဲ့သည်။ ပြိုင်ပွဲဝင် ၁၂ သင်းအနက် ဟံသာဝတီတစ်သင်းသာ နိုင်ပွဲမရရှိသေးခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ရတနာပုံ၊ ကမ္ဘောဇ၊ နေပြည်တော် စသည့်အသင်းများကို အဝေးကွင်း၌ အနိုင်ကစားထားပြီး ယခုပွဲတွင်လည်း ဧရာဝတီအသင်းကို ကျော်ဖြတ်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ဧရာဝတီအသင်းမှာ ပွဲစဉ်(၁၂)တွင် ဇွဲကပင်အသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ကာ ပထမဆုံးအိမ်ကွင်းရှုံးပွဲနှင့် ရင်ဆိုင်ထားရသောကြောင့် ယခုပွဲတွင် ရလဒ်ကောင်း ပြန်ရရန် ကြိုးပမ်းဖွယ်ရှိနေသည်။

**ဧရာဝတီ-ရန်ကုန်**

ဧရာဝတီအတွက် ဒီပွဲက အရေးပါလျက်ရှိသည်။ ယခုပွဲတွင် အမှတ်ဆုံးရှုံး၍ မရဘဲ အမှတ်လျော့ခဲ့ပါက ဒုတိယနေရာတွင်ရပ်တည်နိုင်ရန် မသေချာတော့သည့်အပြင် ထိပ်ဆုံးမှ ရန်ကုန်နှင့်လည်း အမှတ်ပို၍ ကွာဟသွားနိုင်ပေသည်။ ရန်ကုန်အသင်းမှာလည်း နိုင်ပွဲဆက်စံချိန်ကို ဆက်ထိန်းနိုင်ရန် ကြိုးပမ်းမည်ဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းတစ်ပွဲကို တွေ့မြင်ရဖွယ်ရှိနေသည်။

**ရတနာပုံ-ကမ္ဘောဇ**

ရတနာပုံအသင်း ခြေစွမ်းတက်လာခြင်းရှိ၊ မရှိကို စမ်းသပ်မည့် ပွဲဖြစ်သည်။ ရန်ကုန်ကို ရှုံးပြီးနောက်ပိုင်း နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရထားရာ ယင်းခြေစွမ်းကို ရတနာပုံအသင်း ထပ်မံပြသရန် လိုနေသည်။ ကမ္ဘောဇအသင်းမှာလည်း အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်ရန် လိုနေပေသည်။

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် **မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီ**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၃၈/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)**

**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သယ်နင်းကျွန်းကြီး၊ ကာယ (၁၂)လမ်း၊ အမှတ်(၄/၃၆၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ၏** မှတ်ပုံတင်အမှတ်မှာ (၉၈) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်း၊ ၄ လွှာ(ဘယ်) ၁၃၉ လမ်း၊ အမှတ်(၂၀)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၇-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ**



**မြန်မာနိုင်ငံလုံးဆိုင်ရာ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ အမှတ်(၄) (သပြေကုန်း) ရပ်ကွက်၊ မင်းစောမွန်လမ်း၊ အမှတ်(၅၉၃) တွင် ပါတီရုံးချုပ် (ယာယီ) တည်ရှိသော ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၇-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ၏ အလံပုံစံ**



**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# စကားပြေအလေ့အလာ(၂)

မောင်ခင်မင်(ဓနုဖြူ)

"စကားဆက်ရရင် ဆရာကြီးဦးဖေမောင်တင်ဟာ မြန်မာစာပေမှာလိုအပ်ချက်တစ်ခုဖြစ်နေတဲ့ စကားပြေထွန်းကားရေးကို ဦးတည်ပြီး အဲဒီ 'အထက်တန်းစကားပြေကောက်နုတ်ချက်များ'ဆိုတဲ့ စာအုပ်ကို ပြုစုတာပါ။ ခေတ်အဆက်ဆက်ပေါ်ပေါက်တဲ့ ကောင်းနိုးရာရာ စကားပြေတွေကို ရွေးချယ်ပြီး အဲဒီစာအုပ်ထဲမှာထည့်ထားတာလေ"

"ဟုတ်ကဲ့၊ အထက်တန်းစကားပြေဆိုတော့ အထက်တန်းကျောင်းသားတွေ သင်ဖို့ပေ့ါနော်ဆရာ"

"ဟုတ်ပါတယ်။ အဲဒီစာအုပ်ကို အထက်တန်းတွေမှာ သင်ဖို့လည်း ပြဋ္ဌာန်းပေးတယ်။ ဆရာကြီးရဲ့ရည်ရွယ်ချက်ကတော့ဆရာကြီးပြောခဲ့သလိုပဲ စကားပြေကိုဝတ္ထုအကြောင်း သက်သက်သိရုံမကဘဲ စကားသုံးနှုန်းပုံတို့၊ ဝါကျစီစဉ်ပုံတို့၊ အကြောင်းအရာစီစဉ်ပုံတို့ကို ဆရာတွေက သေသေချာချာသင်ပေးဖို့ဖြစ်တယ်ဆိုတာ စာအုပ်နိဒါန်းအရ သိသာနေပါပြီလေ"

"ဟုတ်ကဲ့ပါဆရာ"

"ဆရာကြီးဦးဖေမောင်တင်ရဲ့ဌာနက ကထိကဆရာကြီးတစ်ယောက်ကလည်း စကားပြေသင်ရာမှာ အများကြီးအထောက်အကူပြုတဲ့ စာအုပ်နှစ်အုပ် ပြုစုသေးတယ်ကွဲ့"

"အဲဒီဆရာကြီးက ဘယ်သူပါလဲဆရာ"

"သားတို့၊ သမီးတို့နာမည်ကြားဖူးမှာပါ။ 'ဆရာကြီးဦးလူဖေဝင်း'တဲ့"

"ကြားဖူးပါတယ် ဆရာ"

"ဆရာကြီးဦးလူဖေဝင်းက 'မြန်မာစာစီစာကုံးအခြေပြုကျမ်း' နဲ့ 'မြန်မာစာစီစာကုံးကျမ်း' ဆိုတဲ့ စာအုပ်နှစ်အုပ်ပြုစုပြီး ၁၉၃၃ ခုနှစ်မှာ အဲဒီစာအုပ်တွေကို အောက်စဖို့ဒ်တက္ကသိုလ်စာပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေတယ်"

"အဲဒီစာအုပ်တွေ ကျွန်တော်တို့ မသိပါဘူးဆရာ"

"ဟုတ်မှာပေ့ါ။ စာအုပ်တွေက တော်တော်ရှားသွားပြီလေ။ စာကြည့်တိုက်တွေမှာတော့ ရှိနိုင်ပါတယ်။ စာအုပ်ပြုစုသူနာမည်ကို 'စီစဉ်ရေးသားသူ မဟာဝိဇ္ဇာဘွဲ့ခံ လူဖေဝင်း၊ ပါဠိမြန်မာကထိက ဆရာ၊ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်' လို့ ဖော်ပြထားတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"ပထမစာအုပ်ကို အလယ်တန်းကျောင်းသားတွေအတွက်၊ ဒုတိယစာအုပ်ကို အထက်တန်းကျောင်းသားတွေအတွက် ရည်ရွယ်ကြောင်း ဖော်ပြထားတယ်"

"အခြေခံကစပြီး စာစီစာကုံးကို စနစ်တကျရေးတတ်အောင် စာအုပ်ထဲမှာ လမ်းညွှန်ထားမှာပေ့ါနော် ဆရာ"

"ဟုတ်ပါတယ်။ ဒီစာအုပ်တွေကို စာစီစာကုံးကျမ်းလို့ နာမည်တပ်ထားတော့ ခုခေတ် စာစီစာကုံးစာအုပ်တွေလို စာစီစာကုံးတွေ တန်းစီရေးပြထားတာလားလို့ ထင်စရာရှိတယ်။ အမှန်ကတော့ မြန်မာစကားပြေရေးသား စီကုံးပုံတွေကို စနစ်တကျဖော်ပြထားတဲ့ လမ်းညွှန်ကျမ်းပဲကွဲ့"

"သြော်. . . ဟုတ်ကဲ့ပါ"

"ပထမစာအုပ်မှာ သဒ္ဒါနည်းတွေကစပြီး ဝါကျဖွဲ့ပုံ၊ စာပိုဒ်ဖွဲ့ပုံ၊ စကားသုံးနှုန်းပုံ၊ စကားစီစဉ်ပုံတွေကို သာဓကတွေနဲ့ပြထားတယ်။ စာကောင်းတွေရဲ့ အရည်အသွေးတွေကိုလည်း ပြထားတယ်။ ဒုတိယစာအုပ်မှာကျတော့ မြန်မာစာပေတွေထဲက ကောင်းနိုးရာရာအဖွဲ့တွေကို ရွေးထုတ်ပြီးဝတ္ထုသွားအဖွဲ့၊ သရုပ်ဖော်အဖွဲ့၊ အကျယ်ဖွင့်အဖွဲ့၊ အကြောင်းပြအဖွဲ့ဆိုပြီး အဖွဲ့လေးမျိုး ခွဲပြထားတယ်။ ရှေးစာပေတွေထဲကရော၊ ခေတ်စာပေတွေထဲကပါ သာဓကပြထားတယ်လေ"

"ဆရာ၊ အဲဒီစာအုပ်နှစ်အုပ်ကို ကျေကျေညက်ညက်လေ့လာရင် ကိုယ်လည်း စကားပြေကောင်းကောင်းရေးနိုင်မယ်၊ တခြားသူတွေရေးတဲ့ စကားပြေတွေကိုလည်း စနစ်တကျ လေ့လာနိုင်မယ်ပေ့ါနော်"

"ဟုတ်တာပေ့ါကွယ်။ အဲဒီစာအုပ်နှစ်အုပ်မှာ ဆရာကြီးက ကျောင်းသားတွေ စာဖတ်ဝါသနာပါလာပြီး စာရေးချင်လာအောင် သိမ်သိမ်မွေ့မွေ့ဆွဲဆောင်ထားတယ်။ တိုက်တွန်းအားပေးထားတယ်။ ရွေးထားတဲ့သာဓကတွေကလည်း သိပ်ကောင်းတာပဲလေ"

"အဲဒီစာအုပ်တွေလည်း ကျောင်းမှာပြဋ္ဌာန်းမှာပေ့ါနော် ဆရာ"

"ကိုလိုနီခေတ်တုန်းက အစောပိုင်းမှာတော့ အဲဒီစာအုပ်တွေ ပြဋ္ဌာန်းပါတယ်"

ဆရာကြီးဦးဖေမောင်တင်တို့၊ ဆရာကြီးဦးလူဖေဝင်းတို့ ရည်ရွယ်တုန်းကတော့ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ စကားပြေကို အကြောင်းအရာသက်သက် သင်ရုံမဟုတ်ဘဲ ရေးပုံသားပုံတွေကို စနစ်တကျ စိစစ်လေ့လာဖို့ရည်ရွယ်တယ်ဆိုတာ အဲဒီစာအုပ်တွေက သက်သေပြနေတာပဲလေ"

"နောက်တော့. . . ဘယ်လိုဖြစ်သွားသလဲဆရာ"

"အင်း. . . နောက်တော့. . . အဲဒီစာအုပ်တွေကို ကျောင်းတွေမှာ မပြဋ္ဌာန်းတော့ဘူး။ စကားပြေကိုလည်း အကြောင်းအရာဘက်ကိုပဲ အားပြုသင်နေကြတော့ ဆရာကြီးတွေ ရည်ရွယ်သလို ဖြစ်မလာဘူးပေ့ါကွယ်။ ဝမ်းနည်းစရာပါပဲ"

"သြော်. . . ဟုတ်လားဆရာ"

"အေး. . . ဆရာ့ကိုယ်ဆရာပဲ သက်သေထူပါ့မယ်။ ဆရာကျောင်းသားဘဝ မူလတန်းကစပြီး ဘွဲ့ရတဲ့အထိ မြန်မာစာတမ်းတွေမှာ စကားပြေစာအုပ်တွေ၊ စကားပြေကောက်နုတ်ချက်တွေသင်ရတယ်။ ဒါပေမယ့် သင်တဲ့ဆရာ ဆရာမတွေက အကြောင်းအရာကိုပဲ အဓိကထားသင်တာပဲ။ အကြောင်းအရာကို မှတ်မိဖို့ပဲ။ စာမေးပွဲမှာမေးတော့လည်း စကားပြေထဲက ဟိုအကြောင်းကို မှတ်သားဖွယ်ရေးပါ၊ ဘာမှတ်သားရသလဲဆိုတာမျိုးတွေပဲမေးတယ်။ စကားပြေထဲက စကားသုံးပုံ၊ ဝါကျဖွဲ့ပုံ၊ အချက်အလက်စီစဉ်ပုံဆိုတာတွေကို တကူးတကနဲ့ သင်လည်းမသင်ဘူး၊ မေးလည်း မမေးဘူးလေ"

**မြန်မာစာဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေက ကဗျာကို စကားပြေထက်ပိုပြီး အားသန်ကြတယ်လေ။ စကားပြေသင်ကြားရေးကို အာရုံပြုသင့်သလောက် မပြုကြဘူး။ ဒီတော့ စကားပြေသင်ကြားရေးဟာ အကြောင်းအရာ အားပြုသင်တဲ့ဘက်ကို ပြန်ဆုတ်သွားတာပေါ့ကွယ်။**

"ဟုတ်ကဲ့ပါ"

"ဆရာ့ထက်အသက်ကြီးတဲ့အစ်ကိုတွေ၊ ဦးလေးတွေခေတ်တုန်းကလည်း စကားပြေကို အဲဒီလိုပဲသင်တာပဲလေ။ ဥပမာကွယ် ဦးသြဘာသရဲ့ဝေဿန္တရာဇာတ်တော်ကြီးသင်ရင် ဆရာက 'ဟိမဝန္တာချီးမွမ်းခန်း'တို့ ၊ 'မဒ္ဒီပဗ္ဗခန်း'တို့ 'ကုမာရပဗ္ဗခန်း'တို့ကို ကျောင်းသားတွေ တစ်လှည့်စီဖတ်ခိုင်းပြီး ' သိပ်ကောင်းတာပဲ' ဆိုတာလောက်ပဲ မှတ်ချက်ပေးတယ်။ ဘာကြောင့်ကောင်းတယ်၊ ဘယ်လိုရေးထားလို့ ကောင်းတယ်ဆိုတာ သုံးသပ်ပြီး သင်တာမျိုးမရှိဘူးလေ။"

" ဟုတ်ကဲ့ပါ"

"တချို့ဆရာတွေဆိုရင် 'စကားပြေ 'ပဲကွာ၊ ဘာသင်နေစရာလိုသလဲ၊ ဖတ်ရင်နားလည်နေတာပဲ၊ မင်းတို့ဟာ မင်းတို့ဖတ်ထားဆိုပြီး ပြောတာမျိုးတောင်ရှိတယ်။ သင်ရင်လည်း တစ်ယောက်တစ်လှည့်ဖတ်ခိုင်းပြီး ဆရာက အဲဒီအကြောင်းအရာကိုပဲ ပြန်ရှင်းပြတာပဲများတယ်လေ"

"တစ်ခုမေးပါရစေ ဆရာ"

"မေးလေ"

"ဒါဆိုရင် ဆရာကြီး ဦးဖေမောင်တင်တို့ ဆရာကြီး ဦးလူဖေဝင်းတို့စပြီး လမ်းခင်းပေးတဲ့ စကားပြေသင်ကြားပုံကို နောက်လူတွေကဆက်ပြီး အကောင်အထည် မဖော်ဘူးဆိုတဲ့ အဓိပ္ပာယ်လားဆရာ"

" အင်း . . . အဲဒီလိုပဲ ပြောရမှာပေ့ါကွယ်။ ဆရာကြီးဦးဖေမောင်တင်ကို ဆက်ခံတဲ့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေက ကဗျာကို စကားပြေထက်ပိုပြီး အားသန်ကြတယ်လေ။ စကားပြေသင်ကြားရေး ကို အာရုံပြုသင့်သလောက် မပြုကြဘူး။ ဒီတော့ စကားပြေသင်ကြားရေးဟာ အကြောင်းအရာအားပြု သင်တဲ့ဘက်ကို ပြန်ဆုတ်သွားတာပေ့ါကွယ်။

" ဝမ်းနည်းစရာပဲနော် ဆရာ"

" အေး. . . ဝမ်းနည်းစရာပါပဲ။ ဒါက ကျောင်းတွေနဲ့ တက္ကသိုလ်မှာ စကားပြေလေ့လာတဲ့ အခြေအနေလေ။ အဲ . . . ပြင်ပစာပေလောကမှာတော့ စကားပြေကို အလေးထားတဲ့ အသံတွေပေါ်လာတယ်။ ထင်ရှားတဲ့ဆရာတစ်ယောက်ကတော့ ဆရာကြီး ပီမိုးနင်းပါပဲ"

" ဟုတ်ကဲ့ပါ ။ ဆရာကြီး ပီမိုးနင်းရဲ့စာတွေ သမီးတို့ တော်တော်ဖတ်ဖူးပါတယ်ဆရာ။ အတွေးအခေါ်ရော အရေးအသားရော သိပ်ကောင်းတဲ့စာတွေပါ"

"ဟုတ်ပါတယ်။ ဆရာကြီး ပီမိုးနင်းဟာ ခေတ်မီရုံမက ခေတ်ရှေ့ပြေးနေတဲ့ ဆရာကြီးပါ။ စကားပြေအရေးကြီးတဲ့အကြောင်း ဆရာကြီးကောင်းကောင်း သတိမူမိတာပေ့ါ။ ဆရာကြီးက "ငွေကလောင်ကျမ်း'ဆိုတဲ့ စာရေးနည်း လမ်းညွှန်စာအုပ်တစ်အုပ်ရေးတယ်။ အဲဒီထဲမှာ အရေးအသားလမ်းညွှန်ချက်တွေပါတယ်။ ဆရာကြီးရဲ့ အဆိုအမိန့်တစ်ခုက စာရေးတယ်ဆိုတာဟာ ' စိတ်ကိုရေးတဲ့ အတတ်'ပဲတဲ့ ။ဒါတွေကတော့ ယေဘုယျလမ်းညွှန်တာတွေပေ့ါ"

" ဟုတ်ကဲ့ပါ"

" စကားပြေအရေးအသားကျစ်လျစ်ဖို့၊ လိုရင်းရောက်ဖို့လည်း ဆရာကြီးအားထုတ်တယ်။ အဲဒီခေတ်က ဝတ္ထုတွေမှာ ဇာတ်လမ်းမစခင် တောတွေဖွဲ့ တောင်တွေဖွဲ့ သိုင်းဝိုင်းနေတာမျိုးကို ဆရာကြီး သဘောမကျဘူး။ တခြားစာရေးဆရာတွေက "ဒေါင်းမင်းစကြာ သူရိယာ ဖန်နေဝန်းကြီးသည် အရှေ့ပြဗ္ဗာ ဝိဒေဟာမှ ပေါ်ထွန်းထွက်ပြူလာလေပြီ" ဆိုတာမျိုး သိုင်းသိုင်းဝိုင်းဝိုင်းရေးနေချိန်မှာ ဆရာကြီးက တိုတိုနဲ့ လိုရင်းရေးပြီး သူ့ဝတ္ထုကိုဖွင့်တယ်။ 'နေထွက်ပြီ' တဲ့"

"ဟာ. . . ကောင်းလိုက်တာ၊ လိုရင်းပဲနော်"

"ဆရာကြီးတို့ခေတ်မှာ 'မီးရထားလမ်းသွယ်တန်းဖောက်လုပ်သည်' လို့ ရေးတာမျိုးကို ဆရာကြီးက ထောက်ပြတယ်။ 'မီးရထားလမ်းဖောက်သည်' လို့ ရေးရင် အဓိပ္ပာယ် ပြည့်စုံနေတာကို ဘာဖြစ်လို့ စကားတံရှည်နေရတာလဲဆိုတာမျိုးပေ့ါ"

"ဟုတ်တယ်နော်"

"ပြီးတော့ ဆရာကြီးတို့ခေတ်က သတင်းစာဂျာနယ်တွေမှာ 'ဝမ်းစာလု' တို့ 'ငို့ဘသမား-'၊ 'ငါ့ဖို့သမား'လို့ နိုင်ငံရေးသမား အတ္တသမားတွေကို သရော်တဲ့ စကားပေ့ါ၊ အဲဒီစကားတွေ ခဏခဏသုံးတော့ ဆရာကြီးက အဲဒီစကားမျိုးတွေကို 'တုံးနေသောစကားများ' လို့ နာမည်ပေးတယ်။ 'အဲဒီစကားတွေဟာ အရောင်အသွေး မထွက်တော့ဘူး'တဲ့၊ 'ခဏခဏသုံးလို့ တုံးနေပြီ' တဲ့၊ အဲဒီစကားတွေ ကိုယ့်အထဲထည့်သုံးရင် ကိုယ့်စာပါ တုံးသွားမယ်' တဲ့၊ အဲဒီလို သတိပေးတယ်"

"သိပ်ထိမိတာပဲနော်"

"ဒါ. . . စကားပြေအရေးအသားနဲ့ ပတ်သက်တဲ့ ဆရာကြီးရဲ့ သုံးသပ်ချက်တွေပေ့ါ။ ဒါပေမယ့် သိပ်တော့ အားမကောင်းသေးဘူးလေ။ စကားပြေကို အဲဒီလို ထောက်ပြ ဆွေးနွေးတာမျိုး နည်းပါတယ်။ အဲ. . . သားတို့ သမီးတို့သိတဲ့ ခေတ်စမ်းပုံပြင်တို့၊ ခေတ်စမ်းကဗျာတို့ပေါ်လာပြီးတဲ့နောက်မှာတော့ ခေတ်စမ်းပုံပြင်အရေးအသားကို အကြောင်းပြုပြီး စကားပြေအရေးအသားကို လေ့လာသုံးသပ်တာမျိုးတွေ တွေ့လာရတယ်"

"ဟုတ်ကဲ့ပါ။ အများကြီးကျေးဇူးတင်ပါတယ် ဆရာ။ နောက်တစ်ကြိမ် သမီးတို့ လာပါရစေ။ အခုတော့ နားလိုက်ပါဦး ဆရာ"

## တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား U-16 ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်

**တီးတိန် ဇူလိုင် ၂၃**

၂၀၁၅ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲ ဆုချီးမြှင့်သော ချင်းပြည်နယ် တီးတိန်မြို့စကော့လမ်းရပ်ကွက်၊ ကမ်းဟောက်အားကစားကွင်း၌ ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့သည်။



အဆိုပါဆုချီးမြှင့်ပွဲတွင် အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ၌ လမ်ဇန်အသင်းက ပထမ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တတိယဆုနှင့် တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ၌ စကော့လမ်း အသင်းက ပထမ၊ အထက(ခွဲ) အသင်းက ဒုတိယဆုတို့ ရရှိခဲ့ကြသည်။

U-16 ဘောလုံးနောက်ဆုံး ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသော လွယ်ဘွားလ် အသင်းအား တစ်ဦးချင်းလည်ဆွဲပြား၊ ဆုဖလားနှင့် ငွေသားဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်က ဆုချီးမြှင့်ပေးပြီး ဒုတိယဆုရရှိသော စကော့လမ်း အသင်းအား ဆုဖလားနှင့်ငွေသားဆုများကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအယ်လ်ပဲန်လောမ်က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်နေပြည်သူများ ရေဖူလုံစွာရရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ငွေလုံးငွေရင်းဖြင့် ရွှေလောင်းကျေးရွာ ရွာမရပ်ကွက်တွင် စက်ရေတွင်း တူးဖော်နေမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်အဖွဲ့ လိုက်လံကြီးကြပ်ဆောင်ရွက်စဉ်။

မြင့်ဦး(ဝါးခယ်မ)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မူလပြဋ္ဌာန်းချက်များအတိုင်း ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းစကားရပ်အတိုင်းထားရှိသင့်ကြောင်း ဆုံးဖြတ်

နေပြည်တော် ဇူလိုင် ၂၃

**ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် အစီအစဉ် ၁၄ ခုဖြင့် ကျင်းပသည်။** (ယာပုံ)




အစည်းအဝေးတွင် တောင်သာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ကွယ်လွန်ခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်က မှတ်တမ်းတင်ပြီး ဝမ်းနည်းခြင်းအဖြစ် နှစ်မိနစ်ခန့် ငြိမ်သက်၍မတ်တတ်ရပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပြန်လည်ပေးပို့လာသော **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း၊ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ရှေးဟောင်း အဆောက်အအုံများကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**တို့အား လွှတ်တော်မှ လက်ခံရရှိကြောင်း တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော **၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့် လုပ်ငန်း ၁၀ ခုကို** မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် **ပြည်ထောင်စုရွေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုရွေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် ပါတီတစ်ခုခု၏ ပါတီဝင်ဖြစ်နေပါက ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟုသာ ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်အရ ၎င်းတို့သည် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပါတီလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားပြီး ပါတီဝင်အဖြစ်က နုတ်ထွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် ပါတီဝင်အဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း၊ ပါတီဝင်အဖြစ် ဆက်လက်တည်ရှိနေမည့် ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ **ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း** စကားရပ်အစား **ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း**ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်မည်ဆိုပါက ၎င်းတို့၏ ပါတီစည်းရုံးရေး လုပ်ငန်းများကို ကန့်သတ်ရာရောက်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မူလပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည့် **ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း** ဆိုသည့် စကားရပ်အတိုင်း ထားရှိသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် ယင်းပြင်ဆင်သည့်ဥပဒေကြမ်းများအား ပယ်ဖျက်ကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို လွှတ်တော်သို့ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက အစီရင်ခံစာ တင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါကြောင်း။

ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ အကြောင်းအရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဆက်စပ်သုံးသပ်ကြည့်မည်ဆိုပါက ယခု ဥပဒေပြဋ္ဌာန်းချက်၏ အကျိုးဆက်အဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်သူများလိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ထိခိုက်နိုင်ပါကြောင်း၊ ထို့ပြင် နိုင်ငံရေးပါတီ တစ်ပါတီနှင့်တစ်ပါတီအကြား၊ လူမျိုးစု တစ်စုနှင့် တစ်စု အကြား အချင်းချင်း အားပြိုင်ခြင်းနှင့် ရန်ပြုမှု၊ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ပြည်သူများအကြား မလိုအပ်သည့် အထင်အမြင်လွဲမှားမှုနှင့် သံသယစိတ်များ ဖြစ်ပေါ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် လွှတ်တော်များအတွက် အလုပ်ပိုပြီး အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများကို ထိခိုက်စေကာ ပြည်သူ့ဘဏ္ဍာကို ပိုမိုသုံးစွဲလာရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အရည်အချင်းပျက်ယွင်း၍ ကိုယ်စားလှယ်တာဝန်က ပြန်လည်ရုပ်သိမ်းသင့်သည်ဆိုပါက ဖြစ်စဉ်အပေါ် အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် တည်ဆဲဥပဒေများက အရေးယူဆောင်ရွက်နိုင်သည့် အခြေအနေရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကထားဦးတည်ဆောင်ရွက်ကြရမည့် အချိန်ကာလတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား အဟန့်အတားဖြစ်စေမည့် ကိစ္စရပ်များကို တတ်နိုင်သမျှရှောင်ကြဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဆောင်ရွက်ဆဲဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ထွက်ပေါ်လာသည့် အစီရင်ခံစာကို လွှတ်တော်သို့ ထပ်မံတင်ပြသွားရန်နှင့် ယင်းအစီရင်ခံစာအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားရေးရာကိစ္စရပ်များဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ရက် ၈၀ ပြည့်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍတွင် ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာ စိုးမိုးအောင်နှင့် လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဘီးလင်း မဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၏ **"တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့်စပ်လျဉ်းပြီး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ **"တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ"**တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များဖြစ်သော တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဖွဲ့စည်းအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် စနစ်တကျဖြစ်စေရန် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်နေစဉ်ကာလအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ ဖွဲ့စည်းအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက သက်ဆိုင်ရာ တိုင်းဒေသကြီး

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဆုံးရှုံးသွားခဲ့သော တောင်သူများ၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် မြေလွတ် မြေရိုင်းများအတွက် ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်များတွင် လျော်ကြေးငွေများ ခွဲဝေပေးအပ်သွားမည်

**နေပြည်တော် ဇူလိုင် ၂၃**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ယခင်မြန်မာနိုင်ငံတွင်ရှိသော လူမျိုးများဟု သတ်မှတ်ထားသော လူမျိုး၊ လူမျိုးစုအမည်များတွင် ပါဝင်ခြင်းမရှိသော လူမျိုးစုကိစ္စကို နိုင်ငံတော်မှ မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုးနှင့် မျိုးနွယ်စု ၁၃၅ မျိုး ကွဲလွဲမှုများရှိနိုင်၍ လူမျိုးအမှန်ကို ပြင်ဆင်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းတွင် လူမျိုးစာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ လူမျိုးအမည်ရွေးချယ်ခြင်းသည် တိုင်းရင်းသားတို့၏ ရပိုင်ခွင့်နှင့် ကိုယ်ပိုင်အခွင့်အရေးဖြစ်သဖြင့် လူမျိုးနှင့်ပတ်သက်သောမေးခွန်းအား ဖြေဆိုသူ၏ စိတ်ဆန္ဒအရ ပြောဆိုခွင့်ရှိခြင်းကြောင့် ဖြေဆိုသူမှ ပြောကြားသည့်အတိုင်း ရေးသွင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ လူမျိုးအမည်အသစ်ကို ဖြေဆိုပါက အလိုလိုစာရင်းဝင်သွားမည်ဖြစ်ပြီး မဖြေပါက အလိုလိုပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူရရှိမှု အပေါ်မူတည်၍ လူမျိုးစာရင်းများအား အသေးစိတ်ပြုစုပြီးပါက လူမျိုး ၁၃၅ မျိုးမှ ဆက်လက်ပါရှိလာမည့် လူမျိုး၊ လူမျိုးစုများ၊ တိုးပွားလာသည့် လူမျိုး၊ လူမျိုးစုများ၊ ပျောက်ကွယ်သွားသည့် လူမျိုး၊ လူမျိုးစုများ၏ စာရင်းကြမ်း ရရှိလာမည်ဖြစ်ပါကြောင်း၊ ယင်းစာရင်းကြမ်းအား သက်ဆိုင်ရာလူမျိုးစုကိုယ်စားလှယ်များ အပါအဝင် လိုအပ်သည့် ဆက်စပ်သောအဖွဲ့အစည်းများနှင့် အကျေအလည် ထပ်မံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းနောက်ရရှိလာသော အဖြေများပေါ်မူတည်၍ အထက်အဆင့်ဆင့်သို့တင်ပြ၍ ထုတ်ပြန်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး၏ **ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်မှ လမ်းမြေအဖြစ် အသုံးပြုခဲ့သော ဥယျာဉ်ခြံမြေများနှင့် လယ်ယာမြေများအတွက် နစ်နာကြေးပေးလျော်ရန်မည်သို့သော အကြောင်းကြောင့် ကြန့်ကြာနေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အုတ်တွင်းမြို့နယ်ရှိ လမ်းနယ် ပေ ၄၀၀ အတွင်း

*စာမျက်နှာ ၁၀ ကော်လံ ၃ သို့*

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇူလိုင်  ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

❀ ***ရှေ့ဖုံးမှ***

လာရောက်ရင်း ရန်ဖြစ်ခဲ့သူ အောင်အောင်က ဆက်ပြောသည်။

ပြည်သူများ အပန်းဖြေနိုင်ရန်ရည်ရွယ်ကာ ၁၉၈၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၏ အစိတ်အပိုင်းတစ်ခုတွင် ယင်းမြင်ကွင်းများကို နေ့စဉ်နီးပါးမြင်တွေ့ရမည်ဖြစ်ပြီး အများသူငါ ရုံးပိတ်ရက်များတွင်မူ မောင်နှင့်နှမ၊ သားနှင့်အမိ အမြင်မတင့်တယ်စွာ "ဝါးတားပါတီ ရေပါတီ" ဆင်နွှဲနေကြပုံမှာ ပြည်သူများနှင့်သက်ဆိုင်သည့် ပန်းခြံတစ်ခုဟုပင် မထင်နိုင်စရာဖြစ်နေကြောင်း လာရောက်သူတစ်ဦးက မှတ်ချက်ပြုသည်။

"ကျွန်တော့်ကို မှတ်ချက်ပေးခိုင်းရင်တော့ တစ်ခွန်းတည်းပဲ။ ဒီနေရာက ပျက်စီးနေပြီ။ ကျွန်တော်အခုခဏတပ်ပုံရိုက်ထားတယ်။ အဖြူအစိမ်းဝတ် ကျောင်းသားလေးတွေဝင်လာတာ။ ဒီမှာတားမယ့်သူမရှိဘူး။ အလစ်သုတ်သူတွေအများကြီးရှိသလို အရက်သေစာသောက်စားသူတွေရဲ့ အပျော်ကြူးမှုတွေက တစ်နေ့တခြားဆိုးရွားလာနေတယ်ဗျာ" ဟု ပန်းခြံတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးက နေ့စဉ်နီးပါးမြင်တွေ့နေရသည့် မြင်ကွင်းကို ပြောသည်။

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်သည် မြေဧက ၁၃၅ ဒသမ ၇ ဧက ကျယ်ဝန်းပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကကုမ္ပဏီသုံးခုတို့က မြေနေရာများခွဲဝေကာ စီမံခန့်ခွဲပြီး အများပြည်သူများ အပန်းဖြေနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

"**အစိုးရသစ်မတက်မီ မြို့တော်ဝန် ဦးအောင်သိန်းလင်း လက်ထက်က စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်လောက်မှာ စတင်ငှားရမ်းဖို့ ကတိကဝတ်တွေထားခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ စာချုပ်ချုပ်ခဲ့တာပါ။ ပထမစာချုပ်အရ မြေအားလုံးကို ငှားရမ်းထားခဲ့ပေမယ့် ကော်မတီသစ်လက်ထက်မှာ စိစစ်ရေးအဖွဲ့ကိုပြန်ဖွဲ့ပြီး ၅၀ ဒသမ ၇၉ ဧကကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြန်လည်ရယူထားပါတယ်။** ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်နေတဲ့အပိုင်းမှာတော့ ဝင်ကြေးအခမဲ့အပြင် အများပြည်သူများ အပန်းဖြေနေရာတွေကို စနစ်တကျဆောင်ရွက်ပါတယ်။ ကျန်တဲ့အပိုင်းကိုတော့ ကုမ္ပဏီတွေကို ၂၅ နှစ်စာချုပ်တွေနဲ့ အသီးသီးချုပ်ဆိုငှားရမ်းထားပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဌာနမှူး ဦးကိုကိုလင်းက ပြောကြားသည်။

ရေလွှာလျှောနှင့် ရေပန်း၊ ရေကူးကန်များသည် ပန်းခြံတစ်ခုလုံး၏ ၃ ဒသမ ၁၃ ဧက အကျယ်အဝန်းပေါ်တွင် တည်ဆောက်ထားပြီး ရွှေတိုင်းရွှေပြည်ကုမ္ပဏီက ယခင်မြို့တော်ဝန်များလက်ထက်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားခြင်းဖြစ်ကာ နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် စာချုပ်သစ် ပြန်လည်ချုပ်ဆိုထားသော လုပ်ငန်းတစ်ခုဖြစ်သည်။

"စာချုပ်သက်တမ်းက ယခင်မြို့တော်ဝန်လက်ထက် ၂၀၀၉ ခုနှစ် ဧပြီလမှာ စတင်ခဲ့တာဆိုပေမယ့် နောက်ဆုံးပြန်လည်ချုပ်ဆိုတာက ၂၀၁၄ ခုနှစ် ဧပြီလမှာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ရေလွှာလျှောလုပ်ငန်း လုပ်ကိုင်ခွင့်ကို ၂၀၃၈ ခုနှစ် မတ်လကုန်အထိ လုပ်ပိုင်ခွင့်ရထားပါတယ်။ ငါးနှစ်တစ်ကြိမ် ကျွန်တော်တို့နဲ့ စာချုပ်ပြန်ချုပ်ပြီး ငှားရမ်းခနဲ့ အခြားစည်းမျဉ်း၊ စည်းကမ်းတွေ ချမှတ်ညှိနှိုင်းပါတယ်။ လက်ရှိ ငှားရမ်းခကတော့ တစ်နှစ်ကို ငွေကျပ် ၁၅၄ သိန်းကျော်ဖြစ်ပါတယ်" ဟု ဌာနမှူးက ရှင်းပြသည်။

သို့ရာတွင် လာရောက်သူများနှင့် ဝင်ကြေးကောက်ခံသူများ၏ သုံးသပ်ချက်နှင့် မျက်မြင်အနေအထားအရ တစ်နေ့လျှင် ပျမ်းမျှလူဦးရေ ၁၀၀၀ မှ ၅၀၀၀ အကြား ဝင်ရောက်နေသည်ကို တွေ့ရှိရသည်။ တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၁၀၀၀ ကောက်ခံမှုအနေအထားအရ ရေလွှာလျှော၏ တစ်ရက်ဝင်ငွေသည် အနိမ့်ဆုံး ငွေကျပ် ၁၀ သိန်းခန့်၊ တစ်လအနိမ့်ဆုံးဝင်ငွေ ကျပ်သိန်း ၃၀၀ ခန့်၊ တစ်နှစ်ဝင်ငွေမှာ ဝင်ကြေးတစ်ခုတည်းမှ ကျပ်သိန်းပေါင်း သုံးထောင့်ခြောက်ရာနှင့်အထက် ရရှိနိုင်မည်ဟု ခန့်မှန်းတွက်ချက်နိုင်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ယခုနှစ် ဇူလိုင် ၁၅ ရက် ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ပန်းခြံများအတွင်းရှိ စားသောက်ဆိုင်များအားလုံးတွင် အရက်သေစာရောင်းချခွင့်လိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားပေးပါရန် ညှိနှိုင်းစာပေးပို့ထားပြီးဖြစ်ကြောင်း သိရှိရသော်လည်း ပြည်သူ့ဥယျာဉ်ပန်းခြံများအတွင်းရှိ စားသောက်ဆိုင်များတွင် အရက်၊ ဘီယာများ ဆက်လက်ရောင်းချနေဆဲဖြစ်သည်ကို ဇူလိုင် ၂၂ ရက်အထိ တွေ့ရှိရသည်။

ထို့အပြင် ရေလွှာလျှောလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသူက အရက်နှင့်ဘီယာ ရောင်းချခွင့်လုပ်ငန်းလိုင်စင်နှစ်ခုရရှိထားရာ လိုင်စင်ဖြင့် ဆက်လက်ရောင်းချနိုင်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အရေးယူခွင့်မရှိသော်လည်း ခွင့်ပြုထားခြင်းလုံးဝမရှိကြောင်း ဌာနမှူးက ဖြေကြားသည်။

ထို့ပြင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း မြေဧက ၇၆ ဒသမ ၃၆ ဧကတွင် အဆင့်မြင့်ပန်းခြံနှင့် ကစားကွင်းလုပ်ကိုင်ခွင့်ကို အစိုးရသစ်လက်ထက် ပြန်လည်ညှိနှိုင်းမှုများအရ Natural World ကုမ္ပဏီက လုပ်ကိုင်လျက်ရှိပြီး ယခင်က သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစားများကိုသာ လုပ်ကိုင်ခွင့်ပြုစေလျက်ရှိကြောင်း ဌာနမှူး ဦးကိုကိုလင်းထံမှ သိရသည်။

"အရင်ကာလက မူလစာချုပ်ပါ အချက်အလက်အတိုင်း လုပ်ကိုင်ခွင့်တွေကို စိစစ်ခွင့်ပြုပါတယ်။ အသစ်ထပ်မံပြီး အဆောက်အအုံတည်ဆောက်တာအပါအဝင် တိုးချဲ့တာတွေကို လုံးဝခွင့်မပြုထားပါဘူး။ ကော်မတီသစ်လက်ထက်မှာ မူလက ဈေးဝယ်စင်တာ သုံးခုတည်ဆောက်ဖွင့်လှစ်ဖို့လျာထားပေမယ့် ခွင့်မပြုတဲ့အပြင် အခုဖွင့်လှစ်ထားနိုင်တဲ့ Myanmar Culture Valley ကိုလည်း မူလက ပေ (၃၀၀ × ၁၀၀) အဆောက်အအုံ သုံးထပ်အစား၊ မြေအောက်ထပ်နဲ့ ပထမထပ်ပဲပါတဲ့ အဆောက်အအုံအဖြစ်သာ ခွင့်ပြုပေးခဲ့ပါတယ်။ စီမံကိန်းမှာပါတဲ့ အခြားဈေးဝယ်စင်တာနှစ်ခု ထပ်မံတည်ဆောက်ခွင့်ကို တားမြစ်ထားပြီးဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကုမ္ပဏီမှာ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ မြေနေရာအားလုံးကို ရယူငှားရမ်းရန် ၂၀၀၈ ခုနှစ်ကတည်းက ပြင်ဆင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ကော်မတီဆုံးဖြတ်ချက်ဖြင့် ၂၀၂၉ ခုနှစ်အထိ လုပ်ပိုင်ခွင့်ရရှိခဲ့သူဖြစ်သည်။ သို့သော် အစိုးရသစ်လက်ထက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဗိုလ်ရှုရင်ပြင်ကွင်းနှင့် တောင်ဘက်မြေနေရာများအပါအဝင် ပန်းခြံအတွင်းရှိ မြေနေရာအချို့ဖြစ်သော မြေ ၅၀ ဒသမ ၇၉ ဧကကို ပြန်လည်ရယူခဲ့သဖြင့် ပန်းခြံတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်းကို လုပ်ပိုင်ခွင့်ရရှိထားသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

"ဒီမှာက ကစားနည်းတွေ အများကြီးရှိတယ်။ အလကားရတာတော့မရှိသလောက်ပါပဲ။ အဆင့်မြင့်ရုပ်ရှင်ကြီးတွေ၊ ကောင်းကင်ရထားတွေ၊ ရိုလာကိုစတာတွေ၊ ပန်းကန်ပြားပျံယာဉ်တွေ၊ တိုက်ကားတွေစတဲ့ ကစားနည်းတွေရှိပေမယ့် လူတစ်ယောက်ကို ငွေကျပ် ၁၀၀၀ အနည်းဆုံးကုန်ကျပါတယ်။ တချို့ဟာတွေဆို ဈေးပိုမြင့်တယ်။ ကလေးတွေအလကားဆော့ဖို့ နေရာလုပ်ပေးထားပေမယ့် နည်းနည်းလေးပဲရှိတာပါ။ အခမဲ့ရေကူးကန်ရှိပေမယ့် ရေမသန့်ဘူး။ အရက်ဘီယာရောင်းတဲ့ဆိုင်တွေကတော့ အများကြီးရှိတယ်။ လက်ညှိုးထိုးမလွဲဘူး။ ပန်းခြံက ကျယ်လို့သာတော်တော့တယ်။ နောက်ထပ်ဆိုင်ခန်းတွေ ထပ်ချဲ့မယ်ဆိုရင်တော့ နေရာအခက်အခဲရှိပြီ" ဟု လာရောက်လည်ပတ်သူတစ်ဦးက ပြောကြားသည်။

ပန်းခြံသို့ ဝင်ရောက်ခွင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀ နှင့် ကားပါကင်ကြေး ငွေကျပ် ၃၀၀ ကောက်ခံလျက်ရှိပြီး တစ်နေ့လျှင် အနည်းဆုံး ပျမ်းမျှလူဦးရေ ၅၀၀၀ ခန့် ဝင်ရောက်လျက်ရှိရာ ဝင်ကြေးတစ်ခုတည်းနှင့်ပင် ဝင်ငွေရရှိမှုမှာ ငွေကျပ် ၁၅ သိန်းကျော်ရရှိကြောင်း ခန့်မှန်းရသဖြင့် အနိမ့်ဆုံးတစ်နှစ်ဝင်ငွေမှာ ငွေကျပ် သိန်း ၅၄၀၀ ခန့်ကို ဝင်ကြေးတစ်ခုတည်းနှင့်ပင်ရရှိနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ထောက်ပြသည်။

"Natural World က အရက်ဘီယာ မရောင်းချပါဘူး။ သူတို့အနေနဲ့ စာချုပ်ပါစည်းမျဉ်းအတိုင်း ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ မကြာမီမှာ ကစားနည်း ခုနစ်မျိုးတိုးမြှင့်ဖို့အတွက် ကျွန်တော်တို့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နေပါတယ်။ ဝင်ကြေးကိုတော့ စာချုပ်သက်တမ်းသစ်မှာ ပြန်လည်ညှိနှိုင်းသွားဖို့ရှိသလို နှစ်အလိုက်လည်း မြေနေရာငှားရမ်းခကို တိုးမြှင့်နေတာဖြစ်ပါတယ်။ ပြည်သူတွေအဆင့်မြင့်ကစားနည်းတွေကို အမြဲခံစားနိုင်စေဖို့ ကျွန်တော်တို့ကလည်း မျှော်လင့်သလို ပြင်ပလုပ်ငန်းဖြစ်တဲ့အလျောက် သူ့ရဲ့အကျိုးစီးပွားကိုလည်း သူလုပ်ဆောင်တာတွေတော့ရှိပါတယ်။

***စာမျက်နှာ ၉ ကော်လံ ၁ သို့***



ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိ ရေကူးကန်နှင့် ရေလွှာလျှောစီး အပန်းဖြေနေရာသို့ လာရောက်ကြသည့် လူငယ်များ ပုံစံအမျိုးမျိုးဖြင့် အပန်းဖြေနေသည်ကို တွေ့ရစဉ်။

# လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၃

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းနှင့် ဇနီး၊ မြန်မာ နိုင်ငံဆိုင်ရာ လာအိုနိုင်ငံ စစ်သံမှူးနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ဧည့်သည်တော် လာအိုနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီ တော်သို့ ရောက်ရှိကြပြီး ဧည့်သည်တော် ဒုတိယသမ္မတက စေတီတော် ဧည့်သည်တော်



လာအိုနိုင်ငံဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ဇနီးတို့အား ချက်ထရီယမ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့က ကြိုဆိုကြစဉ်။



ရွှေတိဂုံစေတီတော်ရှိ ကျောက်စိမ်းဆင်းတုတော်အား လာအိုနိုင်ငံဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ဇနီးတို့ ဖူးမြော်ကြည်ညိုကြစဉ်။

မှတ်တမ်း၌ လက်မှတ်ရေးထိုးကာ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဧည့်သည်တော် လာအိုနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့က ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

---

*စာမျက်နှာ ၈ မှ*

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့တော့ စာချုပ်ပါစည်းမျဉ်း၊ စည်းကမ်း ချက်တွေအတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော့် အထင်ပြောရရင် သူတို့ငှားရမ်းထားတဲ့မြေရဲ့ ၅၀ ရာခိုင်နှုန်းကိုသာ အဆင့်မြင့်ကစားကွင်းတွေ၊ စားသောက်ဆိုင်တွေအဖြစ် အသုံးပြုပြီး အမြဲစိမ်းလန်းမြေအဖြစ် ၅၀ ရာခိုင်နှုန်းလောက် ကျန်တယ်လို့ ထင်ပါတယ်" ဟု ဦးကိုကိုလင်းက ဆိုသော်လည်း အခမဲ့အပန်းဖြေရာနေရာအများစုတွင် အမျိုးမျိုးသောကစားနည်းများမှာ ငွေကြေးဖြင့် ဝယ်ယူအပန်းဖြေရခြင်းနှင့် စားသောက်နိုင်ခြင်းတို့ကို ဦးစားပေးသည့်အရာများသာ ပိုမိုများပြားလျက်ရှိကြောင်း မြင်တွေ့ရသည်။

အဆိုပါ Natural World ကုမ္ပဏီမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ မြေငှားရမ်းခြင်းအတွက် တစ်နှစ်လျှင် ငွေကျပ် ၃၂၂ သိန်းခန့်ကို ပေးချေထားပြီး စတင်စာချုပ်ချုပ်ဆိုစဉ်က တစ်နှစ်အတွက် ငွေကျပ် သိန်း ၃၀၀ သတ်မှတ်ထားရာမှ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်သည်ဟု စာချုပ်ပါအတိုင်း သတ်မှတ်ကာ တိုးမြှင့်သတ်မှတ်သည့်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၃၂၂ သိန်းအထိ မြင့်တက်လာခဲ့ကြောင်း ဦးကိုကိုလင်းက ပြောကြားသည်။

ဦးကိုကိုလင်း၏ ပြောကြားချက်အရ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ပန်းခြံတွင် လုပ်ကိုင်ခွင့်ရရှိထားသူများ အနက် Natural World နှင့် Happy Zone တို့မှာ အရက်နှင့် ဘီယာရောင်းချခြင်းမရှိဟု သိရှိရသော်လည်း လက်တွေ့တွင် ယင်းတို့လုပ်ငန်းပိုင် မြေဧကများပေါ်ရှိ စားသောက်ဆိုင်များနှင့် စတိုးဆိုင်ငယ်များတွင် အရက် ဘီယာရောင်းချလျက်ရှိနေသည်ကို မြင်တွေ့ရသည်။

"တေးသွားအလိုက်လှုပ်ရှားမှု ရေပန်း၊ မြန်မာ့ရိုးရာ အစားအစာနဲ့ တိုင်းရင်းသားရိုးရာအစားအစာဆိုင်၊ စားသောက်ဆိုင်တွေနဲ့ Food Count ၁၈ ယူနစ်တွေ၊ အလှပြင်ခန်းမတွေ၊ တိုင်းရင်းသားရွာ၊ ကလေးကစားကွင်း၊ ဂိမ်းကစားကွင်းတွေနဲ့ ပန်းဥယျာဉ်လုပ်ခွင့်တွေအားလုံး စာချုပ်ပါအတိုင်းခွင့်ပြုထားပြီး စာချုပ်ပါအချက်အလက်အရ ၂၃ ခု ပါဝင်ပါတယ်။ လက်ရှိမှာ ၁၂ ခု ပြီးစီးသွားပြီး ဆောင်ရွက်ဆဲ ကိုးခုကျန်ရှိနေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် Natural World ငှားရမ်းထားသည့် မြေနေရာတွင် တည်ဆောက်ထားသော Myanmar Culture Valley တွင် မြန်မာမှု၊ မြန်မာ့ဟန်နှင့် မြန်မာ့ပန်းဆယ်မျိုးကဲ့သို့သော ယဉ်ကျေးမှု၊ အနုသုခုမဆိုင်များနှင့်အပြိုင် စားသောက်ဆိုင်ခန်းများက နေရာယူထားသည်ကိုလည်း လာရောက်သူများက ဝေဖန်လျက်ရှိသည်ကို မြင်တွေ့ရသည်။

"ရွှေတိဂုံစေတီတော်ကြီးရဲ့ အနောက်ဘက်မုခ်က ဆင်းလာတဲ့အခါ အရင်ဆုံးတွေ့ရတဲ့ အဆောက်အအုံကြီးတစ်ခုဖြစ်တာကြောင့် နာမည်နဲ့အညီ မြန်မာ့ယဉ်ကျေးမှုတွေ ယခုထက်ပိုပြီး ပြသနိုင်ဖို့လိုအပ်ပါတယ်။ နိုင်ငံခြားသားအများစု မျက်စိကျစရာ နေရာတစ်ခုဖြစ်နေတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ပန်းချီပြခန်းဖွင့်လိုပေမယ့် ဆိုင်ခန်းဈေးနှုန်းတွေက အလွန်များနေတယ်။ တစ်ပေပတ်လည်ကို ငွေကျပ် ၁၆၅၀ ဝန်းကျင် ကောက်ခံနေပြီး အနည်းဆုံး ပေ ၅၀ ပတ်လည်အထိ ငှားရမ်းရတာဆိုတော့ ငှားရမ်းခတွေက အမှန်တကယ်ရောင်းချလိုတဲ့ဆိုင်တွေအားလုံးကို လွှမ်းခြုံနိုင်မှုတော့မရှိသေးဘူး။ အခွန်အခ အနေနဲ့တော့ ဆိုင်းဘုတ်ခွန်ပဲပေးဖို့ လိုသေးတယ်။ ကျန်တာတွေက ဒီနေ့အထိတော့ မပေးရသေးဘူးလို့ သိရတယ်" ဟု ပန်းချီဆရာ မြတ်ပိုးအိမ်က တွက်ချက်ပြသည်။

အဆိုပါ လုပ်ငန်းများအပြင် Happy World ခေတ်မီကစားကွင်းနှင့် အပန်းဖြေနေရာများအတွက် မြေငါးဧကကျော်ကိုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တစ်နှစ်လျှင် ၁၈၆ သိန်းဝန်းကျင်ဖြင့် ၂၅ နှစ်စာချုပ် ချုပ်ဆိုကာ ငါးနှစ်တစ်ကြိမ် ပြင်ဆင်ချုပ်ဆိုလျက်ထားရှိကြောင်း သိရသည်။

ရန်ကုန်မြို့သည် လူနေထူထပ်ပြီး အိမ်ခြံမြေဈေးနှုန်းများသည်လည်း အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာမြင့်မားနေသည့် ယခုအချိန်တွင် အများနှင့်သက်ဆိုင်သော ပန်းခြံများနှင့် အားကစားကွင်းများကို ပြင်ပအနီးအနားတွင် သက်ရောက်နေသည့် ဈေးနှုန်းနှင့် အဆမတန်နည်းပါးသည့် နှုန်းထားကိုအသုံးပြုကာ ငှားရမ်းအသုံးပြုခွင့်ရနေခြင်းသည် ပြည်သူများအတွက် နစ်နာစေနိုင်ကြောင်း အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းမိုးသူက သုံးသပ်ပြောကြားသည်။

မွန်းကျပ်သော ရန်ကုန်မြို့ပြလူတန်းစားများအတွက် နိုင်ငံတကာအဆင့်မီပန်းခြံများ လိုအပ်မှုသည်လည်း လူဦးရေတိုးနှုန်းနှင့်အတူ မြင့်တက်လာလျက်ရှိသည်။ ရှိရင်းစွဲ ငှားရမ်းထားသည့် လုပ်ငန်းများကို စနစ်တကျ စိစစ်ကာ ပိုမိုတိုးတက်ကောင်းမွန်ပြီး ပြည်သူများ ငွေကြေးကုန်ကျမှုအနည်းဆုံးဖြင့် အပန်းဖြေ၊ အနားယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရန်မှာ အားလုံးတွင် တာဝန်ရှိပြီး ပြည်သူများအနေဖြင့်လည်း အများနှင့်သက်ဆိုင်သည့် နေရာများကို စနစ်တကျစည်းကမ်းရှိစွာ အသုံးပြုခြင်းဖြင့် အစိမ်းရောင်မြို့ပြပတ်ဝန်းကျင်ကို အကောင်းဆုံး ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင် ဦးခင်မောင်ဝင်းက ပြောကြားသည်။

"စီမံကိန်းကလုပ်နေပြီး အရင်ကလုပ်တာ အခုလုပ်တာဆိုတာတွေကတော့ ပြောနေကြမှာပဲ။ ငါးနှစ်သက်တမ်းရှိတဲ့ အစိုးရအနေနဲ့ အရာအားလုံးကို ငါးနှစ်နဲ့ ဖြတ်ချလို့မှမရတာ။ အဓိကက ဘယ်သူ့လက်ထက်မှာဖြစ်ဖြစ် ပြည်သူ့အတွက်ကို အရင်ဆုံးစဉ်းစားကြည့်ရမှာပါ။ **ရန်ကုန်မှာ အများနဲ့သက်ဆိုင်တဲ့ပန်းခြံတွေကို အဆင့်မြှင့်ပေးနေတာတွေကို တွေ့ရတယ်။ ဆယ်ကျော်သက်သမီးပျိုတွေ မသွားရဲတဲ့ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်ဟာ အခုအချိန်မှာ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ တွေ့ဆုံရာ အိုအေစစ်ကမ္ဘာလေးဖြစ်လာသလို သခင်မြပန်းခြံဆိုရင်လည်း မြက်ခင်းတွေဟာ နင်းရက်စရာမရှိအောင် ခံ့ညားကောင်းမွန်လာတာကို တွေ့ရပါတယ်။** တစ်ဖက်မှာလည်း လုပ်ငန်းရှင်တွေကို လုပ်ကိုင်ခွင့်တွေပေးထားပြီး အဆင့်မြှင့်တင်တာတွေကိုလည်း မကန့်ကွက်ချင်ပါဘူး။ တရားမျှတဖို့၊ မှန်ကန်ဖို့နဲ့ ပြည်သူကို အဓိကထားစဉ်းစားပေးဖို့တော့ လိုအပ်ပါတယ်။ အားလုံးနဲ့သက်ဆိုင်တဲ့ ပြည်သူ့ဥယျာဉ်၊ ပြည်သူ့ရင်ပြင်ဖြစ်လာမှ ပြည်သူတွေ လွတ်လပ်စွာ ပျော်ပါးနိုင်တော့မှာပါ။ ကုမ္ပဏီသုံးခုတင်မကဘူး My Garden တို့၊ ယမုံနာတို့လိုဆိုင်တွေဟာလည်း ပန်းခြံပိုင်မြေတွေထဲမှာ ရှိပါတယ်။ ပြည်သူအားလုံးနဲ့ဆိုင်တဲ့ မြေတွေပေါ်မှာ လုပ်ငန်းရှင်တွေရဲ့ အမြတ်အစွန်းတွေဟာ အခုလိုခေတ်အခါမှာ လူတိုင်းတွက်ကြည့်ရင်သိပါတယ်။ လုပ်ငန်းရှင်တွေလည်း အမြတ်အစွန်းတွေရကြပါစေ၊ ပြည်သူတွေလည်း အများပိုင်မြေမှာ နိုင်ငံတကာက အများပိုင်မြေနေရာတွေရဲ့ ရပိုင်ခွင့်အတိုင်း ရကြမယ်ဆိုရင် အကောင်းဆုံးပါ" ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးခင်မောင်ဝင်းက ပြောကြားသည်။ ။




ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ငှားရမ်းထားသည့်မြေနေရာတွင် တည်ဆောက်ထားသော အဆောက်အအုံအဝင်မျက်နှာစာကို တွေ့ရစဉ်။


သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။


ဘီးလင်း မဲဆန္ဒနယ်မှ ဒေါက်တာ စိုးမိုးအောင် မေးမြန်းစဉ်။

*ပြည်သူ့လွှတ်တော်မှ*

သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ သဘောတူညီမှုဖြင့် တင်ပြလာပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လောက်ကိုင် မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၏ **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့် ရှိ၊ မရှိ ပြည်ထောင်စုအစိုးရမှ ဦးရေမည်မျှထိ ဖွဲ့စည်းခွင့်ပြုနိုင်မည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဦးစီးအဖွဲ့ဝင်များ ရွေးချယ်ဖြည့်စွက် ခန့်ထားခြင်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၇၆ (ဇ) ပုဒ်မခွဲငယ်(၂)ပါ "ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ၁၀ ဦး မပြည့်သေးပါက အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ ဦး ပြည့်စေရန် ဖြည့်စွက်ခန့်ထားရမည်" ဆိုသည့် ပြဋ္ဌာန်းချက်အရ ၁၀ ဦးထက် ကျော်လွန်သော ဦးရေကို ဖြည့်စွက်ခန့်ထားနိုင်ခြင်းမရှိဟု သုံးသပ်ရပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဖွဲ့စည်းရာတွင် ဦးစီးအဖွဲ့၏ အဖွဲ့ဝင်ဦးရေကို တိုးချဲ့ဖွဲ့စည်းခွင့်မရှိပါကြောင်း၊ ဥပဒေက သတ်မှတ်သည့်ဦးရေကို ပြည်ထောင်စုအစိုးရက ဦးရေမည်မျှအထိ ဖွဲ့စည်းရမည်ဟု သတ်မှတ်ပေးနိုင်မည်မဟုတ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော **"မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ"**နှင့် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော **"အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ"**ကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြသည်။

ယနေ့အစည်းအဝေးတွင်မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု လက်ခံရရှိမှုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် နည်းဥပဒေနှစ်ခုအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

ပါဝင်သွားသည့် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် မြေလွတ်မြေရိုင်း စုစုပေါင်းဧရိယာမှာ ၁၀၃၉ ဒသမ ၂၈ ဧကဖြစ်ပါကြောင်း၊ မြေအမျိုးအစားအလိုက် အုတ်တွင်းမြို့နယ်အတွင်းရှိ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် မြေလွတ် မြေရိုင်းများအား တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဆုံးရှုံးသွားခဲ့သော တောင်သူများ၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် မြေလွတ် မြေရိုင်း စုစုပေါင်း ၁၀၃၉ ဒသမ ၂၈ ဧကအတွက် လျော်ကြေးငွေကျပ် ၁၅၅၈ ဒသမ ၉၂ သန်းအား ယခု ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်များတွင် မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများနှင့်အတူ လျော်ကြေးငွေများကို ခွဲဝေပေးအပ်သွားမည်


ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။

ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း**တို့နှင့်စပ်


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမင်းဦး မေးမြန်းစဉ်။

လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က **အခြေခံပညာရေးဥပဒေကြမ်းနှင့် နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်း**တို့ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယနေ့အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် ပြည်သူ့အင်အားကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြားကြပြီး ဥပဒေကြမ်းနှစ်ခုတင်သွင်းခြင်း ဥပဒေကြမ်းနှစ်ခုအား လွှတ်တော်တွင်ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့်အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ကောလင်း ဇူလိုင် ၂၃**

အနောက်မြောက်တိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်သည် ကသာခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး ကြီးလှစိန်၊ ကောလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်မြင့်တို့နှင့်အတူ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီမိနစ် ၂၀ က ကောလင်းမြို့နယ် ချောင်းနားကျေးရွာ ဘောလုံးကွင်းသို့ရောက်ရှိလာပြီး ချောင်းနားတိုက်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် မာမားခေါက်ဆွဲခြောက်အထုပ် ၁၈၀ ပါ ၁၀ ဖာ၊ ဆန် ၂၄ ပြည်ပါ အိတ် ၃၀၊ ငါးသေတ္တာဘူး ၁၀၀ ပါ ဖာ ၃၀ တို့ကို သွားရောက်ပေးအပ်လှူဒါန်းခဲ့သည်။

**ဦးရဲ(ကသာ)**

# ရန်ကုန်ဘူတာကြီးဧရိယာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် သင့်တော်သည့်ကုမ္ပဏီမရှိ မကြာမီ တင်ဒါပြန်လည်ခေါ်ယူဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၂၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရန်ကုန်ဘူတာကြီးဧရိယာနယ်မြေ ၆၃ ဒသမ ၆၂၂ ဧကပေါ်၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်း ပြည်ပမှ ကုမ္ပဏီအဖွဲ့အစည်းများအား တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ ကုမ္ပဏီအဖွဲ့အစည်း ၃၄ ဖွဲ့က တင်ပြခဲ့ပြီး ၂၈ ဖွဲ့အောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၈ ဖွဲ့အနက် ကုမ္ပဏီအဖွဲ့အစည်း ကိုးဖွဲ့က တင်ဒါအဆိုပြုလွှာပုံစံများ ဝယ်ယူခဲ့ပြီး တင်ဒါပိတ်သည့် ဇန်နဝါရီ ၆ ရက်တွင် ကုမ္ပဏီအဖွဲ့အစည်းသုံးဖွဲ့က တင်ဒါအဆိုပြုလွှာများ တင်ပြခဲ့သည်။

ထိုအဆိုပြုလွှာများကို စိစစ်ခဲ့ရာ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသည့်အတွက် ရန်ကုန်ဘူတာကြီးဧရိယာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်သင့်တော်သည့် ကုမ္ပဏီမရှိသဖြင့် တင်ဒါအောင်မြင်သူမရှိကြောင်းနှင့် မကြာမီ Retender ပြန်လည်ခေါ်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ပုလဲရောင်းချပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာ့ပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် ပုလဲအတွဲပေါင်း ၁၁၄ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပုလဲအတွဲ ၁၁၄ တွဲမှာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ပုလဲအတွဲ ၁၀၅ တွဲ၊ မြန်မာ အတ္တလန်တစ်ကုမ္ပဏီမှ ပုလဲအတွဲ ရှစ်တွဲနှင့် အောင်ဇေဗျူကုမ္ပဏီမှ ပုလဲအတွဲတစ်တွဲတို့ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ပုလဲကုန်သည်များသည် ပုလဲအတွဲများကို လွတ်လပ်စွာကြည့်ရှုလေ့လာပြီး တင်ဒါပုံး အမှတ်-၁ အတွင်း ညနေ ၃ နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာများ ထည့်သွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူများကို ညနေ ၄ နာရီမှစတင်ကာ ကြေညာသွားမည်ဖြစ်သည်။

မြန်မာ့ပုလဲရောင်းချပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ပုလဲအတွဲ ၃၁၅ တွဲ၊ မြန်မာ အတ္တလန် တစ်ကုမ္ပဏီမှ ပုလဲအတွဲ ၂၂ တွဲနှင့် အောင်ဇေဗျူကုမ္ပဏီမှ ပုလဲအတွဲငါးတွဲတို့ကို ရောင်းချသွားမည်ဖြစ်ပြီး အဆိုပါရောင်းချပွဲသို့ ပြည်တွင်း ပုလဲကုန်သည်များအပြင် ဂျပန်၊ နော်ဝေ၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အိန္ဒိယ စသည့် နိုင်ငံများမှ ပုလဲကုန်သည်များလည်း လာရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတစ်ဝန်း မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ဇူလိုင် ၂၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၀၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၈၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၁၀၀၀၀ |
| ၁၀ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၄၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀ မှ ၈၅၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၈၀ မှ ၂၀၂၅ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၇၀၀ |
| ၁၄ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀ မှ ၇၀၀ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ မှ ၂၁၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၃၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၆၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီစည်းဝေး



**နေပြည်တော် ဇူလိုင် ၂၃**

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၁၅)ကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်အတိုင်း အခွင့်အရေး (၄) ရပ်နှင့် တာဝန်(၃) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံ လူမှုကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေး ကြေညာချက်နှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကြေညာချက်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားအဆင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက်ကိုလည်း သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် ပါဝင်သော ကလေးသူငယ်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အပါအဝင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်အုပ်စုများကိုလည်း သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး နည်းဥပဒေများကို မကြာခင် ဖြန့်ချိနိုင်တော့မည် ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီဝင် အားလုံးကလည်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေများထောက်ပံ့

**ဟသ်ာတ ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဇလွန်မြို့နယ်၌ ဟသ်ာတ-ဇလွန်ဆက်သွယ်ထားသော တောင်ပို့တစ်ရာ ကျေးရွာအုပ်စု ဝါသလပန်းတာ ရေတိုက်စားမှုကြောင့် အရေးပေါ်ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုများကို ကယ်ဆယ်ရေးအသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ကြေးများပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီက တောင်ပို့တစ်ရာအုပ်စု ဝါသလကျေးရွာ အမကစာသင်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇူလိုင် ၇ ရက် နံနက်ပိုင်းမှစတင်ကာ ဧရာဝတီမြစ်ရေတိုက်စား၍ ဟသ်ာတ-ဇလွန်၊ တာမိုင်(၁၈/၀) မှ (၁၈/၃+၃၀၀ ) အနီးပတ်ဝန်းကျင် ရေကာတာပဲ့ကျမှုကြောင့် ရေနစ်မြုပ်နိုင်၍ အရေးပေါ်ရွှေ့ပြောင်းခဲ့ရသော အိမ်ခြေ ၁၇၁ လုံးမှ အိမ်ထောင်စု ၁၇၁ စုအတွက် ငွေကျပ် ၈၅၅၀၀၀၊ တီရှပ် ၁၇၁ ထည်၊ ရေသန့် ၁၇၁ ကတ်၊ ဆန် ၁၂ တင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များအဖွဲ့ကလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၈၅၅၀၀၀၀၊ ဆန်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ဝါသလ၊ ငွေးတောက်ချောင်း၊ သရက်နှစ်ပင်၊ မေဒုံကျေးရွာများမှ ကမ်းပြိုပြောင်းရွှေ့ပြည်သူများက လက်ခံယူကြသည်။

**ကျော်ကျော်(ဟသ်ာတ)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၅ ရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်သူများစာရင်းထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု(ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၅)အတွက် **"၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ"**တွင် ထူးချွန်အောင်မြင်ခဲ့ကြသူများအနက်မှ "ဘက်စုံထူးချွန်သူ ၂၀ ဦး"အား ရွေးချယ်ပြီးလျှင် ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ်ရှစ်ရက်ကြာ လေ့လာရေးခရီးစဉ်အား စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိစေလွှတ်သွားမည်ဖြစ်ရာ၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှရရှိသော အမှတ်စာရင်းများအရ ဖော်ပြပါပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာတင်သွင်းခွင့်ရှိသူ ၉၈ ဦး၏အမည်စာရင်းအားထုတ်ပြန်၍ ဆက်သွယ်အကြောင်းကြားခဲ့ရာ ၉၂ ဦးထံမှ အဆိုပြုလွှာများကို လက်ခံရရှိခဲ့သည်။

လက်ခံရရှိထားသော အဆိုပြုလွှာများအား အသင်း၏ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် ပဏာမစိစစ်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူ ၆၆ ဦးအား လူတွေ့စစ်ဆေးရန်ခေါ်ယူ၍ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် လူတွေ့စစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။ အသင်း၏ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် အသင်း၏ချမှတ်ထားသော **"ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးအခြေခံမူများ"**နှင့် အညီ လူတွေ့စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အောက်ဖော်ပြပါ **"ဘက်စုံထူးချွန်သူ ၂၀ ဦး"**အား အတည်ပြုရွေးချယ်ခဲ့သည်။

**တိုင်းဒေသကြီး/ပြည်နယ်များအလိုက်**

| | | | |
|---|---|---|---|
| (၁) | မောင်ရဲရင့်အောင် | အထက(နန်းမား)မိုးညှင်း | ကချင်ပြည်နယ် |
| (၂) | မမော်သိုးမြာ | အထက(၁)၊လွိုင်ကော်မြို့ | ကယားပြည်နယ် |
| (၃) | မောင်ခွန်ဇင်ကိုနိုင် | အထက(၃)၊ဘားအံမြို့ | ကရင်ပြည်နယ် |
| (၄) | မောင်သျှန်းပုမ် | အထက(၂)၊ ဖလမ်းမြို့ | ချင်းပြည်နယ် |
| (၅) | မဝန်းရတီ | အထက(၁)၊ မုဒုံမြို့ | မွန်ပြည်နယ် |
| (၆) | မသဲနုစံ | အထက(၂)၊ စစ်တွေမြို့ | ရခိုင်ပြည်နယ် |
| (၇) | မနန်းဖွေးနွံ | ကမ္ဘောဇ(ကပက)၊ အောင်ပန်းမြို့ | ရှမ်းပြည်နယ် |
| (၈) | မရွှေရည်လင်းလတ် | အထက(၃)၊ ရွှေဘိုမြို့ | စစ်ကိုင်းတိုင်းဒေသကြီး |
| (၉) | မရွှေရည်ရတနာ | အထက(၁)၊ မြိတ်မြို့ | တနင်္သာရီတိုင်းဒေသကြီး |
| (၁၀) | မောင်ထက်လင်းအောင် | အထက(၃)၊ ပဲခူးမြို့ | ပဲခူးတိုင်းဒေသကြီး |
| (၁၁) | မဝင့်ဖူးဖူးအောင် | အထက(၁)၊ မကွေးမြို့ | မကွေးတိုင်းဒေသကြီး |
| (၁၂) | မသက်မြတ်နိုး | စီအေအီး(ကပက)၊ ချမ်းအေးသာစံ | မန္တလေးတိုင်းဒေသကြီး |
| (၁၃) | မဆုမွန် | အထက(၁)၊ ဒဂုံ | ရန်ကုန်တိုင်းဒေသကြီး |
| (၁၄) | မခင်သစ်ဆွေ | အထက(၁)၊ ဒေးဒရဲ | ဧရာဝတီတိုင်းဒေသကြီး |
| (၁၅) | မမေဆုမွန်ချို | စီအေအီး(ကပက)၊ ဥတ္တရသီရိ | နေပြည်တော် |

**သိပ္ပံဘာသာတွဲအမှတ်အများဆုံးမှ**

| | | | |
|---|---|---|---|
| (၁၆) | မသော်သော်ဟန် | အထက(၂)လသာ | ရန်ကုန်တိုင်းဒေသကြီး |
| (၁၇) | မသင်းနုံ့သာ | ချယ်ရီရိပ်(ကပက)ရွှေပြည်သာ | ရန်ကုန်တိုင်းဒေသကြီး |

**ဝိပ္ပံဘာသာတွဲအမှတ်အများဆုံးမှ**

| | | | |
|---|---|---|---|
| (၁၈) | မချိုသဲပိုက်ပိုက် | အထက(၅)၊ ကမာရွတ် | ရန်ကုန်တိုင်းဒေသကြီး |

**ဝိဇ္ဇာဘာသာတွဲအမှတ်အများဆုံးမှ**

| | | | |
|---|---|---|---|
| (၁၉) | မသင်းသင်းဖြိုး | အထက(အိမ်မဲကြီး)၊ အိမ်မဲ | ဧရာဝတီတိုင်းဒေသကြီး |
| (၂၀) | မဝေမာဦး | ပြင်ပဖြေ စေတုတ္တရာ | မကွေးတိုင်းဒေသကြီး |

အတည်ပြုရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် နိုင်ငံကူးလက်မှတ်ပြုလုပ်ရေး၊ ဂျပန်ပြည်ဝင်ဗီဇာလျှောက်ထားရေးကိစ္စများအတွက် မြန်မာ-ဂျပန်အသင်း၊ ရန်ကုန်မြို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ဖွဲ့စည်း စခန်းသွင်းလေ့ကျင့်ရန်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းရှိ ကမ္ဘောဇဘဏ်သင်တန်းကျောင်းသို့ ဩဂုတ်လ ၃၁ ရက် တနင်္လာနေ့ မွန်းတည့် ၁၂ နာရီအရောက် မပျက်မကွက်သတင်းပို့ကြရန် မြန်မာ-ဂျပန်အသင်းမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ် ၁/၂၀၁၅**

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် လစ်လပ်လျက်ရှိသော သားဖွားဆရာမရာထူး(လစာနှုန်း ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) နေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ကျေးလက်ကျန်းမာရေးဌာန |
|---|---|---|
| (က) | နေပြည်တော်ကောင်စီနယ်မြေ | ၁၈ |
| (ခ) | ကချင်ပြည်နယ် | ၆၀ |
| (ဂ) | ကယားပြည်နယ် | ၂၈ |
| (ဃ) | ကရင်ပြည်နယ် | ၆၀ |
| (င) | ချင်းပြည်နယ် | ၆၉ |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၉ |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး | ၄၇ |
| (ဇ) | ပဲခူးတိုင်းဒေသကြီး | ၁၈၁ |
| (ဈ) | မကွေးတိုင်းဒေသကြီး | ၁၇၉ |
| (ည) | မန္တလေးတိုင်းဒေသကြီး | ၁၅၃ |
| (ဋ) | မွန်ပြည်နယ် | ၆၆ |
| (ဌ) | ရခိုင်ပြည်နယ် | ၁၁၄ |
| (ဍ) | ရန်ကုန်တိုင်းဒေသကြီး | ၈၆ |
| (ဎ) | ရှမ်းပြည်နယ်(တောင်) | ၈၃ |
| (ဏ) | ရှမ်းပြည်နယ်(မြောက်) | ၇၉ |
| (တ) | ရှမ်းပြည်နယ်(အရှေ့) | ၃၀ |
| (ထ) | ဧရာဝတီတိုင်းဒေသကြီး | ၂၂၁ |
| | **စုစုပေါင်း** | **၁၆၈၄** |

၂။ **လျှောက်ထားသူသည်-**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ဘက်စုံသားဖွား(၁၈)လသင်တန်း (သို့မဟုတ်) ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းဆင်းအောင်လက်မှတ်ရရှိပြီးသူဖြစ်ရမည်၊

(ဂ) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီတွင် မှတ်ပုံတင်ထားပြီး သားဖွားယာယီလိုင်စင် ကိုင်ဆောင်ထားသူဖြစ်ရမည်၊

(ဃ) လျှောက်လွှာပိတ်သည့် (၁၄-၈-၂၀၁၅) ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(စ) ဦးစားပေးလျှောက်ထားလိုသည့် တိုင်းဒေသကြီး/ပြည်နယ်ကို (ပထမ၊ ဒုတိယ၊ တတိယ) ဖြင့် တိကျစွာလျှောက်ထားရမည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) ကိုယ်ရေးလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူပူးတွဲပြီး ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၁၄-၈-၂၀၁၅)ရက်နေ့ထက် နောက်မကျဘဲ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

(ခ) **လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည့် အချက်အလက်များ-**

(၁) သားဖွားအောင်လက်မှတ် (မိတ္တူမှန်)၊

(၂) သားဖွားယာယီလိုင်စင်(မိတ္တူ)၊ (အမည်/လိုင်စင်နံပါတ်ပါစာမျက်နှာနှင့် နောက်ဆုံးသက်တမ်းတိုးထားသည့် စာမျက်နှာ (၂)ရွက်သာပေးပို့ရန်)၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား **မိတ္တူ(၁)စောင်၊**

(၄) နိုင်ငံရေးနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၏ ထောက်ခံစာ**(မူရင်း)(၁)စောင်**၊

(၅) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း သက်ဆိုင်ရာ မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ **(မူရင်း) (၁)စောင်**၊

(၆) လျှောက်လွှာပုံစံတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ရန်။

၄။ ကြော်ငြာပါရာထူးအတွက် လျှောက်ထားသူဦးရေသည် လစ်လပ်ရာထူးအရေအတွက်ထက် လျော့နည်းနေလျှင်ဖြစ်စေ၊ တူညီနေလျှင်ဖြစ်စေ၊ ပိုမိုသည့်တိုင်အောင် ကွာခြားချက်များပြားခြင်းမရှိလျှင်ဖြစ်စေ လစ်လပ်ရာထူးများအတွက် လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်မည်ဖြစ်သည်။

၅။ လူတွေ့စစ်ဆေးမည့်နေ့ရက်အား (၂၀-၈-၂၀၁၅)ရက်နေ့မှစတင်၍ ဆောင်ရွက်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၆။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၁၁၅၂ နှင့် ၀၆၇-၄၃၁၀၇၄) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ရေကြီး၊ ရေလျှံခဲ့သည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ ရွှေဘိုခရိုင်နှင့် ကသာခရိုင်အတွင်းရှိ မြို့နယ်အချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့၌ ရေဝင်ရောက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများသည် ဇူလိုင် ၂၃ ရက်က အဆိုပါ ရေဝင်ရောက်သည့် မြို့ပေါ်နှင့် ရပ်ကွက်ကျေးရွာများရှိ သောက်သုံးရေကန်များအား အများပြည်သူ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ကလိုရင်းဆေးမှုန့်များ ခတ်ပေးခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေဝပ်ရေအိုင်များ၊ စည်ပိုင်းပြတ်၊ နို့ဆီဘူးခွံ အစရှိသည့် ပိုးလောက်လမ်း ခိုအောင်းနိုင်သည့် နေရာများတွင် ပိုးလောက်လမ်း မပေါက်ပွားစေရန်နှိမ်နင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ရေများဝင်ရောက်သည့် ရပ်ကွက်နှင့် ကျေးရွာများတွင် သွေးလွန်တုပ်ကွေးနှင့် ဝမ်းရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကျေးရွာများရှိ ကယ်ဆယ်ရေးစခန်း အရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာများမှ ပြည်သူများအား ကယ်ဆယ်ပြောင်းရွှေ့ပေးလျက်ရှိ

**မြင်းမူ ဇူလိုင် ၂၃**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မူးမြစ်ရေဝင်ရောက်ခဲ့သည့် မြင်းမူမြို့နယ် ကျေးရွာအချို့အား ကယ်ဆယ်ရေးနှင့် ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မူးမြစ်ရေ ဝင်ရောက်ခဲ့သည့် မြင်းမူမြို့နယ် သပြေသာကျေးရွာကို မြင်းမူမြို့နယ်မှ ပျော့ကျေးရွာနှင့် စစ်ကိုင်းမြို့နယ်မှ ပေါက်ကားကျေးရွာ၊ ညောင်ပင်ဝန်းကျေးရွာများသို့ လည်းကောင်း၊ မေဂျာကျေးရွာမှ ပြည်သူများအား ညောင်မြစ်ကျေးရွာ၏ တောင်ဘက်ရှိ ကုန်းမြင့်သို့လည်းကောင်း၊ ပုံညာကျေးရွာမှ ပြည်သူများအား မကျီးကန်ကျေးရွာ ဘုန်တော်ကြီးကျောင်းသို့လည်းကောင်း ပြောင်းရွှေ့ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါမူးမြစ်ရေ ဝင်ရောက်သည့် ကျေးရွာများမှ ကျွဲ၊ နွားတိရစ္ဆာန်များကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ ဒေသခံများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမှတ်(၇၂) သံချပ်ကာစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြတ်သုခလူမှုကူညီရေး အသင်းဝင်များက စက်လှေများဖြင့် ပြောင်းရွှေ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဓာတ်ပုံ-ဖိုးခါး(ပြန်/ဆက်)**

# မိုးရွာသွန်းမှုကြောင့် မဲချောင်းကူးတံတားနိမ့်ကျသွား

**ဂန့်ဂေါ ဇူလိုင် ၂၃**

ဂန့်ဂေါမြို့နယ်တွင် မိုးများသည်းထန်စွာရွာသွန်းသဖြင့် ဂန့်ဂေါ-ပုလဲ-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၀၁/၃) အနီး မဲချောင်းပေါ်ရှိ မဲရွာအဝင် အကျယ် ၁၂ ပေ၊ အရှည်ပေ ၈၀ ရှိ တံတားအမှတ် - ၁/၁၀၂ ဘေလီတံတားသည် မဲချောင်းရေကျဆင်းလာသဖြင့် ဇူလိုင် ၂၃ ရက်တွင် မူလအနေအထားမှ တစ်ပေငါးလက်မခန့် နိမ့်ဆင်းသွားသည်။

ထိုသို့တံတားနိမ့်ဆင်းသွားသဖြင့် ယာဉ်ငယ်များ၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်သော်လည်း ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိသဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် စက်ယန္တရားများအသုံးပြုကာ လမ်းလွှဲဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**(၁၀၁)**

# မြဝတီမြို့၌ မော်တော်ယာဉ်လိုင်စင် အတုပြုလုပ်သူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၂၃**

မော်တော်ယာဉ်လိုင်စင် အတုပြုလုပ်နေကြောင်း သတင်းအရ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၂) ရပ်ကွက်နေ ဦးကျော်ကျော်နိုင် (၄၉ နှစ်)၏နေအိမ်အား မြဝတီခရိုင်ရဲတပ်ဖွဲ့ဝင်များကရှာဖွေရာ အဆိုပါနေအိမ်၌ မော်တော်ယာဉ်လိုင်စင် ပြုလုပ်ရာတွင်အသုံးပြုသော စာရွက်စာတမ်းများ၊ ခဲလော့(ခ်) ဘုတုံးများ၊ ခဲခြစ်ရာတွင် အသုံးပြုသော စာရွက်ဖြတ်ပိုင်းများ၊ မော်တော်ယာဉ်မျိုးစုံကို ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံများနှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့သည်။

မော်တော်ယာဉ်လိုင်စင် ပြုလုပ်ရာတွင်အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိသူ ဦးကျော်ကျော်နိုင်အား မြဝတီမြို့မရဲစခန်း အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယာဉ်မဆင်မခြင် မောင်းသူကြောင့် လမ်းဖြတ်ကူးသူသေဆုံး

**တံတားဦး ဇူလိုင် ၂၃**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မြို့မရဲစခန်းမှ ရဲအုပ်လှအောင်သည် ယနေ့နံနက်ပိုင်းက တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် တံတားဦးမြို့ဆေးရုံ၌ဒဏ်ရာများဖြင့် အမျိုးသမီးတစ်ဦး ရောက်ရှိနေကြောင်း သိရသဖြင့် သွားရောက်စုံစမ်းရာ တံတားဦးမြို့ အမှတ်(၃)ရပ်ကွက် တစီးရှင်ရပ်နေသူ ဒေါ်ကုလားမ(ခ) ဒေါ်မြိုင်ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တံတားဦး-မြို့သာကားလမ်း မိုင်တိုင်အမှတ် (၅၀၇/၂) နှင့် (၅၀၇/၃) အကြား တံတားဦးမြို့ ဆံကုန်းရပ်နေ ဆေးသုတ်လုပ်ငန်း လုပ်ကိုင်သူ ဆက်နိုင်ထွန်း(၂၀ နှစ်) အရှေ့မှအနောက်သို့ မောင်းနှင်လာသော ဆိုင်ကယ်သည် တောင်မှမြောက်သို့ ခြေကျင်လမ်းဖြတ်ကူးသူ ဒေါ်ကုလားမအား ပွတ်တိုက်မိကာ ဒဏ်ရာများရရှိပြီး တံတားဦးမြို့ဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။

**ရဲတင့်**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန**
**(ယခင်မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)အကြွေးပေးသွင်းရန်ပျက်ကွက်သည့်လုပ်ငန်းရှင်များသို့**
**အသိပေးကြေညာခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ် ရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိရာ ဦးစန်းဝင်း၊ ဦးစောသိန်း၊ ဦးမင်းဇော်ဦး၊ ဦးမြင့်ကျော်၊ ဦးမင်းသိမ်း(အိမ်မဲ)၊ ဦးတင်နွယ်၊ ဦးလွင်ရှိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဝင်း(ဦးဗိုလ်ဝင်း)၊ ဦးလှဝင်း(ပန်းတနော်)၊ ဦးအောင်ဖုန်းမြင့်၊ ဦးခင်မောင်သန်းတို့ လုပ်ငန်းရှင်(၁၂)ဦးမှာ အကြွေးအပြေအကျေပေးသွင်းပြီးဖြစ်၍ အမှုပိတ်သိမ်းရေး ဆောင်ရွက်ပေးပြီး ဖြစ်ပါသည်။

၂။ အောက်ပါလိုက်ငန်းရှင်များသည် ၂၃-၇-၂၀၁၅ရက်အထိ ဖော်ပြပါအတိုင်း အကြွေးပေးသွင်းရန် ကျန်ရှိနေသည့်အတွက် အမြန်ဆုံးပေးသွင်းနိုင်ပါရန်နှင့် ကျန်ရှိသူများအား တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ကြွေးကျန်ငွေ(ကျပ်သန်း) |
|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းလင်း | ဦးကျော်ညိမ်း | ၁၂/တတန(နိုင်)၀၅၈၅၅၀ | ၂၀.၈၂၁ |
| ၂။ | ဦးတင်ကို | ဦးအုန်းစိန် | ၁၂/ထတပ(နိုင်)၀၄၄၁၁၆ | ၄၂.၆၉၉ |
| ၃။ | ဦးနိုင်နိုင် | ဦးစိုးဝင်း | ၁၂/တတန(နိုင်)၁၃၄၄၁၇ | ၄၅.၄၂၃ |
| ၄။ | ဦးစိုးသန်း | ဦးသန်းစိန် | ၁၂/တတန(နိုင်)၀၅၆၂၈၇ | ၃၄.၆၁၅ |
| ၅။ | ဦးကြည်ငွေး | ဦးဘီဘူဂါဒင် | ၁၂/တတန(နိုင်)၀၅၆၁၅၆ | ၁၄၆.၆၃၅ |
| ၆။ | ဦးတင်စိုး | ဦးအောင်စိန် | ၁၂/ထတပ(နိုင်)၀၄၃၈၀၈ | ၃၉၁.၃၉၆ |
| ၇။ | ဦးသိန်းငွေး | ဦးကျော်မြင့် | ၁၂/ဒဂတ(နိုင်)၀၂၂၃၇၉ | ၁၀၃.၈၈၇ |
| ၈။ | ဦးတင်မောင်စိုး | ဦးတင်အေး | ၁၄/ပတန(နိုင်)၁၀၇၉၄၉ | ၁၆၇.၃၉၂ |
| ၉။ | ဦးမင်းဆွေ | ဦးထွန်းငြိမ်း | ၁၂/သဃရ(နိုင်)၀၄၃၈၀၅ | ၈.၀၀၀ |
| ၁၀။ | ဦးစိုးတင့် | ဦးတော | ၁၂/အစန(နိုင်)၀၄၈၆၁၈ | ၅၂.၉၀၂ |
| ၁၁။ | ဦးသိန်းဝင်း | ဦးကနော်စန်း | ၁၂/သဃက(နိုင်)၁၃၈၀၂၄ | ၃၇.၅၆၇ |
| ၁၂။ | ဒေါ်သဇင်အေး | ဦးတင်ဝင်း | ၇/နတလ(နိုင်)၀၀၀၁၅၅ | ၃၅၇.၈၅၄ |
| ၁၃။ | ဦးကျော်မြင့်ဦး | ဦးဇော်ဝင်း | ၁၂/ဗဟတ(နိုင်)၁၀၀၅၈၄ | ၄၂.၅၉၀ |
| ၁၄။ | ဦးမြင့်စိုး | ဦးစံညိမ်း | ၁၂/ထတပ(နိုင်)၀၁၆၆၄၈ | ၁၃၇.၄၈၂ |
| ၁၅။ | ဦးရဲကိုကိုအောင် | ဦးခင်မောင်ကြည် | ၇/ပတန(နိုင်)၀၀၅၅၉၃ | ၂၇.၁၀၁ |
| ၁၆။ | ဦးကျော်စွာဝင်း | ဦးလှဆောင် | ၁၂/တတန(နိုင်)၀၁၆၅၄၆ | ၂၈.၅၁၆ |
| ၁၇။ | ဦးရဲထွန်းနိုင် | ဦးသန့်မောင် | ၅/စကန(နိုင်)၁၄၆၇၆၃ | ၃၃၂.၉၈၆ |
| ၁၈။ | ဦးကျော်စိန် | ဦးသန်းတင် | ၁၄/ပတန(နိုင်)၀၁၅၉၇၁ | ၁၅၃.၉၇၁ |
| ၁၉။ | ဦးကျော်ဝင်း | ဦးစံထွန်း | KYN-၁၀၈၀၈၂ | ၁၃၀.၀၇၄ |
| ၂၀။ | ဦးနေမင်းထက် | ဦးဝင်းမောင် | ၁၂/အစန(နိုင်)၀၄၈၆၁၈ | ၉၉.၆ |
| ၂၁။ | ဦးစံငြိမ်း | ဦးမြိုင် | ၁၂/တတန(နိုင်)၀၁၁၄၇၂ | ၂၀.၅၂၆ |
| ၂၂။ | ဦးမြင့်ဇော်အေး | ဦးအေး | ၁၂/တတန(နိုင်)၀၀၆၁၉၃ | ၂၅.၇၇၅ |
| ၂၃။ | ဒေါ်စန်းသီရိချို | ဦးသိန်းနိုင် | ၆/မမန(နိုင်)၁၁၇၂၅၈ | ၅၆.၃၆၂ |
| ၂၄။ | ဒေါ်သီတာအေး | ဦးဇော်ဝင်း | ၁၂/လမန(နိုင်)၅၀၁၇၉၁ | ၁၇.၂၆၅ |
| ၂၅။ | ဦးအောင်နိုင်ထွန်း | ဦးထွန်းရီ | ၁၂/လသန(နိုင်)၀၀၉၃၇၄ | ၁၇.၉၉၃ |
| ၂၆။ | ဦးစိုးမင်းထွန်း | ဦးတင်ထွန်း | ၁၂/တတန(နိုင်)၁၁၈၄၅၂ | ၁၀၁.၉၄၃ |
| ၂၇။ | ဦးစိန်သောင်းဦး | ဦးထွေးအောင် | ၁၂/တတန(နိုင်)၀၅၆၃၂၈ | ၁၁၀.၂၉၉ |
| ၂၈။ | ဦးဝင်းလှိုင် | ဦးလှကြည် | ၁၂/တတန(နိုင်)၀၇၄၈၉၃ | ၁၅၂.၀၀၆ |
| ၂၉။ | ဦးကျော်ကျော်နိုင် | ဦးညိမ်းဟန် | ၁၂/တတန(နိုင်)၀၁၀၆၇၈ | ၇၃.၉၈၁ |
| ၃၀။ | ဦးစန်းလှ | ဦးတင်ဝင်း | ၁၂/တတန(နိုင်)၀၃၈၁၁၃ | ၁၀၅.၈၄၂ |
| ၃၁။ | ဦးလှဝင်း(တွံတေး) | ဦးတလုပ် | ၁၂/တတန(နိုင်)၀၅၆၅၈၇ | ၆၂.၂၁၁ |
| ၃၂။ | ဦးလှအောင် | ဦးသာစယ် | ၁၂/ထတပ(နိုင်)၀၄၅၈၁၉ | ၁၅.၂၈၃ |
| ၃၃။ | ဒေါ်လေးလေးခိုင် | ဦးတင်ထွန်းဝင်း | ၁၂/အလန(နိုင်)၀၀၀၁၆၀ | ၄၀၆.၅၈၉ |

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်၊ ကုသရေးဦးစီးဌာန၊(၁၇)မြို့နယ် အတွင်းရှိ ခရိုင်ဆေးရုံများ၊ မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် လိုအပ်သောအခမဲ့ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၄-၇-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၄-၈-၂၀၁၅ရက်
ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၁၀၇၁၊ ၂၃၅၁၂**



# Miss Universe Grand Andaman 2015 ရွေးချယ်ပွဲကျင်းပမည်

**ကော့သောင်း ဇူလိုင် ၂၃**

ကော့သောင်းမြို့ သူဌေးကျွန်းပေါ်ရှိ ကြယ်ငါးပွင့်အဆင့် Grand Andaman Hotel ၌ Miss Universe Grand Andaman 2015 ရွေးချယ်ပွဲကို လာမည့်ဩဂုတ်လအတွင်း ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Grand Andaman Hotel (သူဌေးကျွန်း)၏ Grand Andaman Hotel Miss Universe Grand Andaman 2015 ဆုရှင်အဖြစ် ဇူလိုင် ၂၅ ရက်တွင် မြိတ်မြို့၌ ကျင်းပမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သုံးခရိုင်ဖြစ်သည့် ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်များမှ အလှမယ်ရွေးချယ်ပွဲ Miss Universe Myeik 2015 ပြိုင်ပွဲမှ Miss Universe Thanintharyi ဆု ဆွတ်ခူးရရှိမည့် အလှမယ်အပါအဝင် အလှမယ် ၂၀ ကို ဖိတ်ခေါ်၍ ကော့သောင်းမြို့ သူဌေးကျွန်းပေါ်ရှိ Grand Andaman Hotel မှ Miss Universe Grand Andaman 2015 ဆုရှင်တစ်ဦးကို ထပ်မံယှဉ်ပြိုင်စေ၍ နိုင်ငံတော်အဆင့် Miss Myanmar ပြိုင်ပွဲ အကဲဖြတ်အတွေ့အကြုံရှိဒိုင်အဖွဲ့များမှ စိစစ်အကဲဖြတ်ရွေးချယ်ကာ ထိုက်တန်စွာ ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွေးချယ်ပွဲကြီးကို မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေး၊ မြန်မာနိုင်ငံတောင်ပိုင်းဒေသများရှိ ပင်လယ်ကျွန်းစုများ၏ သဘာဝအလှအပများ၊ ကမ္ဘာတစ်ဝန်း ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စား လာရောက်လည်ပတ်ခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်လာရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ရာ မြန်မာနိုင်ငံအရပ်ရပ်နှင့် အိမ်နီးချင်းနိုင်ငံများမှ ခရီးသွားလုပ်ငန်း ကုမ္ပဏီများ၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ ပါဝင်တက်ရောက် ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(မြန်/ဆက်)**

# (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ အကောက်ခွန်မဲ့ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**မူဆယ် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အေးရှားဝေါလ်တိုးဂိတ်၌ ဇူလိုင် ၁၅ ရက်က လိုင်စင်ပါ TOYOTA HILUX (MDY 7I/------) ယာဉ်ကို ရပ်တန့်စစ်ဆေးရာ အကောက်ခွန်မဲ့ ကျောက်စိမ်းတုံး၊ အခြမ်း၊ အခဲအရွယ်စုံ၊ ရောင်စုံကို မူဆယ်မြို့ ဌာနဆိုင်ရာပေါင်းစုံရွေ့လျားလှုပ်ရှားအဖွဲ့တို့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါအကောက်ခွန်မဲ့ ပစ္စည်းများမှာ ကျောက်စိမ်းတုံး၊ ခဲ၊ ခြမ်းအရွယ်စုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇ သိန်းနှင့် လိုင်စင်ပါပိုင်ရှင်မဲ့ယာဉ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ကျောက်စိမ်းများကို မြန်မာ့ကျောက်မျက်ရတနာ ကုန်စည်ဒိုင်သို့ လည်းကောင်း၊ ယာဉ်ကို အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမိုး(မြန်/ဆက်)**



# သမီးကို တရုတ်နိုင်ငံသားထံ ဇနီးမယားအဖြစ် ရောင်းစားမှု တာဝန်သိပြည်သူတို့က ကြည့်မြင်တိုင်ရဲစခန်းသို့ တိုင်ကြား

**ရန်ကုန် ဇူလိုင် ၂၃**

ဇူလိုင် ၂၂ ရက် ည ၁၀ နာရီခန့်က ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက်၊ ကုက္ကိုလမ်းအမှတ် (၆/ခ) တွင် နေထိုင်သူ ဒေါ်စန်းထွေးသည် သမီးဖြစ်သူ မယုယုထွေး (၂၀နှစ်) ကို တရုတ်နိုင်ငံသားတစ်ဦးထံ ငွေကျပ် သိန်း ၃၀ ဖြင့် ဇနီးမယားအဖြစ် ရောင်းချခဲ့ကြောင်း ယင်းရပ်ကွက်နေ တာဝန်သိ ပြည်သူအချို့က ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ ဖုန်းဖြင့် တိုင်ကြားခဲ့သည်။

တိုင်ကြားချက်အရ တာဝန်မှူး ရဲအုပ် စိုးကျော်စွာနှင့်အဖွဲ့သည် ဒေါ်စန်းထွေးအား ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ ခေါ်ယူမေးမြန်းခဲ့သည်။

ဒေါ်စန်းထွေး၏ ထွက်ဆိုချက်အရ သမီးဖြစ်သူနှင့် လက်ထပ်မည့် တရုတ်နိုင်ငံသားမှာ ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက် အနောက်ရပ်ကွက် ကမ်းနားလမ်း အမှတ် (၂၃၂/၆)လွှာတွင် တည်းခိုနေထိုင်ကြောင်းသိရ၍ ယင်းနေရာသို့ သွားရောက်ရှာဖွေခဲ့ရာ မယုယုထွေးအား တွေ့ရှိခြင်းမရှိသော်လည်း ၎င်းနေအိမ်တွင် မလှလှမိုး၊ မအေးသန္တာ၊ မအေးအေးသန်းနှင့် တရုတ်နိုင်ငံသားများ ဖြစ်ကြသော JIANG DIAPFANG XU၊ GAOREN, SHAO HUA-SHENG တို့ကို တွေ့ရှိခဲ့၍ ရဲစခန်းသို့ ခေါ်ယူမေးမြန်းခဲ့သည်။

မေးမြန်းချက်အရ မယုယုထွေး တည်းခိုရာ လှိုင်မြို့နယ် ရွာမကွေ့အနီးရှိ Silver Moon Hotel သို့ ဆက်လက်ရှာဖွေခဲ့ရာ မယုယုထွေးအား ၎င်းနှင့် လက်ထပ်မည့် တရုတ်နိုင်ငံသား XU-ZHANGYU နှင့်အတူ တွေ့ရှိရ၍ ရဲစခန်းသို့ခေါ်ယူစိစစ်မှုများပြုလုပ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ရန်ကုန်) မှ ဒုတိယရဲမှူး မျိုးသိန်းနှင့်အဖွဲ့က လာရောက်စစ်ဆေးမှုများ ပြုခဲ့သည်။

ဆက်လက်စစ်ဆေးနိုင်ရန်အတွက် ယင်းနေ့မှာပင် တရုတ်နိုင်ငံသားလေးဦး၊ မြန်မာအမျိုးသားတစ်ဦး၊ မြန်မာအမျိုးသမီးကိုးဦးနှင့်အတူ စာရွက်စာတမ်းများကို ကြည့်မြင်တိုင်မြို့မရဲစခန်းမှ အဆိုပါလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ရဲစခန်းအနီးတွင် ရောက်ရှိနေသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က "အခုရောင်းစားခံရတဲ့ သမီးလေးက အိမ်မှာရှိတဲ့ အိမ်အကူမိန်းကလေးက လာပြောရာက သိခဲ့ရတာပါ။ သူတို့က ဒီကနေ့မနက် ထွက်သွားတော့မှာ။ သားသမီးချင်းကိုယ်ချင်းစာပြီး အချိန်မီအောင် ညကတစ်ညလုံး ရဲစခန်းကို သတင်းပေးခဲ့တာပါ"ဟု မီဒီယာများသို့ ရှင်းပြခဲ့သည်။

**ဘော်ဂါသွေး**

# ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နောင်ချို ဇူလိုင် ၂၃**

ရဲအုပ်ငြိမ်းချမ်းစိုး ဦးစီးသောတပ်ဖွဲ့များသည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်နေကြစဉ် ဇူလိုင် ၂၀ ရက်က ကျောက်မဲမြို့ဘက်မှ နောင်ချိုမြို့ဘက်သို့ မိုးမင်းအောင် မောင်းနှင်လာသော 2J / ---CTV အပြာရောင် ခရီးသည်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူမှုန့် အလေးချိန် ၁ ဒသမ ၅ ဂရမ်ခန့်ပါ တစ်ဘူး၊ အလေးချိန် ၆ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ပြား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၂၁ ရက် ညက လားရှိုးဘက်မှ မန္တလေးဘက်သို့ ထွန်းမြတ်မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ အဆိုပါ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ၊ မူးယစ်ဆေးဝါးရောင်းချပေးသူတို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**(ဝ၆၁)**


**The Republic of the Union of Myanmar**
**Yangon Region Government**
**Tender Evaluation and Selection Committee(DICTCS)**
**Invitation for Expression of Interest(EOI)**
**On**
**Design,Installation and Commissioning of Yangon Comprehensive Traffic Control System(DICTCS)**

1. Yangon Region Government,Hereby invites competent Local/Joint Venture of Local and Foreign Company(ies) for submission of EOI on Design, Installation and Commissioning of Comprehensive Traffic Control System(DICTCS)for Yangon City.
2. The scope of DICTCS includes,but not limited to,the following:
   (a) Traffic signal and Control System
   (b) Transmission Infrastructure
   (c) Command and Control Center including Building
   (d) Data Collection System
   (e) IP Video and Video Analysis
   (f) Public Information and Dissemination
   (g) Intelligent Transport and Public Surveillance
3. EOI to be submitted by interested Companies Shall include the following informaton:
   (a) Details and Status of Company(ies),detailed statment of the nationality of shareholder(s) and their holding(s)(%),evidence of Company Registration (Certified copy to be attached)
   (b) Company Profile(s)(in English)
   (c) Aggregate value of contracts executed by the Company(ies) over the last 3 years.
   (d) Experience of works in a nature similar to DICTCS. [If any,applied technologies and location(s)]
   (e) Names and qualification of senior management and technical personnel,engineers to be assigned by Company(ies)for DICTCS.
   (f) Information on any litigation in which the applicant(s) was involved during last 3 years and is involved at present including the names of the parties concerned and the amounts in dispute.
4. EOI in the form of hard copy and soft copy shall be delivered in person at Engineering Department (roads and Bridges)YCDC, not later than 1 pm(local time)on 7th August 2015(Friday).The EOI submitted later than the designated time and date will not be Considered.
5. The Companies which have been determined as qualified for DICTCS will be invited for purchase and submission of tender as early as possible after scrutiny of EOIs submitted.

**Tender Evaluation and Selection Committee(DICTCS)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (DICTCS)**
**Yangon Comprehensive Traffic Control System**
**ဒီဇိုင်းရေးဆွဲခြင်း၊ တပ်ဆင်ခြင်းနှင့်လည်ပတ်ခြင်းဆိုင်ရာ**
**စိတ်ပါဝင်စားမှုဖော်ပြချက် (EOI) ဖိတ်ခေါ်ခြင်း**

(၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ရန်ကုန်မြို့တော်တွင် ဒီဇိုင်းရေးဆွဲခြင်း၊ တပ်ဆင်ခြင်းနှင့် လည်ပတ်ခြင်းဆိုင်ရာ Yangon Comprehensive Traffic Control System (DICTCS) လုပ်ငန်းအတွက် အရည်အချင်းပြည့်စုံသော ပြည်တွင်း/ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများအား စိတ်ပါဝင်စားမှုဖော်ပြချက်အဆိုပြုလွှာ (EOI) တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(၂) DICTCS တွင် အောက်ပါတို့ပါဝင်ပါသည် (ကန့်သတ်ထားခြင်းမဟုတ်ပါ။)
   (က) Traffic Signal and Control System
   (ခ) Transmission Infrastucture
   (ဂ) Command and Control Center including building
   (ဃ) Data Collection System
   (င) IP Video and Video Analysis
   (စ) Public Information and Dissemination
   (ဆ) Intelligent Transport and Public Surveillance

(၃) စိတ်ပါဝင်စားသည့်ကုမ္ပဏီများတင်သွင်းသော EOI တွင် အောက်ဖော်ပြပါအချက်အလက်များ ဖော်ပြပါရှိရပါမည်-
   (က) ကုမ္ပဏီ(များ)၏ အဆင့်အခြေအနေနှင့် အသေးစိတ်အချက်အလက်များ၊ အစုရှယ်ယာဝင်များ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ အသေးစိတ်ဖော်ပြချက်များနှင့် ၎င်းတို့၏ ထည့်ဝင်ပိုင်ဆိုင်မှုရာခိုင်နှုန်း၊ ကုမ္ပဏီမှတ်ပုံတင်အထောက်အထား(မှတ်ပုံတင်မိတ္တူ ပူးတွဲတင်ပြရန်)
   (ခ) ကုမ္ပဏီ(များ)အကြောင်းအရာဖော်ပြချက်များ(အင်္ဂလိပ်ဘာသာဖြင့်)
   (ဂ) လွန်ခဲ့သောသုံးနှစ်အတွင်း ကုမ္ပဏီ(များ)မှချုပ်ဆိုခဲ့သော စာချုပ်များ၏ စုစုပေါင်းတန်ဖိုး
   (ဃ) DICTCS နှင့် အလားတူလုပ်ငန်းအတွေ့အကြုံ(ရှိခဲ့ပါကအသုံးပြုခဲ့သော နည်းပညာ၊ ဆောင်ရွက်ခဲ့သောဒေသ)
   (င) DICTCS အတွက် ကုမ္ပဏီ(များ)က တာဝန်ပေးအပ်မည့် အကြီးတန်းစီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာပုဂ္ဂိုလ်များ၊ အင်ဂျင်နီယာများ၏အမည်နှင့် အရည်အချင်း
   (စ) လွန်ခဲ့သောသုံးနှစ်အတွင်း လျှောက်ထားသူ(များ)မှ တရားအမှုအခင်းတွင် ပါဝင်ခဲ့မှု သတင်းအချက်အလက်များ၊ အမှုတွင် ပါဝင်ပတ်သက်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများအမည်နှင့် ငွေကြေးပမာဏ

(၄) EOI ကို အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် (ဒေသစံတော်ချိန်)ထက် နောက်မကျစေဘဲ Hard Copy and Soft Copy နှင့်အတူ လူကိုယ်တိုင် အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်၊ အချိန်ထက်နောက်ကျတင်သွင်းသော EOI များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၅) တင်သွင်းလာသော EOI များအားစိစစ်၍ DICTCS အတွက် အရည်အချင်းပြည့်မီသည်ဟု သတ်မှတ်ခြင်းခံရသည့်ကုမ္ပဏီများအား တင်ဒါဝယ်ယူတင်သွင်းနိုင်ရန် အမြန်ဆုံးဖိတ်ကြားခြင်းပြုပါမည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(DICTCS)**

**အမည်ဖြည့်စွက်ခေါ်ဆိုပါရန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့၊ ပဲခူးလမ်းနေ အဖ ဦးမင်းဆွေ၊ အမိ ဒေါ်စန်းစန်းမြင့်တို့၏သားဖြစ်သူ မောင်ဥက္ကာပိုင်(၇/ကဝန(နိုင်)၁၅၈၆၆၀)အား မောင်ဥက္ကာပိုင်(ခ)မောင်ရဲနိုင်ထွန်းဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

မောင်ဥက္ကာပိုင်(ခ)မောင်ရဲနိုင်ထွန်း

**ဖခင်အမည်မှန်**

အ. ထ. က(၁)သယ်န်းကျွန်း ဒသမတန်း (H) ၌ ပညာသင်ကြားနေသော မောင်ထွန်းဆောင်၏ ဖခင်အမည်မှန်မှာ မောင်ဆွေ(၁၃/ပလန(နိုင်)၀၀၅၃၃၁)ဖြစ်ပါသည်။

မောင်ဆွေ

# NCA စာချုပ်အား ပြန်လည်သုံးသပ်ရန် လော်ခီးလာမှ အဆိုပြုသည့် အချက် ၁၃ ချက်နှင့် ပတ်သက်သည့် နှစ်ဖက်သဘောထားအမြင်များ

သတင်း-ရဲခေါင်ညွှန့်
မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

**ရန်ကုန် ဇူလိုင် ၂၃**

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြှင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)တို့သည် ဒုတိယနေ့ ဆွေးနွေးပွဲအဖြစ် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) တွင် ဇူလိုင် ၂၃ ရက်က ရန်ကုန်မြို့ ရွှေလီလမ်းရှိ MPC ၌ ဆက်လက်ပြုလုပ်ခဲ့သည်။

နှစ်ဖက်အဖွဲ့များ၏ နှစ်ရက်တာ ဆွေးနွေးပွဲတွင် ၂၀၁၅ ဇွန်လတွင်းက ပြုလုပ်ခဲ့သည့် လော်ခီးလာ ညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ အဆိုပြုထားသည့် NCA မူကြမ်းအတွက် ပြန်လည်သုံးသပ်လိုသည့် အချက် ၁၃ ချက်ကို ဆွေးနွေးနိုင်ခဲ့သည်။ နှစ်ရက်တာ ကာလအတွင်း နှစ်ဖက်ခေါင်းဆောင်များ၏ ဆွေးနွေးချက် ရလဒ်များနှင့်ပတ်သက်ပြီး ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။



ဦးလှမောင်ရွှေ



ပူးဇင်ကျုံး



ဦးနိုင်ဟံသာ

**ဦးလှမောင်ရွှေ**
**MPC ၏ အထူးအကြံပေး**

တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်တွေ ဇွန်လတုန်းက လော်ခီးလာညီလာခံမှာ အဆိုပြုထားတဲ့ NCA မူကြမ်းအတွက် ပြန်လည်ပြီးတော့ သုံးသပ်ချင်တဲ့ အချက် ၁၃ ချက်စလုံးကို နှစ်ရက်တာ ဆွေးနွေးပွဲအပြီးမှာတော့ ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါပြီ။ ဆွေးနွေးခဲ့တဲ့ အချက် ၁၃ ချက်ထဲက ၁၀ ချက်ကတော့ စာချုပ်ချောပြီးသွားပြီဖြစ်တဲ့အတွက် သုံးချက်ပဲကျန်တယ်လို့ ပြောလို့ရတယ်။ အဲ့ဒီအချက်သုံးချက်မှာလည်း ကျန်တဲ့ နှစ်ချက်ကို နှစ်ဖက်ခေါင်းဆောင်များက ယာယီအားဖြင့်တော့ သဘောတူညီထားပြီ ဖြစ်ပါတယ်။ တစ်ချက်ကိုသာပဲ ကျွန်တော်တို့ ဆွေးနွေးဖို့ ကျန်ပါတယ်။ ဒါ့ကြောင့် အခုပြုလုပ်နေတဲ့ အစည်းအဝေး အစီအစဉ်ရဲ့ ပထမတစ်ခုဖြစ်တဲ့ NCA စာချုပ်မူကြမ်းကို ညှိနှိုင်းတာ သုံး၊ လေးရက်အတွင်းမှာပြီးနိုင်တယ်လို့ ပြောလို့ရပါတယ်။ ကျန်တဲ့ အစီအစဉ် သုံးခုကတော့ မနက်ဖြန် ညှိနှိုင်းမှုအပေါ်မှာပဲ မူတည်ပါတယ်။

ကျွန်တော်တို့ မနက်ဖြန်နံနက် ၉ နာရီမှာ တတိယနေ့အဖြစ် လက်ရှိခေါင်းဆောင်တွေဘက်က အဆိုပြုထားတဲ့ ဆွေးနွေးပွဲအစီအစဉ်မှာ ကျန်ရှိတဲ့ သုံးခုကို ဆက်ပြီးတော့ ဆွေးနွေးပါမယ်။ ကျန်ရှိတဲ့ ဆွေးနွေးပွဲ အစီအစဉ်တွေက နံပါတ်(၂)၊ (၃)၊ (၄) ပါ။ နံပါတ် (၂) က အစိုးရဘက်နဲ့ တိုင်းရင်းသားတွေဘက်က ဘယ်ခေါင်းဆောင်တွေ NCA စာချုပ်ကို လက်မှတ်ထိုးမလဲ။ နံပါတ် (၃) က နိုင်ငံတကာ သက်သေတွေအနေနဲ့ ဘယ်သူတွေကို ဖိတ်ကြားပြီး လက်မှတ်ထိုးမလဲ။ နံပါတ် (၄) ကတော့ အစိုးရဘက်က အဆိုပြုထားတဲ့ ၁၅ ဖွဲ့ကို စတင်လက်မှတ်ထိုးဖို့နဲ့ တိုင်းရင်းသားတွေဘက်က အဆိုပြုထားတဲ့ အားလုံးပါဝင်နိုင်ရေးကို ဆွေးနွေးပါမယ်။

> **အခု ပြုလုပ်နေတဲ့ အစည်းအဝေး အစီအစဉ်ရဲ့ ပထမတစ်ခုဖြစ်တဲ့ NCA စာချုပ်မူကြမ်းကို ညှိနှိုင်းတာ သုံး၊ လေးရက် အတွင်းမှာပြီးနိုင်**

**ပူးဇင်ကျုံး**
**အဆင့်မြှင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD)၏ ဒုတိယအဖွဲ့ ခေါင်းဆောင်(၂)**

ကျွန်တော်တို့ဆွေးနွေးနေတာက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ်(NCA) မူကြမ်းထဲမှာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) ကြားထဲမှာ ၁၇ လတာ ကာလအတွင်း သဘောတူထားခဲ့တဲ့ အချက်တွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒီအချက်ထဲမှာပါတဲ့ ဟာတွေကို လော်ခီးလာညီလာခံမှာ ဆက်ပြီး ဆွေးနွေးပါတယ်။ မူကြမ်းထဲမှာပါတဲ့ အချက်တွေထဲက ၁၃ ချက်ကို ပြင်ဆင်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချထားတာ ရှိပါတယ်။ ဒီ ၁၃ ချက်ကို နှစ်ရက်တာ ကာလအတွင်း ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ၁၀ ချက်ပြီးတယ်လို့ ယူဆလို့ရတယ်။ ကျန်တဲ့ သုံးချက်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်မှာရှိတဲ့ ခေါင်းဆောင်တွေကို မေးမြန်းမှာ ဖြစ်တယ်။ ဒါတွေကို အစည်းအဝေးခန်းမ၊ ဒါမှမဟုတ်ရင်လည်း UPWC ကို ပြန်တင်ပြမှာ ဖြစ်ပါတယ်။ ယေဘုယျတော့ အဲ့ဒီလောက် သဘောတူထားတယ်လို့ ပြောလို့ရပြီ။

မူကြမ်းထဲမှာက အဓိကကတော့ စာချောအောင်လုပ်တာပါ။ ပြင်ဆင်တာတွေ၊ ဖြည့်စွက်တာတွေ ကျွန်တော်တို့ မလုပ်ပါဘူး။ တချို့ကိစ္စတွေကိုတော့ ကျွန်တော်တို့ဆုံးဖြတ်ချက်အနေနဲ့ထားပါတယ်။ ဒီနေ့ သဘောတူ ဆွေးနွေးတဲ့ ၁၀ ချက်ထဲမှာ ဆုံးဖြတ်ချက်နဲ့ထားတာ ငါးချက်၊ ခြောက်ချက်လောက် ရှိပါတယ်။ မူကြမ်းမှာ စာချောလိုက်တာက လေးငါးချက်လို့ အကြမ်းဖျင်း ပြောလို့ရပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီနေ့ အစည်းအဝေးပွဲအပြီးမှာ အလွတ်သဘောအနေနဲ့ UPWC က ခေါင်းဆောင်များနဲ့ ဆွေးနွေးဖြစ်ပါတယ်။ အခုလက်ရှိမှာ ဖြစ်နေတဲ့ တိုက်ပွဲတွေက NCA လက်မှတ်မရေးထိုးနိုင်ခင်မှာ မဖြစ်သင့်ဘူးလို့ ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်ကတော့ တင်ပြထားပါတယ်။ UPWC ဘက်ကလည်း NCA လက်မှတ်မရေးထိုးနိုင်ခင်မှာ ဒီလိုအဖြစ်ပျက်မျိုးဖြစ်တာဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စမဟုတ်ဘူးလို့ ကျွန်တော်တို့ဆီကို အကြောင်းပြန်ကြားထားပါတယ်။ ဒါဟာဆိုရင် ဒီလိုဖြစ်တဲ့ကိစ္စတွေဟာ မဖြစ်သင့်ဘူးလို့ နှစ်ဖက်စလုံးက ယူဆတယ်ဆိုတာမျိုး ကျွန်တော်တို့ ကောက်ချက်ချလို့ ရပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တစ်ဖက်နဲ့ တစ်ဖက် တိုက်ပွဲဖြစ်နေလို့ရှိရင် စာချုပ်လက်မှတ်မရေးထိုးနိုင်ဘဲနဲ့ အချိန်တွေကြန့်ကြာသွားနိုင်တယ်။ နှောင့်နှေးသွားနိုင်တယ်။ မလိုလားအပ်တဲ့ ပြဿနာတွေ ပေါ်လာနိုင်တယ်ဆိုတာကို လော်ခီးလာ ညီလာခံမှာကတည်းက ကျွန်တော်တို့ ဆွေးနွေးထားပြီးသားပါ။ အဲ့ဒီလို မဖြစ်ရအောင် နှစ်ဖက်ထိန်းထိန်းသိမ်းသိမ်းရှိကြဖို့ ကျွန်တော်တို့ ပြောနေတာ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေ ဘက်ကတော့ NCA လက်မှတ်မရေးထိုးခင်မှာ တိုင်းရင်းသားတပ်တွေကို လှုပ်ရှားမှုတွေ မလုပ်ဖို့၊ Major Operation ကြီးတွေကို တတ်နိုင်သလောက် ရှောင်ရှားဖို့နဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ မလုပ်ဖို့ ကျွန်တော်တို့ ပြောနေတာတွေရှိပါတယ်။ ကျွန်တော်တို့ ဘက်ကတော့ တတ်နိုင်သလောက် ထိန်းသိမ်းထားတဲ့ အနေအထားမျိုးရှိပါတယ်။ တပ်မတော်ဘက်ကတော့ နယ်မြေစိုးမိုးရေးအတွက် စစ်ဆင်ရေးကြီးတွေ မလုပ်ဘူးဆိုလို့ရှိရင် တိုက်ပွဲတွေ ဖြစ်လာနိုင်စရာအကြောင်းမရှိဘူးလို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒါကိုလည်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေက ဆက်ပြီးတော့ ဆောင်ရွက်လိမ့်မယ်လို့လည်း ကျွန်တော်ယူဆပါတယ်။

**ဦးနိုင်ဟံသာ**
**အဆင့်မြှင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ဝင်**

ကျန်တဲ့အချက် နှစ်ချက်၊ သုံးချက်ကတော့ မနက်ဖြန်မှာ ပြီးပြတ်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ မနက်ဖြန်မှာ ဆွေးနွေးဖို့ ကျန်နေတာက သိပ်တော့မများပါဘူး။ ဒါပေမယ့် အရေးကြီးတဲ့အပိုင်းတွေ ဖြစ်တယ်။ အဲဒီအပိုင်းတွေ ပြီးကောင်းပြီးနိုင်ပါတယ်။ မနက်ဖြန်မှာ အရေးကြီးတဲ့ဟာတွေဆွေးနွေးမယ်။ စာချုပ်ကို ဘယ်သူတွေ လက်မှတ်ထိုးမယ်။ အဲ့ဒီကိစ္စတွေက နည်းနည်းတော့ အရေးကြီးတယ်။ ပထမအဆင့်အနေနဲ့တော့ ပြီးနိုင်တယ်။ တချို့ကတော့ ဒီနေ့ အချိန်မပေးနိုင်တဲ့ဟာတွေရှိတယ်။ UPWC ကလည်း သူတို့ ခေါင်းဆောင်တွေကိုညှိရမယ်။ ကျွန်တော်တို့ဘက်ကလည်း သက်ဆိုင်ရာ ခေါင်းဆောင်တွေကို ပြန်တင်ပြရမယ်။ နောက်ပြန်ဆွေးနွေးမယ်။ သဘောကတော့ အစည်းအဝေးကို သုံး၊ လေးရက်လောက် ပြန်ဆုတ်ပြီးရင် နောက်ပြန်တွေ့ကြမယ်။

×××

ဆွေးနွေးပွဲ တတိယနေ့အဖြစ် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) တွင် ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး (၈)ကြိမ်မြောက် ဆွေးနွေးပွဲ အစီအစဉ်၏ ကျန်ရှိနေသည့် အပိုင်းသုံးပိုင်းကို ဆွေးနွေးမည်ဖြစ်သည်။


**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/8610 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)



**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ°N၊ မြေကွက်အမှတ် V.၁၅၊ မြေကွက်တည်နေရာအမှတ် ၁၉၂/၁၉၄၊ ကျိုက္ကဆံလမ်း၊ ကျားကွက်သစ်စံပြရပ်ကွက် (မောင်တိုက်စိန်) အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးတိုက်စိန်(ဖခင်)၊ ဒေါ်ပို(မိခင်)၊ သားများဖြစ်ကြသော ဦးဝေလင်း၊ ဦးသန်းညွန့်၊ ဦးသန်းထွဋ်တို့ အသီးသီးကွယ်လွန်သဖြင့် ၁။ ဒေါ်ထားထား ၁၂/တမန(နိုင်)၀၁၁၄၃၀၊ ၂။ ဒေါ်လှမြင့် ၁၂/သလန(နိုင်)၀၀၆၄၈၄၊ ၃။ ဒေါ်နှင်းအေး(ခ)ဒေါ်အေးမီ ၁၃/ကတန(နိုင်)၀၈၂၇၄၆၊ ၄။ ဒေါ်နော်လူးစေ ၇/ပခတ(နိုင်)၀၁၁၇၈၁၊ ၅။ ဒေါ်နီနီ(ခ)ဒေါ်နီနီစိန် ၁၂/တမန(နိုင်)၀၁၁၅၆၂၊ ၆။ ဦးနီတိုး(ခ)ဦးအုန်းမောင် ၁၂/အစန(နိုင်)၁၀၈၃၄၃၊ ၇။ ဒေါ်သန်းသန်းနွယ် ၁၂/တမန(နိုင်)၀၁၁၄၇၉ တို့က သားသမီးနှင့် ချွေးမများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာများ၊ သေစာရင်းများနှင့် ဦးတိုက်စိန်၊ Mg Taik Sein၊ ဦးတိတ်စိန်၊ ဦးတိပ်စိန်မှာ တစ်ဦးတည်းဖြစ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၇ယ/၈၀၃၀ Zaw Cycle (ZC-01)ဂျာလင်းစူပါကပ် M/C ယာဉ်လက်ဝယ်ရှိသူ ချင်းတွင်းနဂါးကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၈/၂၉၁၃ Toyota Landcruiser Prado, Station Wangon ယာဉ်လက်ဝယ်ရှိသူ ဦးစောအေးကိုကို ၁၂/ကမတ(နိုင်)၀၄၉၁၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)



**ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်)**
**ဝါဆိုသင်္ကန်းကပ်လှူပါမည်**

ဆိပ်ဖြူမြို့နယ်အသင်း(ရန်ကုန်) အသင်းသူ-အသင်းသားများ၊ မြို့နယ်သူ-မြို့နယ်သားများက ပေါင်းစု၍ ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက် (၂-၈-၂၀၁၅ရက်) တနင်္ဂနွေနေ့ နံနက် ၁၀း၃၀နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အဖွားခက်ဓမ္မာရုံကျောင်း၌ သံဃာတော်အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဝါဆိုသင်္ကန်းများကပ်လှူခြင်းအမှုများကိုပြုပြီး ကြွရောက်လာသောဧည့်ပရိသတ်များကိုလည်း နေ့လယ်စာ(ထမင်း-ဟင်းများ)ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ ဆိပ်ဖြူမြို့နယ်သူ-နယ်သားများနှင့် စေတနာရှင်များ ကြွရောက်ချီးမြှင့်သာဓုခေါ်ဆိုနိုင်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး လူကိုယ်တိုင်လာရောက်လှူဒါန်းရန် အခက်အခဲရှိပါက ဖုန်းဖြင့်ကြိုတင်စာရင်းပေး၍ အခမ်းအနားနေ့တွင် လှူဒါန်းနိုင်ပါသည်။

(၁)ဦးညဏ်စိုး ဖုန်း-၀၉-၂၅၀၉၃၀၀၈၀၊ (၂)ဦးအောင်ကျော်ဆန်း ဖုန်း-၀၉-၅၀၃၀၉၀၀၊ (၃)ဦးစောဝင်း ဖုန်း-၀၉-၂၅၄၂၇၈၃၈၉၊ (၄)ဦးအောင်သိုက် ဖုန်း-၀၉-၅၀၁၉၀၁၈၊ (၅)ဦးဝင်းလွင်ဦး ဖုန်း-၀၉-၄၂၀၀၇၃၃၂၂

အမှုဆောင်အဖွဲ့



**ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၃၅/၉၈)**
**သင်တန်းဆင်းသူငယ်ချင်းများသို့**

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် ၃၅
သင်တန်းဆင်းသူငယ်ချင်းများတွေ့ဆုံပွဲကို
၃၀-၇-၂၀၁၅ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်သွားမည်ဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ တက်ရောက်နိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် အသိပေးအပ်ပါသည်-

ဆက်သွယ်ရန် - ဒုရဲမှူး ကိုကိုကြီး ဖုန်း-၀၉-၄၉၃၁၁၂၁၁
ရဲအုပ်လှမြင့် ဖုန်း-၀၉-၄၄၈၀၀၄၆၅၈
ရဲအုပ် မင်းဟန် ဖုန်း-၀၉-၂၅၂၄၂၆၃၂၆



**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မအေးဝင်းမိုး၊ န၀မတန်းမှ မအေးဝင်းစိုး၊ ပဥ္စမတန်းမှ မောင်ကျော်ဝင်းစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ်ဖြစ်ပါကြောင်း။

ဦးဝင်းဗိုလ်
၉/မတလ(နိုင်)၀၄၆၃၆၈



**ပျောက်ဆုံးကြောင်း**

ဦးမျိုးလှိုင် ၉/ပခက(နိုင်)၀၀၃၂၈၇ အမည်ဖြင့် ထုတ်/သွင်း I.D 811945, 27-11-2012 စာရွက်စာတမ်းများပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၇၈၉၈၂ သို့ဆက်သွယ်ပါရန်။



**ဂန္တဝင်ရွှေပုဂံ Travels & Tours**

| | | |
|---|---|---|
| ဗန်ကောက် | (၆)ရက် | USD 650 |
| စင်ကာပူ | (၄)ရက် | USD 850 |
| စင်ကာပူ + မလေးရှား | (၇)ရက် | USD 1350 |
| သီရိလင်္ကာ | (၇)ရက် | USD 1450 |
| ဟောင်ကောင်+မကာအို | (၅)ရက် | USD 1000 |
| စီအမ် (တာရာကိုတာရပ်တု)+ချန်ဒူး | (၇)ရက် | USD 1800 |
| ဒူဘိုင်း+အဘူဒါဘီ | (၆)ရက် | USD 1900 |
| ဥရောပ (ဂရိ + တူရကီ) | (၉)ရက် | USD 4800 |
| ဥရောပ နိုင်ငံကြီး (၈) နိုင်ငံ | (၁၄)ရက် | USD 4800 |
| အမေရိကန် | (၁၆)ရက် | USD 6700 |

ကုမ္ပဏီ၊ အဖွဲ့အစည်း များအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့်စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္တဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံးလမ်းကြောင်း ရွေးပေးပါသည်။ ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေး မေးမြန်းနိုင်ပါသည်။

(YGN Office): 67, Baho Rd,Sanchaung,Yangon.Ph: 01-519300,510491, 01-2304645, 09-252281456 Hot Line: 09 - 73003772
(MDY Office): 81 Road, Between 33 x 34 St, Mandalay. Ph: 09 - 31693339, 09-73013856



**အများသိစေရန်ကြေညာခြင်း**

ကျွန်မ ဒေါ်မိ ၁၀/ရမန(နိုင်)၁၁၉၄၁၀ အမှတ်(၂၆)၊ ရပ်ကွက်(၂)၊ ခေါဇာနယ်ခွဲ၊ ရေးမြို့နယ်နေသူနှင့် အမှတ် ၂၀၊ လဝွန်းအိမ်လမ်း၊ ရပ်ကွက်(၂) ခေါဇာမြို့နယ်ခွဲနေသူဦးအောင်ကျော်နိုင်(ခ)ဦးဗလိုင်တို့သည် ခေါဇာမြို့နယ်ခွဲ၊ ကျုံညဲကျေးရွာအပိုင်ရှိဥယျာဉ်ခြံဧက(၁၀)ဧကနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်နေစဉ်အတွင်း ဦးအောင်ကျော်နိုင်(ခ)ဦးဗလိုင်အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိရေး လုပ်ဆောင်ရွက်နေကြောင်း ကြားသိရပါသည်။

သို့ဖြစ်ပါ၍ ဦးအောင်ကျော်နိုင်(ခ)ဦးဗလိုင်သည် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ ကျွန်မ ဒေါ်မိမှ ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိ
၁၀/ရမန(နိုင်)၁၁၉၄၁၀
အမှတ် ၂၆၊ရပ်ကွက်(၂)၊ခေါဇာနယ်ခွဲ၊ ရေးမြို့နယ်

# မိတ္ထီလာမြို့၌ အဓိကမြို့တွင်းလမ်းမကြီး ငါးသွယ်အား နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ်တိုးချဲ့



**မိတ္ထီလာ ဇူလိုင် ၂၃**

မိတ္ထီလာမြို့သည် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကျောက်ပန်းတောင်း၊ မြင်းခြံမြို့နယ်များနှင့် ဆက်သွယ်သွားလာသည့် လမ်းမကြီးငါးသွယ်ရှိရာ လူဦးရေထူထပ်ပြီး ကားလမ်းဆုံရာမြို့ဖြစ်သည်နှင့်အညီ ယာဉ်သွားလာမှုများ နေ့စဉ်ရှုပ်ထွေးလျက်ရှိသည်။ မြို့တွင်းလမ်းများကျဉ်းမြောင်းသည့်အတွက် ယာဉ်အန္တရာယ်များ မဖြစ်ပွားအောင် မြို့တွင်းလမ်းများကို နှစ်လမ်းသွားမှ လေးလမ်းသွားအထိ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်၊မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက တာဝန်ရှိသူများကို အဆင့်ဆင့်တင်ပြကြရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလမ်းများ ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရန် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အာရှလမ်းမကြီး အမှတ်(၁)နှင့်(၂)ပေါ်တွင် တည်ရှိသည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကျောက်ပန်းတောင်းသွား လမ်းများကို မူလရှိသည့် ၂၄ ပေ အကျယ်မှ စည်ပင်သာယာနယ်နိမိတ်အထိ နှစ်လမ်းသွားအဖြစ်မှ လေးလမ်းသွားအဖြစ် ၄၈ ပေနှင့် လမ်းပခုံးတစ်ဖက် ငါးပေ စုစုပေါင်း ၅၈ ပေ နှင့် မြင်းခြံလမ်းကို ၃၈ ပေ၊ လမ်း ပခုံးတစ်ဖက် ငါးပေအပါအဝင် စုစုပေါင်း ၄၈ ပေတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းများ တိုးချဲ့ဖောက်လုပ်ပြီးစီးပါက ကားများ၊ ဆိုင်ကယ်များနှင့် သွားလာလျက်ရှိသည့် ကုန်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးသည်များနှင့် မြို့နေပြည်သူများသွားလာရာတွင် အဆင်ပြေချောမွေ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လင်းက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း ကျွဲ/နွားများမကြာခဏဖြတ်သန်းနေ၍ ယာဉ်များသတိပြုရန်လို



**ရေတာရှည် ဇူလိုင် ၂၃**

ယခုရက်ပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် လမ်းမကြီးအနီးဝန်းကျင်ရှိ ကျေးရွာများမှ ကျွဲ/နွားများ မကြာခဏ ဖြတ်သန်းနေမှုကြောင့် အစုန်၊ အဆန်မောင်းနှင်လျက်ရှိသော မော်တော်ယာဉ်များ သတိပြုမောင်းနှင်ကြရန် လိုအပ်ကြောင်း သိရသည်။

များသောအားဖြင့် သစ်တောကြိုးဝိုင်းဒေသများနှင့် ထိစပ်လျက်ရှိသော နေရာများ၌ ပို၍သတိပြုမောင်းနှင်ရန်လိုအပ်ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ရေတာရှည်မြို့နေ ဦးမျိုးဝင်းထွန်းက ပြောသည်။

"ယာဉ်မောင်းတွေအတွက် လမ်းပေါ်မှာ ကျွဲ/ နွားတွေဖြတ်တာကိုပဲ သတိထားမောင်းနေရတော့ အလွန်အန္တရာယ်များပါတယ်။ ကျွဲ/ နွားတွေကသာဖြတ်နေတာ၊ နွားကျောင်းတဲ့သူကိုမတွေ့ဘူး"ဟု ၎င်းက ဆက်၍ ပြောသည်။

ကျေးလက်ဒေသနေ တောင်သူများသည် မိုးရာသီစပါးစိုက်ပျိုးချိန်ဖြစ်သည့်အတွက် လုပ်ငန်းခွင်သို့ သွားရောက်ကြရာတွင် အဆင်ပြေသလိုဖြတ်သန်းသွားကြသည်များရှိသလို ကျွဲ/နွားများအတွက် စားကျက်မြေရှားပါးမှုကြောင့် အမြန်လမ်းမကြီးအနီး၌သာ လွှတ်ကျောင်းကြသည်များလည်းရှိကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**

# အလယ်တန်းဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

**သရက် ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား (TSDP) မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် အလယ်တန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မြို့မအားကစားကွင်း၌ ညနေ ၃ နာရီခွဲက ကျင်းပသည်။ ပြိုင်ပွဲတွင် အထက(၁)အလယ်တန်းအဆင့်ဘောလုံးသင်းက အထက(၃)အလယ်တန်းအဆင့် ဘောလုံးသင်းကို သုံးဂိုး-ဂိုးမရှိ အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ ပထမဆုရ အထက(၁)အသင်းနှင့် အထက(၃)အသင်းတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ပညာရေးမှူး ဦးထွေးမှီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်၊ ခရိုင်လဝကဦးစီးမှူး ဦးမျိုးဇော်သန်းတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်

**ပင်းတယ ဇူလိုင် ၂၃**

ကျေးရွာများမှအရွယ်ရောက်သော အမျိုးသမီးများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်တတ်စေရန်ရည်ရွယ်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး ကျင်းပသည့်စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ကန်တောင့်ကျောင်းဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါစက်ချုပ်သင်တန်းတွင် စုစုပေါင်းသင်တန်းသူ ၃၉ ဦး တက်ရောက်ပြီး တစ်ဦးလျှင် အပ်ချုပ်စက်တစ်လုံးစီဖြင့် သင်တန်းဆရာမသုံးဦးတို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၈ ရက်အထိဖြစ်ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

# ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၃**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကကြီးမှူးကျင်းပသော ယဉ်ကျေးလိမ္မာသင်တန်းကို ဇူလိုင် ၂၀ မှ ၂၄ ရက်အထိ အဆိုပါတက္ကသိုလ် စိန်ရတုဓမ္မာရုံ၌ ညစဉ် ၇ နာရီမှ ၈ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းကို နေပြည်တော်ကောင်စီနယ်မြေ ကန်ဦးပရိယတ္တိစာသင်တိုက်မှ ဆရာတော် (သာသနဓဇဓမ္မာစရိယမဟာဂန္ထဝါစက ပဏ္ဍိတ)ဦးဝိလာသက ကျောင်းသား ကျောင်းသူ လူငယ်များ၏ရင်ဝယ် ဘာသာတရား၏အဆုံးအမများကိန်းအောင်း၍ ယဉ်ကျေးလိမ္မာသော အနာဂတ်လူငယ်များဖြစ်ရေးအတွက်ရည်ရွယ်ကာ ပို့ချပေးပြီး သင်တန်းသား သင်တန်းသူ ၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**

# အဆင့်မြင့်သမဝါယမသင်တန်းဖွင့်

**မကွေး ဇူလိုင် ၂၃**

အမှုထမ်းများ အဆင့်မြင့်သမဝါယမသင်တန်း အမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး သမဝါယမသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာနအဆင့်ဆင့်ရှိ ဝန်ထမ်းများ၊ သမဝါယမသင်တန်းကျောင်းမှ ကျောင်းအုပ်နှင့် ဆရာမများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအမှုထမ်းများ အဆင့်မြင့်သမဝါယမသင်တန်းကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်နှင့် ချင်းပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မြဝတီမြို့၌ အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အားကစားပြိုင်ပွဲများကျင်းပ

**မြဝတီ ဇူလိုင် ၂၃**

၂၀၁၅ ခုနှစ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ ကျင်းပသော ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို မြဝတီမြို့နယ်အားကစားကွင်း၌ ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးချစ်လှိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့က အမှာစကားပြောကြားသည်။

ထို့နောက် အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးသည့် ပိန်စွန်ကုမ္ပဏီနှင့် စင်းဂါးကုမ္ပဏီတို့ကို ခရိုင်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

**ငဖဲ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် တောင်ပေါ်ကျေးရွာ ၁၀ အုပ်စုအပါအဝင် တောင်ပေါ်ဒေသနေပြည်သူများ အသိပညာရရှိစေရေးရည်ရွယ်ကာ ဇူလိုင် ၁၉ ရက်က လိုင်ကျေးရွာနှင့် ပဇီကျေးရွာတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အဆိုပါကျေးရွာ စာသင်ကျောင်းများ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များသို့ ယင်လုံအိမ်သာခွက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အနည်းဆုံးလုပ်ခနှုန်းထားပြဿနာ ဘယ်လိုဖြေရှင်းကြမလဲ



**ရဲဘုန်းမြင့်**

အနည်းဆုံးလုပ်ခ နှုန်းထားကို တစ်ရက် ငွေကျပ် ၃၆၀၀ ဟု သတ်မှတ်လိုက်သည့်အတွက် CMP လက်ခစားလုပ်ငန်းများဖြစ်ကြသည့် အထည်ချုပ်လုပ်ငန်းရှင်များဘက်မှ အခက်အခဲတွေ တွေ့နေရပြီဟု ကျယ်ကျယ်လောင်လောင် တင်ပြလာကြသည်ကို ကြားနေရသည်။ ဆက်လက်ရပ်တည်နိုင်စွမ်း လွန်စွာခက်ခဲလာနိုင်သဖြင့် စက်ရုံအချို့ ပိတ်ကောင်းပိတ်ရနိုင်သည်ဟု နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအချို့က ဆွေးနွေးတင်ပြလာကြကြောင်း ကြားသိရသည်။ ယင်းကဲ့သို့ ပြောဆိုသည်ကို စိတ်ဆိုးကြသည်။ "ပိတ်လေ၊ ရိုးရိုးတော့ ပိတ်လို့မရဘူး၊ လျော်ကြေးပေးပြီးပိတ်၊ တခြားရင်းနှီးမြှုပ်နှံချင်သူတွေအများကြီး" စသည်ဖြင့် ကောင်းချီးပေးကြသူများလည်း မနည်းကြ။

ဇူလိုင်လ ၁၀ ရက်နေ့ ကြေးမုံသတင်းစာတွင် ဆောင်းပါးရှင် "ဦးအေးချမ်း"၏ "အနိမ့်ဆုံး အခကြေးငွေနှုန်းထားသတ်မှတ်ဖို့ အချိန်သင့်ပြီလား" အမည်ရှိဆောင်းပါးကို ဖတ်လိုက်မိချိန်တွင် တွေးခေါ်စရာအများအပြား ခေါင်းထဲသို့ ဝင်ရောက်လာပါသည်။ အလုပ်သမားများကို ကူညီရန်၊ ၎င်းတို့၏လူနေမှုအဆင့်အတန်း အထိုက်အလျောက် တိုးတက်လာစေရန်အတွက် ယခုကဲ့သို့ အနည်းဆုံး အခကြေးငွေနှုန်းထားသတ်မှတ်လိုက်ခြင်းသည် မှန်ကန်သည့် ဖြေရှင်းမှုလား၊ ယခုကဲ့သို့ သတ်မှတ်လိုက်သဖြင့် အဆင်ပြေပါ့မလား၊ စဉ်းစားစရာများ မြောက်မြားစွာပေါ်လာပါသည်။ ၎င်းတို့မပေးနိုင်သည့် အခကြေးငွေနှုန်းသတ်မှတ်လိုက်သဖြင့် အလုပ်ရှင်များဘက်က စက်ရုံများ ပိတ်ကြမည်ဟု ပြောခြင်းသည်လည်း တိုင်းပြည်နှင့် အလုပ်သမားတို့အတွက် ကောင်းသည့်အလားအလာဟုတ်ရဲ့လား၊ ဒေါသအလျောက် ပိတ်ချင်ပိတ်ကြဟု ပြောခြင်းမှာလည်း အလုပ်သမားတွေကို အမှန်တကယ် ကူညီရာရောက်ရဲ့လား။ ချင့်ချိန်သင့်ကြပါသည်။

ဦးအေးချမ်း၏ ဆောင်းပါးထဲတွင် ဖော်ပြပါရှိသည့်အတိုင်း အနိမ့်ဆုံးလုပ်ခ သတ်မှတ်ထားသော ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂရိ၊ ပေါ်တူဂီ၊ အင်္ဂလန်စသည့် နိုင်ငံများ၏ ပျမ်းမျှအလုပ်လက်မဲ့နှုန်းမှာ ၁၃ ဒသမ ၈ ရာခိုင်နှုန်းရှိနေပြီး၊ အနိမ့်ဆုံးလုပ်ခ မသတ်မှတ်ရသေးသော ဩစတြီးယား၊ ဒိန်းမတ်၊ ဂျာမနီ၊ နော်ဝေ၊ ဆွီဒင်၊ အီတလီ၊ ဆွစ်ဇာလန် စသည့်နိုင်ငံများ၏ အလုပ်လက်မဲ့နှုန်းမှာ ၆ ဒသမ ၃ ရာခိုင်နှုန်းရှိနေခြင်းကိုလည်း အနည်းဆုံးလုပ်ခဆိုင်ရာ တာဝန်ရှိသူ Stakeholder အားလုံးထည့်သွင်းစဉ်းစားသင့်သည်ဟု တင်ပြလိုပါသည်။ မိမိနိုင်ငံ၏ အခြေအနေအရ မသတ်မှတ်လျှင် မဖြစ်သည့်အတွက် သတ်မှတ်ပြီးပြီထားစေဦး၊ ပြန်ဖျက်၍လည်း မသင့်တော့ဘူးရှိစေတော့၊ ဝန်ဆောင်မှုလုပ်ငန်း (Service Industry)၊ ရုံးလုပ်ငန်း (Office Industry)၊ စက်နှင့်နည်းပညာ အသုံးပြုကုန်ထုတ်လုပ်ငန်း (Machine and Technology Industry)၊ လူအင်အား အသုံးပြုကုန်ထုတ်လုပ်ငန်း (Labour intensive Industry) အားလုံးကို အနည်းဆုံးလုပ်ခ တစ်ပြေးညီ သတ်မှတ်သင့် မသင့်ဆိုသည်ကိုတော့ အလေးအနက်ထည့်သွင်းစဉ်းစားသင့်သည်ဟု အကြံပြုလိုပါသည်။

စာရေးသူသည် အလုပ်ရှင်တစ်ဦးမဟုတ်သကဲ့သို့၊ အလုပ်သမားတစ်ဦး၊ အစိုးရဝန်ထမ်းတစ်ဦးလည်း မဟုတ်ပါ။ သို့ဖြစ်၍ မည်သူ့ကိုကိုယ်စားပြုပြီး တင်ပြရမည်ကို ရှင်းလင်းရပါက ပြည်သူတစ်ရပ်လုံးကိုသာ ကိုယ်စားပြုတင်ပြခြင်းဖြစ်ပါသည်။ မသတ်မှတ်သင့်သည့်အချိန်တွင် သတ်မှတ်လိုက်ခြင်း ကြောင့်သို့မဟုတ် အားလုံးကို တစ်ပြေးညီ သတ်မှတ်လိုက်ခြင်းကြောင့် အလုပ်သမားများက နည်းတယ်ဟုဆိုကာ ဆန္ဒပြ၊ အလုပ်ရှင်ဘက်က များသည်ဟုဆိုကာ အလုပ်ပိတ်၊ ဤသို့ဖြေရှင်းကြလျှင် "ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး"ဆိုသည့် စကားပုံအတိုင်း ပြဿနာပိုများပြီး တိုင်းပြည်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ကသိကအောက် ဖြစ်ကြရမည်ဆိုပါက ဝမ်းနည်းစရာပင်။ သို့ဖြစ်၍ စာရေးသူလေ့လာ သိရှိထားသမျှကို တာဝန်ရှိသူ Stakeholder အားလုံး စဉ်းစားနိုင်ကြစေရန် ရေးသားတင်ပြရခြင်းဖြစ်ပါ သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင် အဓိကအခြေခံကျသည့် 3M (Man, Money and Material) များအနက် ငွေကြေးနှင့်ပစ္စည်းပစ္စယများထက် လူအရင်းအမြစ်ကိုသာ တတ်နိုင်ကြသဖြင့် Labour Intensive စက်မှုလုပ်ငန်းများဖြစ်သော CMP လက်ခစား စက်မှုလုပ်ငန်းများမှာ အဓိကအားထားရသည့် လုပ်ငန်းဖြစ်လာသည်ကို တွေ့မြင်ရပါသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှုကို အခြားအထောက်အကူပြုသည့် အချက်တစ်ချက်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပင်ဖြစ်ပါသည်။ ယင်း FDI များ ပြည်တွင်းသို့ အမြောက်အမြားစီးဆင်းဝင်ရောက်မှုများပြားလာသည်နှင့်အမျှ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာလည်း သိသာစွာတိုးတက်လာခဲ့ကြသည့် သာဓကများရှိကြပါသည်။ ထိုကဲ့သို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများမှာလည်း CMP လက်ခစားစက်မှုလုပ်ငန်းစနစ်ဖြင့်ပင် အများစုဝင်ရောက်လာကြသည်ကို တွေ့ရပါသည်။ တရုတ်နိုင်ငံတွင် CMP လက်ခစားစက်မှုလုပ်ငန်းများ စတင်ခဲ့စဉ်က FDI ၆၅ ရာခိုင်နှုန်းရှိခဲ့သည်ဟု လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရှိ CMP လက်ခစားစက်မှုလုပ်ငန်းများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှစ်စဉ် တိုးတက်ဝင်ရောက်နေမှုနှင့် လက်ရှိအရေအတွက် မည်မျှရှိသည်ကို အောက်ပါဇယား(၁)တွင် တွေ့မြင်နိုင်ပါသည်-

ဇယား(၁)

| စဉ် | နိုင်ငံ | နှစ်အလိုက် တိုးတက်ရင်းနှီးမြှုပ်နှံမှု အရေအတွက် | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ (ဧပြီ) | |
| ၁ | တရုတ် | ၂ | ၁ | ၃ | ၁၅ | ၃၀ | ၁၈ | ၆၉ |
| ၂ | တောင်ကိုရီးယား | ၁၃ | ၄ | ၇ | ၅ | ၈ | ၃ | ၄၀ |
| ၃ | ဂျပန် | ၈ | ၀ | ၃ | ၂ | ၀ | ၁ | ၁၄ |
| ၄ | စင်ကာပူ | ၁ | ၀ | ၁ | ၀ | ၂ | ၀ | ၄ |
| ၅ | ထိုင်း | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၆ | မလေးရှား | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |

*Source : Myanmar Garment Manufacturers Association (As of April 2015)*

အဆိုပါဇယားကိုလေ့လာလျှင် လက်ရှိရင်းနှီးမြှုပ်နှံနေသူများ စိတ်ဓာတ်ကျပြီး ပြန်ထွက်သွားပါက ထပ်ဝင်လာမည့်သူ မည်သူရှိမလဲ စဉ်းစားကြည့်နိုင်ပါသည်။ သို့ဖြစ်၍ "ပိတ်ရင်ပိတ်ပေါ့ မင်းတို့ထွက်သွားရင် နောက်လူလာလိမ့်မယ်"ဟု မပြောခင် စဉ်းစားပေးကြပါရန် မေတ္တာရပ်ခံလိုပါသည်။

ဆက်လက်ပြီး CMP လက်ခစားစက်မှုလုပ်ငန်းများ (အထူးသဖြင့် အထည်ချုပ်လုပ်ငန်းများ)၏ သဘောသဘာဝ ကို ဦးစွာတင်ပြပါမည်။ CMP လက်ခစားစက်မှုလုပ်ငန်းများသို့ ကုန်ပစ္စည်းအမှာစာအပ်နှံသူများသည် စတင်မှာယူစဉ်အချိန်မှ ၎င်းတို့ထံ ရက်ပေါင်း (၉၀) အတွင်း ကုန်ချောများရောက်ရှိမှသာ ယင်းနိုင်ငံသို့ ဆက်လက်မှာယူလေ့ရှိပါသည်။ ချုပ်လုပ်ပြီးအထည်များ စတင်မှာယူရန် L/C ဖွင့်ပေးသည့်အချိန်မှစတင်၍ လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် ကြာမြင့်ရက်များကို အထက်ပါဇယား(၂)တွင် တွေ့မြင်နိုင်ပါသည် -

ဇယား(၂)

| စဉ် | လုပ်ငန်းစဉ် | ဥရောပသို့ | | ဂျပန်သို့ | |
|---|---|---|---|---|---|
| | | ရက်မှ | ရက်ထိ | ရက်မှ | ရက်ထိ |
| ၁ | ကုန်ကြမ်းမှာယူထုတ်လုပ်ချိန် | ၃၀ | ၄၅ | ၃၀ | ၄၅ |
| ၂ | မိမိနိုင်ငံသို့ တင်ပို့ရန်ခရီးအကွာအဝေးအလိုက်ကြာချိန် | ၁၈ | ၂၄ | ၁၈ | ၂၄ |
| ၃ | မိမိနိုင်ငံဆိပ်ကမ်းတွင် ကုန်ပစ္စည်းထုတ်ယူရန်ကြာချိန် | ၃ | ၇ | ၃ | ၇ |
| ၄ | မိမိနိုင်ငံ၌ ကုန်ချောအဖြစ် ထုတ်လုပ်ရန် ရရှိ ချိန် | ၁၄ | ၄၅ | ၁၄ | ၄၅ |
| ၅ | ဈေးကွက်နိုင်ငံသို့ပြန်လည်တင်ပို့ရန် ခရီးအလိုက်ကြာချိန် | ၂၆ | ၃၀ | ၁၈ | ၂၁ |
| | စုစုပေါင်း | ၉၁ | ၁၅၁ | ၈၃ | ၁၄၂ |

*Source : Myanmar Garment Manufacturers Association*

တင်ပြပါဇယားတွင်ပါရှိသော အမှတ်စဉ်(၁) ကုန်ပစ္စည်းမှာယူထုတ်လုပ်ချိန်၊ အမှတ်စဉ်(၂) မိမိနိုင်ငံသို့တင်ပို့ရန် ခရီးအကွာအဝေးအလိုက်ကြာချိန်၊ အမှတ်စဉ် (၅) ဈေးကွက်နိုင်ငံသို့ ပြန်လည်တင်ပို့ရန် ခရီးအကွာအဝေးအလိုက်ကြာချိန်များမှာ မိမိတို့ကဲ့သို့ လက်ခံချုပ်လုပ်သည့်နိုင်ငံများ ဖန်တီးနိုင်သော ကိစ္စရပ်များမဟုတ်ကြပေ။ အမှတ်စဉ် (၃)ဖြစ်သည့် မိမိနိုင်ငံဆိပ်ကမ်း၌ ကုန်ပစ္စည်းထုတ်ရန် ကြာမြင့်ချိန်၊ အမှတ်စဉ် (၄)ဖြစ်သည့် စက်ရုံ၌ကုန်ချောအဖြစ်ထုတ်လုပ်ရန်ကြာမြင့်ချိန်များကိုသာ ဖန်တီးနိုင်သည့် အခြေအနေများဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။

သို့ဖြစ်၍ ဆိပ်ကမ်း၌ ကုန်ပစ္စည်းထုတ်ချိန် မကြာမြင့်စေရန် အရေးကြီးလာပါသည်။ ဆိပ်ကမ်း၌ မလိုအပ်သည့် စစ်ဆေးမှုများ (လိုအပ်သည့် စစ်ဆေးမှုများကို မဆိုလိုပါ)ကြောင့် ကြာမြင့်သည့်နှင့်အမျှ ကုန်ချောအဖြစ်ထုတ်လုပ်ရမည့် အချိန်လျော့နည်းသွားမည်ဖြစ်ရာ အချိန်ပိုလုပ်ကိုင်ရခြင်း၊ စနေ၊ တနင်္ဂနွေ မရပ်မနား လုပ်ကိုင်ရခြင်း၊ သင်္ဘောတင်ချိန် အလွန်နီးကပ်နေချိန်မျိုးတွင် ညလုံးပေါက်အလုပ်ဆင်းရခြင်း စသည့် လုပ်ငန်းခွင်ဆက်ဆံရေးပြဿနာများ ကြုံတွေ့ရပါတော့သည်။ ထို့အပြင် အလျင်အမြန် မနေမနားလုပ်ကြရသဖြင့် ထုတ်လုပ်မှုအရည်အသွေး ကျဆင်းခြင်းကြောင့် ကုန်ပစ္စည်းမှာယူသူများ၏ အထင်အမြင်သေးခြင်း၊ နောက်ထပ်မှာယူလိုစိတ် မရှိတော့ခြင်းများအပြင် ကျေနပ်မှုမရှိသည့် ပစ္စည်းများကို လက်ခံခြင်းမရှိဘဲ ပြန်ပို့ခြင်း (Reject) များ ပြုလုပ်လေ့ရှိကြပါသည်။ သို့ဖြစ်၍ ပြည်တွင်း CMP လုပ်ငန်းရှင် အချို့အရှုံးပေါ်ပြီး လုပ်ငန်းပိတ်သိမ်းခဲ့ရသည့် သာဓကများလည်း ကြုံတွေ့ခဲ့ကြရပါသည်။

တင်ပြပါဇယား(၃)တွင် တွေ့ရှိရသည့်အတိုင်း မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ သယ်ယူ/တင်ပို့ရာ၌ အခြားလုပ်ငန်းတူ လုပ်ကိုင်ဖက်နိုင်ငံများဖြစ်ကြသည့် ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ထက် ကြာမြင့်နေခြင်းမှာ မည်သို့မျှမတတ်နိုင်သည့် သဘာဝအခက်အခဲတစ်ခုပင် ဖြစ်သည်။ ယင်းကိုတုံ့ပြန်ကယ်တင်နိုင်ရေးမှာ နိုင်ငံတွင်းကိစ္စရပ်များကို တတ်နိုင်သရွေ့ ဖြေလျော့ပေးရန်သာ ဖြစ်ပါသည်။ သို့ရာတွင် လက်ရှိကျင့်သုံးနေသည့် ကုန်သွယ်မှုစနစ်စသည့် လုပ်ထုံးလုပ်နည်းများကြောင့် ဆိပ်ကမ်း၌ ကြန့်ကြာမှုများ မကြာခဏ ကြုံတွေ့နေကြရဆဲဖြစ်ပါသည်။ သို့ဖြစ်၍ အခြားနိုင်ငံများထက် ပိုမိုကြာမြင့်မှုကို လက်မခံနိုင်ကြသော နိုင်ငံတကာကုန်ပစ္စည်း မှာယူသူ (buyer) အများစုသည် အခြားယှဉ်ပြိုင်ဖက်နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့သို့ မှာယူ၍ ပိုလျှံမှသာ မိမိနိုင်ငံသို့ မှာယူလေ့ရှိကြပါသည်။ ထိုကဲ့သို့မှာပါကလည်း အခြားနိုင်ငံများသို့ပေးသည့် ချုပ်ခထက် ပိုမိုလျော့နည်းပြီး ပေးလေ့ရှိပါသည်။

အချို့အမှာစာများသည် စတင်ကမ်းလှမ်းစဉ်က အဆင်ပြေခဲ့သော်လည်း လုပ်ထုံးလုပ်နည်းများ၊ အခြားကန့်သတ်ချက်များ မမျှော်လင့်ဘဲကြုံတွေ့ရပြီး ကြာမြင့်တော့မည်ဟုယူဆပါက ဆက်သွယ်မှုပိုမိုလွယ်ကူပြီး၊ လုပ်ထုံးလုပ်နည်းရှုပ်ထွေးမှုနည်းပါးသော ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအပါအဝင် အခြားနိုင်ငံများသို့

*စာမျက်နှာ ၁၇ သို့*

# ဆီးစိုက်တောင်သူများ အတက်ဈေးမျှော်လင့်သော်လည်း အရှုံးပေါ်နေ

**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်နှင့်ကနီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆီးပုလဲသီးများစိုက်ပျိုးကာ ဆီးသီးခြောက်အဖြစ် မုံရွာမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ အတက်ဈေးကို မျှော်လင့်နေသော်လည်း ဈေးကျသဖြင့် အရှုံးပေါ်နေကြောင်း ဆီးစိုက်တောင်သူများထံမှ သိရသည်။

"ဒီနှစ်ဆီးရာသီမှာ ဆီးစိုက်တောင်သူတွေအတွက် တွက်ခြေမကိုက်ဘူး၊ အစောပေါ်ပြီး ချက်ချင်းနေလှန်းရောင်းတဲ့သူတွေက ငွေကျပ် ၁၀၀ ဈေးလောက်မီလိုက်သေးတယ်။ အတက်ဈေးမျှော်ပြီး မရောင်းဘဲ လှောင်ထားလိုက်တာ အခုငွေကျပ် ၇၀ ဈေးပဲရှိတော့တယ်၊ အခုနေထုတ်ရောင်းမယ်ဆိုရင် ကားခက ပွဲရုံအရောက် ငွေကျပ် ၂၀ ဆိုတော့ ဒီနှစ်တော့အမြတ်မရှိတော့ဘူး၊ အခုချိန်မှာမှ ဈေးကောင်းမရရင် နောင်နှစ်ဆက်လှောင်ထားလည်း ဈေးကောင်းမရတော့ဘူး၊ တစ်ချို့ဆို လွန်ခဲ့တဲ့တစ်နှစ်၊ နှစ်နှစ်လောက်က ဆီးတွေကို မရောင်းဘဲ လှောင်ထားတဲ့သူတွေရှိတယ်၊ ဒီနှစ်တော့ ကျွန်တော်တို့ဆီးစိုက် တောင်သူတွေ အရှုံးပေါ်တဲ့နှစ်ပါပဲ" ယင်းမာပင်မြို့နယ် အတွင်း ညောင်ကိုင်း(အရှေ့)ရွာမှ ဆီးစိုက်တောင်သူတစ်ဦးက ပြောသည်။ အဆိုပါ ဆီးသီးခြောက်များကို အချို့ပွဲစားများက ကျေးရွာများအရောက် လာရောက်ဝယ်ယူကြသော်လည်း ယခုနှစ် ဆီးသီးဈေးမကောင်းသဖြင့် အရောင်းအဝယ်ပါးကာ ကျေးရွာများမှ မုံရွာရှိပွဲရုံများအရောက် တင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပဝယ်လက် အဝယ်နည်းသဖြင့် ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဆက်နိုင်(မုံရွာ)**

*စာမျက်နှာ ၁၆ မှ*

ရွှေ့ပြောင်းအပ်နှံကြသဖြင့် လုပ်ငန်းဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ကြသည်ဟု လေ့လာသိရှိရသည်။

မြန်မာနိုင်ငံသည် အခြားလုပ်ငန်းတူလုပ်ကိုင်သော နိုင်ငံများထက် CMP လုပ်ငန်းများသို့ ပေးချေရသော လုပ်ခနည်းပါးသက်သာသည် ဆိုသော်လည်း ပိတ်စနှင့်ပစ္စည်းများ သယ်ယူ/တင်ပို့မှု ကုန်ကျစရိတ်၊ နိုင်ငံအတွင်း ထုတ်လုပ်မှုလုပ်ငန်းစဉ် အထောက်အကူပြုရုံးလုပ်ငန်းစရိတ်၊ နိုင်ငံအတွင်းသယ်ပို့စရိတ်၊ တင်ချစရိတ်၊ လျှပ်စစ်စွမ်းအားစရိတ်၊ လောင်စာဆီစရိတ်အပါအဝင် အခြားအထွေထွေ ကုန်ကျစရိတ်များမှာ ထိုင်းနိုင်ငံအပါအဝင် အခြားအိမ်နီးချင်း လုပ်ငန်းတူလုပ်ကိုင်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားနေခြင်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) များ လာရောက်ရန် အဓိကအတားအဆီးဖြစ်နေသည်ဟု ဂျပန်နိုင်ငံ INSTITUTE OF DEVELOPING ECONOMIES (IDE) ဌာန သုတေသနပညာရှင် Mr. Toshihiro KUDO ရေးသားသည့် Location Advantages and Disadvantages in Myanmar: The Case of Garment Industry, May ၂၀၀၉ စာတမ်းတွင် တွေ့ရှိရပါသည်။ သို့ဖြစ်၍ အနည်းဆုံးလုပ်ခသတ်မှတ်ပေးလိုပါက နိုင်ငံတွင်း လျှော့ချ၍ရနိုင်သော လုပ်ငန်းစဉ်များ၊ စရိတ်များကို မည်ကဲ့သို့ လျှော့ကျအောင် ပြုလုပ်မည်ကို ဦးစွာစဉ်းစားသင့်ပါသည်။ ယင်းသည် **FDI** များကို ဖိတ်ခေါ် ဆွဲဆောင်နိုင်သကဲ့သို့ အလုပ်သမားတို့အတွက် လုပ်ခကိုတိုးပေးနိုင်မည့် အခွင့်အလမ်းများလည်း ရရှိနိုင်သည်ဟု သုံးသပ်ရရှိသည်။

ဂျပန်၊ ထိုင်ဝမ်၊ ကိုရီးယား အစရှိသည့် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအများစုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ မရောက်မီက CMP လက်ခစားစနစ်ကို ကျင့်သုံးသည့် အငယ်စားစက်မှုလုပ်ငန်းများအပေါ် အခြေခံခဲ့သည်ကို တွေ့ရှိရပါသည်။ အလားတူပင် အရှေ့တောင်အာရှ ကျားနိုင်ငံများဟု ဆိုကြသည့် ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများမှာလည်း CMP လက်ခစား စက်မှုလုပ်ငန်းများအား အခြေပြုခဲ့သည်ကို တွေ့ရှိနိုင်သည်။ လက်ရှိအခြေအနေတွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း စက်မှုဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်သို့ရောက်ရှိရေး ကြိုးပမ်းရာတွင် CMP လက်ခစား စက်မှုလုပ်ငန်းများ ထူထောင်ခြင်းကို နည်းလမ်းတစ်ရပ်အဖြစ် ကျင့်သုံးနေကြသည်ကို တွေ့မြင်နိုင်ပါသည်။

**ဇယား(၃)**

လုပ်ငန်းအပ်နှံနိုင်ငံများမှ ခရီးစဉ်ကြာမြင့်ချိန် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ချက်

| စဉ် | နိုင်ငံသို့ | ကိုရီးယားမှ | ရှန်ဟိုင်းမှ | ထိုင်ဝမ်မှ | ဟောင်ကောင်မှ |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ်သို့ | ၉ | ၇ | ၅ | ၄ |
| ၂ | ကမ္ဘောဒီးယားသို့ | ၁၁ | ၉ | ၇ | ၆ |
| ၃ | မြန်မာ နိုင်ငံသို့ | ၁၇ | ၁၅ | ၁၃ | ၁၂ |

*Source: INSTITUTE OF DEVELOPING ECONOMIES (IDE); Location Advantages and Disadvantages in Myanmar: The Case of Garment Industry, May 2009*

မိမိနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုကို ယခုမှ အရိပ်အရောင်မြင်ကာစ ရှိပါသေးသည်။ သို့ဖြစ်၍ လုပ်အားအဓိက စက်မှုကုန်ထုတ်လုပ်ငန်း (Labour Intensive Industry) ဖြစ်သည့် CMP လက်ခစား စက်မှုလုပ်ငန်း များများထူထောင်နိုင်လေ အကျိုးရှိလေဖြစ်ပါသည်။ နည်းပညာနှင့် အရင်းအနှီးပါ အားနည်းနေသေးသည့် အခြေအနေတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) များ ဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ ဤအခြေအနေတွင် ရှိပြီးသားလူကို မောင်းထုတ်သကဲ့သို့ မဖြစ်စေရေး အတော်လေးစဉ်းစားချင့်ချိန်ပြီးမှ လုပ်သင့်သည် ဟု အကြံပြုလိုပါသည်။

CMP စနစ်တွင် ချုပ်လုပ်မည့် ပိတ်စနှင့်ဆက်စပ်ပစ္စည်းများကို နိုင်ငံခြား (ကုန်ချောမှာယူသူ)က ပေးပို့ပါသည်။ ယင်းပစ္စည်းများသည် ပြည်တွင်း၌အသုံးပြုမည့် သွင်းကုန်များမဟုတ်ဘဲ ချုပ်ပြီးပါက ပြည်ပသို့ ပြန်လည်ပေးပို့ရမည့်ပစ္စည်းများသာဖြစ်သဖြင့် အခြားနိုင်ငံများတွင် CMP လုပ်ငန်းများကို ပုံမှန်ကုန်သွယ်ရေးစနစ် (Normal Trade System)နှင့် တန်းတူမထားဘဲ သီးခြားစနစ်ကျင့်သုံးလေ့ရှိကြပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# လယ်ယာသုံးစက်ကိရိယာများ အသုံးပြုသူများလာ

**နောင်ချို ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်မှ တောင်သူများနှင့်စိုက်ပျိုးရေးလုပ်ငန်းရှင်များသည် ထယ်ရေး၊ ထွန်ရေး၊ သီးနှံခြွေလှေ့ကြိတ်ခွဲရာတွင် ခေတ်မီလယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ လယ်ယာမြေတလင်းထဲ အရောက် စက်ကိရိယာများ ပိုမိုသုံးစွဲလာသည်ကို တွေ့ရသည်။

နောင်ချိုမြို့နယ်တွင် မိုးဦးပိုင်းတွင် မိုးရွာသွန်းမှု နည်းပါးသဖြင့် အထွက်တိုးပြောင်းစိုက်ပျိုးရာတွင် အခက်အခဲကြုံတွေ့ခဲ့ရကြောင်း၊ ပြောင်းဖူးကို နှစ်ကြိမ်စိုက်ပျိုးရကြောင်း၊ မိုးရွာသွန်းလာသည်နှင့်အမျှ အချိန်မီစိုက်ပျိုးရေးအတွက် လယ်ထွန်စက်၊ လက်တွန်းထွန်စက်ဖြင့် စိုက်ပျိုးရကြောင်း၊ စက်ကိရိယာဖြင့်ဆောင်ရွက်ခြင်းကြောင့် သီးနှံစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန် လုပ်သားငှားရမ်းခများ သက်သာခြင်း၊ အချိန်မီ ရိတ်သိမ်းနိုင်ခြင်းတို့ကို များစွာအထောက်အကူရခဲ့ကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

လယ်ယာလုပ်ငန်းခွင် စက်ကိရိယာများသုံးစွဲလာခြင်းကြောင့် တောင်သူများ၏ လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ရေစကြိုမြို့နယ်တွင် လမ်းများကောင်းမွန်လာ၍ ကုန်စည်ကူးသန်းရောင်းဝယ်သူများပြား



**ရေစကြို ဇူလိုင် ၂၃**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ ယခုနှစ်များအတွင်းတွင် ကျေးရွာချင်းဆက်လမ်းများနှင့် မြို့နယ်ချင်းဆက်လမ်းများတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာလျက်ရှိရာ ကုန်စည်ကူးသန်းရောင်းဝယ်မှုများတွင်လည်း တိုးတက်ကောင်းမွန်လာလျက် ရှိသည်။ ထိုသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် အမျိုးသားများသာမက အမျိုးသမီးများပါ ဆိုင်ကယ်အသုံးပြု၍ ကုန်သွယ်မှုများပြားလျက်ရှိသည်။

အထူးသဖြင့် ရေစကြိုမြို့နယ် ချင်းကပ်လျက်ဖြစ်သော ချောင်းဦးမြို့နယ်ထွက် သီးနှံများအား ရေစကြိုမြို့ရှိဈေးများသို့ လာရောက်ရောင်းချလျက်ရှိပြီး မြိုင်မြို့နယ်အတွင်းမှ ကျေးရွာများကလည်း ရေစကြိုမြို့နယ်အတွင်းရှိဈေးများသို့ လာရောက် ဈေးဝယ်လာကြသည်ကို တွေ့မြင်ရသည်။

"ကျီးကန်းတောရွာကနေ ရေစကြိုဈေးကို ဈေးလာဝယ်တာပါ။ ကျွန်မတို့က အခုလိုဝယ်ပြီးတော့ တစ်ရွာဝင် တစ်ရွာထွက်နဲ့ လှည့်ရောင်းတာပါ။ ရောင်းလို့ကုန်သွားရင် နောက်တစ်ကြိမ် ရေစကြိုဈေးကို ပြန်လာဝယ်လိုက်ရောင်းလိုက်နဲ့ပါ။ ကျွန်မတို့ ကျီးကန်းတောရွာက ရေစကြိုဈေးနဲ့ ၁၆ မိုင်လောက်ပဲ ဝေးပါတယ်။ လမ်းတွေက ကောင်းနေပြီဆိုတော့ ဆိုင်ကယ်နဲ့ဆိုရင် ခဏပဲသွားရတာပါ" ဟု ကျီးကန်းတောရွာမှ ဈေးဝယ်လာသူများက ပြောပြသည်။

သို့ဖြင့် ရေစကြိုမြို့နယ်အတွင်းတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာကာ ဆိုင်ကယ်များ တစ်နှစ်ထက်တစ်နှစ် ပေါများလာသဖြင့် ရေစကြိုမြို့နယ်၏ မြို့နယ်နီးချင်းကျေးရွာများမှ အိမ်ရှင်မများအနေဖြင့် ဆိုင်ကယ်များအသုံးပြုကာ တစ်နိုင်တစ်ပိုင်ကုန်စည်ရောင်းဝယ်ခြင်းဖြင့် စီးပွားရှာလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# မြန်မာအလုပ်သမားများအား ဖမ်းဆီးငွေညှစ်ရိုက်နှက်မှု MATအဖွဲ့ ဖြေရှင်းပေး

မဟာချိုင် ဇူလိုင် ၂၃

**ပတ်စပို့နှင့်အလုပ်လုပ်ကိုင်ခွင့်ကတ် အပြည့်အစုံရှိသည့် မြန်မာအလုပ်သမားများအား ထိုင်းရဲများက ဖမ်းဆီးငွေတောင်းရုံသာမက လက်ထိပ်ခတ်၍ ကန်ကျောက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်အတွက် MAT အဖွဲ့နှင့် ဗန်ကောက် MOEAF ရုံးတာဝန်မှူးတို့မှ ဇူလိုင် ၂၀ ရက်က အတူတကွသွားရောက် ဖြေရှင်းခဲ့ကြကြောင်း မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဝင်ဖြစ်သည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association inThailand) မှသိရသည်။**

ဖြစ်စဉ်မှာ ပြည့်စုံအောင်သည် မိသားစုများထံသို့ အကြောင်းကြားရန်အတွက် နေရပ်ပြန်မည့် တစ်ရွာတည်းသား ဇော်ဝင်းဦးနှင့်အတူ ဇူလိုင် ၁၉ ရက်က လမ်းလျှောက်လာကြရာ မဟာချိုင်မြို့ရှိ ရဲတပ်ဖွဲ့ဝင်နှစ်ဦးကဖမ်းဆီး၍ ရဲစခန်းသို့ ခေါ်ဆောင်လာခဲ့ပြီး ထိုင်းစကားပြောတတ်သည့် ပြည့်စုံအောင်ကို လက်ထိပ်ခတ်ခဲ့ကြောင်း၊ အလုပ်သမားတစ်ဦးစီမှ ဘတ်ငွေ ၄၀၀၀ စီ တောင်းခံခဲ့ကြောင်းနှင့် မွန်းလွဲပိုင်းတွင် ၎င်းတို့သုံးဦးစလုံးက ဘတ်ငွေ ၄၀၀၀ ပေးခဲ့သဖြင့် ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

ကိုပြည့်စုံအောင်က "ကျွန်တော့်သူငယ်ချင်းနှစ်ဦးက MOU အလုပ်သမားတွေပါ။ ကျွန်တော်က ထိုင်းရဲတွေကို အလုပ်သမားပတ်စပို့နဲ့ အလုပ်လုပ်ကိုင်ခွင့်ကတ်နဲ့ အပြည့်အစုံပြပါတယ်။ ဒါပေမယ့် ငွေမပေးရင် အချုပ်ထဲပို့မယ်လို့ ဘာသာပြန်တွေကပဲ ခြိမ်းခြောက်တာပါ"ဟု MAT အဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်တံခွန်တိုင်ရွာမှ မောင်လေးဆိုသူသည် ဇနီးဖြစ်သူနှင့်အတူ မဟာချိုင်မြို့သို့ အကြောင်းကိစ္စရှိ၍ သွားခဲ့ကြရာ ယင်းရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က မဟာချိုင်မြို့ မီးပွိုင့်တစ်နေရာတွင် ဖမ်းဆီးခံခဲ့ရကြောင်း၊ ပတ်စပို့နှင့် အလုပ်လုပ်ကိုင်ခွင့်ကတ် အပြည့်အစုံပါသော်လည်း ဘာကြောင့် ဖမ်းဆီးရသလဲဟု ထိုင်းဘာသာစကားဖြင့် ပြန်မေးခဲ့ရာ အခန်းတစ်ခန်းထဲသို့ ခေါ်ဆောင်၍ လက်ထိပ်ခပ်ကာ တစ်ဦးက အချက်နှစ်ဆယ်ကျော်ခန့် ပြင်းထန်စွာကန်သဖြင့် ဘယ်ဘက်နံရိုးတွင် အနီရောင်အစင်းကြောင်းများပေါ်လျက်ရှိကြောင်း၊ ဘယ်ဘက် လက်ကောက်ဝတ်တွင် လက်ထိပ်ခတ်ခံရပြီး ဖိနပ်စီး၍ ကန်ကျောက်ခံထားရသဖြင့် အရေပြားပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြောင်း၊ လွတ်မြောက်ရန်အတွက် ဘတ်ငွေ ၅၀၀၀ ပေးမှလွတ်မည်ဟု မြန်မာလူမျိုးဘာသာပြန်များက ပြောသဖြင့် ခြေကိုဖက်တောင်းပန်ခဲ့သဖြင့် ဘတ်ငွေ ၁၅၀၀နှင့် ပြီးခဲ့ကြောင်း MAT အဖွဲ့က ပြောသည်။

မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီဝင်၊ ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ဒါရိုက်တာ ဦးကျော်သောင်းက "ကျွန်တော်တို့က မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီတာဝန်နဲ့ သွားရှင်းတာပါ။ သံရုံးက ကျွန်တော်တို့ ကော်မတီလူကြီးကိုသတင်းပို့တယ်။ ပြီးတော့ အလုပ်သမားနှစ်ဦး ပါနေတာကြောင့် အလုပ်သမားသံအရာရှိကို သတင်းပို့တယ်။ MOEAF ရုံးတာဝန်မှူး ဦးကျော်စိုးကိုလည်း သတင်းပို့တယ်။ စာရွက်စာတမ်းမပြည့်စုံတဲ့ အလုပ်သမားတွေနဲ့ ဥပဒေနဲ့မလွတ်ကင်းတဲ့ အလုပ်လုပ်တဲ့သူဆိုရင်ဖမ်းပါ။ ပတ်စပို့ရှိတဲ့ အလုပ်သမားကိုဖမ်းရင် ကျွန်တော်တို့ ဒီလိုလာပြီးတော့ စကားပြောရရင် မကောင်းဘူးလို့ စခန်းမှာပြောလိုက်ပါတယ်၊ နောက်တစ်ခါဆိုရင် မြို့တော်ဗန်ကောက်က ရဲဌာနချုပ်မှာ အမှုဖွင့်မယ်လို့ပြောခဲ့တယ်။ ရဲတွေကိုအလုပ်သမားတွေ ပေးခဲ့ရတဲ့ငွေတွေ အကုန်လုံးကိုလည်းပြန်ရတယ်ဆိုတော့ ကျေနပ်ပေးခဲ့လိုက်ပါတယ်"ဟု ပြောသည်။

ပတ်စပို့နှင့် အလုပ်လုပ်ကိုင်ခွင့်ကတ်ရှိသည့် မြန်မာအလုပ်သမားများအနေဖြင့် မမျှော်လင့်ဘဲ ထိုင်းရဲများ၏ ဖမ်းဆီးငွေတောင်းခြင်းခံရပါက ထိုင်းနိုင်ငံရှိ ဖုန်းနံပါတ်များဖြစ်သော ၀၈၄ ၆၇၀၅၇၂၇ နှင့် ၀၈၀ ၅၈၈ ၅၅၄၈သို့ ဆက်သွယ်အကူအညီတောင်းနိုင်ကြောင်း စုံစမ်းသိရသည်။

**စိုးဝင်း(SP)**

# လွှတ်လပ်ရေးကျောက်တိုင် ၇၀ ရာခိုင်နှုန်းပြီးစီး

**ကလေးဝ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ ကလေးဝမြို့ အမှတ်(၁)ရပ်ကွက် မြစ်သာကြိုးတံတားအဆင်း ကလေးဝ-မော်လိုက်၊ ကလေးဝ-ယာကြီးလမ်းဆုံ နေရာဖြစ်သည့် ၂ ဒသမ ၇၂၄ ဧကရှိ မြေနေရာတွင် လွှတ်လပ်ရေး ကျောက်တိုက်နှင့် ပန်းခြံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလွှတ်လပ်ရေးကျောက်တိုင်၏ အရွယ်အစားမှာ အမြင့် ၄၇ ဒသမ ၆ ပေ၊ လုံးပတ် ၆၈ ဒသမ ၀ ပေဖြစ်ပြီး အလျား လေးပေ၊ အနံနှစ်ပေ၊ အမြင့် ၄ ဒသမ ၈ ပေ ရှိ ခြင်္သေ့ရုပ်တုငါးကောင်ပါ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်သည်။ တိုင်နှင့်ပန်းခြံကို ၂၀၁၆ ခုနှစ် လွှတ်လပ်ရေးနေ့မတိုင်မီ အပြီး ပြုလုပ်သွားမည်ဖြစ်ပြီး ယခုအခါ ကျောက်တိုင်လုပ်ငန်း တစ်ခုခြင်းအတွက် ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သီဟ(ပြန်/ဆက်)**

# ဓာတ်အားအချိန်မီရရှိရေး အစားထိုးလဲလှယ်

**ရန်ကုန် ဇူလိုင် ၂၃**

လှိုင်မြို့နယ် ပါရမီလမ်းနှင့်မင်းဓမ္မလမ်းရှိ 33 KV ဓာတ်အားလိုင်းသည် အချိန်ကြာမြင့်ပြီး ဆွေးမြေ့နေသည့် Insulator နေရာတွင် ဓာတ်အားအပြည့်အဝရရှိစေမည့် သုံးထပ် Insulator များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဇူလိုင်လတတိယပတ်က ရန်ကုန်အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးခိုင်ဇော်ငြိမ်း ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနေဦးနှင့်ဝန်ထမ်းများက ပြည်သူများ ဓာတ်အားအချိန်မီရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မီးမီး(လှိုင်)**

# ငမိုးရိပ်ချောင်းကူးတံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်နေ

**မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နှစ်ခုကို ဆက်သွယ်ပေးမည့် ငမိုးရိပ်တံတား (ဗိုလ်မှူးဗထူး)အသစ်တစ်စင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က တည်ဆောက်ရန်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။**

တာဝန်ရှိအင်ဂျင်နီယာတစ်ဦးက "အခုရှိပြီးသား တံတားဟောင်းရဲ့တောင်ဘက်ကနေ ၂၅ ပေအကွာမှာ တည်ဆောက်သွားမှာပါ"ဟု ဆိုခဲ့သည်။

လက်ရှိ ပြည်သူ့ဆောက်လုပ်ရေးက "ဒဂုံမြို့သစ်တံတား"ဟု အမည်ကင်ပွန်းတပ်ခဲ့သောတံတားမှာ မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းအဆုံးနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဗိုလ်မှူးဗထူးလမ်းအဆုံးမှ ငမိုးရိပ်ချောင်းကို ဖြတ်ကျော်၍ တည်ဆောက်ထားခြင်းဖြစ်သည်။




မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နှစ်ခုကို ဆက်သွယ်ပေးမည့် ငမိုးရိပ်တံတား (ဗိုလ်မှူးဗထူး)အသစ်တစ်စင်းအား တည်ဆောက်ရန် မြေရှင်းလင်းမှုနှင့် သံချည်သံကွေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

တံတားဟောင်းမှာ အရှည်ပေ ၆၀၀၊ အကျယ်ပေ ၄၀ ဖြစ်ပြီး ၁၉၈၆ ခုနှစ် ဇွန် ၁၂ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၂ ခုနှစ် မတ် ၂၅ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးခဲ့သည်ဟု တံတားရှိမှတ်တမ်းကမ္ပည်း၌ ဖော်ပြထားသည်။

သူ့ခေတ် သူ့အခါနှင့်တွက်ဆ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ယခုကဲ့သို့ ခရီးသွားလာမှုများပြားမှုမရှိခြင်း၊ ယာဉ်များနည်းပါးမှုတို့ကြောင့် သွားလာမှုလမ်းကြောင်းများအဆင်ပြေချောမွေ့ခဲ့သည်။

ယခုအခါ ရန်ကုန်မြို့၏လူဦးရေ ထူထပ်မှုခရီးသွားလာမှုများပြားလာမှု၊ ယာဉ်များ တင်သွင်းရာတွင် အခွင့်အလမ်းသာမှုတို့ကြောင့် တံတားအပေါ်၌ ယာဉ်သွားလာရေး ကျပ်တည်းမှုများဖြစ်ပေါ်လာခဲ့သည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် တံတားထိပ်မှ အနေးယာဉ် လုပ်သားတစ်ဦးက "သူတို့ကတော့ ဒဂုံမြို့သစ်တံတားလို့ အမည်ပေးခဲ့တယ်။ ကျွန်တော်တို့ကတော့ "မေတ္တာချောင်းကူးတံတား"လို့ ခေါ်ကြတယ်။ အနှစ် ၂၀ ကျော်လောက်တော့ရှိပြီ။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်ကတည်းက တံတားအပေါ်ယာဉ်သွားလာမှုတွေ ကျပ်တည်းလာတယ်"ဟု ပြောခဲ့သည်။

တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကွင်းဆင်းကြည့်ရှုခဲ့ရာ မြေရှင်းလင်းမှုနှင့် သံချည်သံကွေးလုပ်ငန်းများ စတင်နေပြီကိုတွေ့ခဲ့ရသည်။

အရပ်သားအစိုးရသစ်လက်ထက်၌ ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် လှည်းတန်းနဲ့ခုံးကျော်တံတား၊ ရွှေဂုံတိုင်ခုံးကျော်တံတား၊ ဘုရင့်နောင်ခုံးကျော်တံတား၊ မြေနီကုန်းခုံးကျော်တံတား၊ လှိုင်သာယာမြစ်ကူးတံတားများကို တည်ဆောက်ပေးခဲ့သည့်အတွက် ခရီးသွားလာမှု အထိုက်အလျောက် အဆင်ပြေမှုများရှိလာခဲ့သည်။

ယခုငမိုးရိပ်တံတား(ဗိုလ်မှူးဗထူး) တည်ဆောက်ပြီးစီးသွားပါက လှိုင်သာယာ တံတားကဲ့သို့ အသွားတစ်လမ်း အပြန်တစ်လမ်း ဖြစ်လာနိုင်ပြီး မြို့သစ်နေပြည်သူများ ခရီးသွားလာမှု ပိုမိုအဆင်ပြေလာတော့မည် ဖြစ်သည်။

**သတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - ကိုကြီးတင်**

# ပါရာဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းစားပွဲတင် တင်းနစ်အားကစားသမားများ ဆုတံဆိပ် သုံးမျိုးစလုံးမျှော်မှန်းထားရှိ

**ရန်ကုန် ဇူလိုင် ၂၃**

စင်ကာပူနိုင်ငံ၌ကျင်းပပြုလုပ်မည့် (၈) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲမှာ နီးကပ်လာပြီဖြစ်သဖြင့် မသန်စွမ်းစားပွဲတင်တင်းနစ် အားကစားသမားများမှာ ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ် ဆုသုံးမျိုးစလုံးကို မျှော်မှန်းထားကြောင်းသိရပြီး လက်ရှိ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရှိ လေ့ကျင့်ရုံ၌ အပြင်းအထန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

လာမည့်ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သော အဆိုပါ ၈ ကြိမ်မြောက်အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြရန်အတွက် အုပ်ချုပ်သူ ကစားသမားတစ်ဦးနှင့် နည်းပြတစ်ဦးတို့မှ မသန်စွမ်းစားပွဲတင် တင်းနစ်အားကစားသမား အမျိုးသား ဒူးအထက်ပြတ် တစ်ဦး၊ ဒူးအောက်ပြတ် နှစ်ဦးနှင့် ပိုလီယို နှစ်ဦးတို့အား အပြင်းအထန် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

စနေ၊ တနင်္ဂနွေရက်များမှလွဲ၍ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီထိ လည်းကောင်း၊ ညနေ ၃ နာရီမှ ၆ နာရီအထိ လည်းကောင်း လေ့ကျင့်ပေးနေခြင်းလည်းဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အုပ်ချုပ်သူ ကစားသမားဦးမင်းမင်းဖြိုးက "ပြီးခဲ့တဲ့နှစ် ပါရာဂိမ်းပြိုင်ပွဲမှာတော့ ကစားသမားကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတာပါ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲမှာ ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့ပါတယ်။ ဒီနှစ်အတွက်တော့ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနှင့်ကစားသမား သုံးဦးတို့ သွားရောက်ဖို့ လျာထားပါတယ်၊ နိုင်ငံတော်ဘတ်ဂျက်အရ ကစားသမားတွေ ထပ်တိုးရင်လည်း တိုးမယ်၊ တရားဝင်တော့မဟုတ်သေးပါဘူး၊ ကျွန်တော်တို့ အောက်တိုဘာလကုန်မှာ တရုတ်နိုင်ငံကနေ လေ့ကျင့်ပြီး ပြန်လာရင် ပြိုင်ပွဲလုပ်ဖို့ရှိပါသေးတယ်၊ အဲ့ဒီပြိုင်ပွဲပြီးမှ ကစားသမားတွေကို ပြန်ပြီးလူရွေးချယ်မှာပါ၊ ဒီနှစ်ပြိုင်ပွဲကတော့ ရွှေ၊ ငွေ၊ ကြေးရဖို့များ သွားပါပြီ၊ အနည်းဆုံး ကြေးတံဆိပ်တော့ရရှိမှာပါ"ဟု ဆိုသည်။

ပြိုင်ပွဲအတွင်း ဝင်ရောက်ယှဉ်ပြိုင်ရသော မသန်စွမ်း စားပွဲတင်တင်းနစ် အားကစားနည်းတွင် တစ်ဦးချင်းအလိုက်၊ နှစ်ယောက်တွဲနှင့် အဖွဲ့အလိုက်တို့ဖြင့် ကစားနည်း သုံးမျိုး ယှဉ်ပြိုင်ကြရကြောင်းသိရပြီး လက်ရှိ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရှိ လေ့ကျင့်ရုံ၌ ဆေးအဆင့်သုံးမျိုးမှာ ပြီးခဲ့သည့်မေလကတည်းကစခန်းဝင်လေ့ကျင့်လျက်ရှိကြောင်းသိရသည်။ **(စိုးဝင်း-SP)**





# ပန်းအလှပြင်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် (ဒုတိယစာသင်နှစ်ပတ်) ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဥယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာနက ကြီးမှူးပြီး တတိယနှစ် ကျောင်းသား ကျောင်းသူများ၏ ပန်းအလှပြိုင်ပွဲကို အဆိုပါ တက္ကသိုလ် အားကစားခန်းမ၌ ဇူလိုင်လ တတိယပတ်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၉၅ ဦးတို့မှ အဖွဲ့ ၅၀ ဖွဲ့ကာ ပြိုင်ပွဲဝင် ပန်းအလှလက်ရာပေါင်း ၅၀ ကို ပြုလုပ်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင် ဖန်တီးမှုများထဲမှ ပထမ၊ ဒုတိယ၊ တတိယ ၊ စတုတ္ထနှင့် ပဉ္စမဆုများအပြင် နှစ်သိမ့်ဆု ၁၆ ဆုနှင့်အထူးဆု သုံးဆုတို့ကို ချီးမြှင့်ပေးခဲ့သည်။**(အပေါ်ပုံ)**

ပြိုင်ပွဲသို့ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် စိတ်ပါဝင်စားသော ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**စလင်း ဇူလိုင် ၂၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ခွင့်ပြုငွေဖြင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် လမ်းတံတားများ ဆောက်လုပ်ခြင်း၊ ဆိုလာစနစ်ဖြင့် မီးလင်းရေး၊ ကျေးလက်ရေပေးရေးနှင့် အိမ်ရာ ၁၂ လုံးတို့ကို စုစုပေါင်းငွေကျပ် ၃၇၈ ဒသမ ၈၇၇၂ သန်း အကုန်အကျခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ဘာစီလိုနာနဲ့ မန်ယူ ထိပ်တိုက်တိုးပြီ

၂၀၁၅ ကလပ်အသင်းနိုင်ငံတကာချန်ပီယံများဖလားပြိုင်ပွဲ ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားနေတာမို့ ဇူလိုင် ၂၅ ရက်မှာ ဘာစီလိုနာနဲ့ မန်ယူ၊ ပီအက်စ်ဂျီနဲ့ ချယ်လ်ဆီး၊ အေစီမီလန်နှင့် အင်တာမီလန်တို့ ပွဲတွေယှဉ်ပြိုင်ဖို့ ရှိနေပါတယ်။ ထိပ်တန်းကလပ်တွေရဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေ အပြိုင်အဆိုင်အားထုတ်ကြတာကို အားပေးကြရဦးမှာဖြစ်လို့ စောင့်ကြည့်ရဦးမယ့်ပွဲစဉ်တွေ ဖြစ်နေပြန်ပါတယ်။

**ဘာစီလိုနာနှင့် မန်ယူ**

အင်နီယေစတာ၊ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်စတဲ့ထိပ်တန်းကစားသမားတွေနဲ့ စုဖွဲ့ထားတဲ့ ဘာစီလိုနာကို မန်ယူတို့က လက်ရှိကစားသမားအင်အားနဲ့ ရင်ဆိုင်ရမှာမို့ ခက်ခဲပါလိမ့်မယ်။ ဘာစီလိုနာတို့က ကွင်းလယ်မှာဘက်ကွတ်၊ အလက်ဆောင်း၊ တူရန်၊ ဗီဒယ်တို့ရှိနေတာမို့ တိုက်စစ်ကို ကောင်းကောင်းပံ့ပိုးပေးနိုင်ပြီး မန်ယူနောက်တန်းကို ခြိမ်းခြောက်နိုင်တာမို့ မန်ယူတို့ စနစ်တကျပြင်ဆင်မှုရပါလိမ့်မယ်။ မန်ယူဟာ အခုပြိုင်ပွဲရဲ့ ပထမပွဲစဉ်အဖြစ် ကလပ်အမေရိကနဲ့ ယှဉ်ပြိုင်တဲ့အခါ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားပါတယ်။ ဒီပွဲစဉ်မှာ အသစ်ခေါ်ယူထားတဲ့ ကွင်းလယ်တိုက်စစ်မှူး ရှနိုက်ဒါလင်းက ဂိုးစတင်သွင်းယူနိုင်တာမို့ မန်ယူတိုက်စစ်က စောင့်ကြည့်ချင်စရာကောင်းနေပါတယ်။ မန်ယူဟာ ဒီနှစ်မှာ အသစ်ခေါ်ယူထားတဲ့ ဒီပေး၊ ရှဝိန်းစတိန်ဂါ၊ ရှနိုက်ဒါလင်းတို့ကို ထည့်သွင်းအသုံးပြုနေတာမို့ ကစားကွက်ပုံစံအခင်းအကျင်းသစ်နဲ့ စမ်းသပ်အသုံးပြုနေတာဟာ လက်တွေ့မှာ အသုံးတည့်နိုင်ပါ့မလား ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ရှေ့၊ လယ်၊ နောက်ဟန်ချက်ညီနေတဲ့ ဘာစီလိုနာကို မန်ယူတို့ အနိုင်ကစားဖို့တော့ မလွယ်ပါဘူး။

**ပီအက်စ်ဂျီနှင့် ချယ်လ်ဆီး**

ပြင်သစ်လီဂူး-၁မှာ ချန်ပီယံဖြစ်ထားတဲ့ ပီအက်စ်ဂျီတို့က အခုပြိုင်ပွဲမှာ ဖလားရယူရေးမျှော်မှန်းနေတာမို့ အဓိက ကစားသမားတွေနဲ့ ပွဲထွက်လာပါလိမ့်မယ်။ ပီအက်စ်ဂျီတိုက်စစ်မှာ ကာဗာနီ၊ အီဘရာဟင်မိုဗစ်၊ လာဗီဇီနဲ့ အိုဂန်ဒါတို့ ရှိနေပါတယ်။ ဒ့ါအပြင် ပီအက်စ်ဂျီမှာ ဒေးဗစ်လုဇ်၊ ဆေးလ်ဗား၊ ဗန်ဒါဝီတို့ကလည်း ခံစစ်လုံအောင်ကစားနိုင်သူတွေဖြစ်တာမို့ ချယ်လ်ဆီးကို ဘယ်လိုကစားရမယ်ဆိုတာ သိရှိထား တာမို့ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုစွမ်းရည်ကို ကြည့်ရမယ့်ပွဲပါပဲ။ ဖယ်လ်ကာအို၊ ဟာဇက်၊ ကော်စတာစတဲ့တိုက်စစ်မှူးတွေနဲ့ ပွဲထွက်လာဖို့ရှိနေတဲ့ ချယ်လ်ဆီးဟာ ပီအက်စ်ဂျီရဲ့ ခံစစ်ကြောင်းကို ဖြတ်ကျော်နိုင်ပါ့မလားဆိုတာ သံသယဖြစ်စရာပါ။ ဒါပေမယ့် အခင်းအကျင်း၊ အစီအမံကောင်းတဲ့ မော်ရင်ဟိုဟာ ပီအက်စ်ဂျီကို နိုင်ပွဲရအောင်အားထုတ်ပါလိမ့်မယ်။

**အေစီမီလန်နှင့် အင်တာမီလန်**

ပြီးခဲ့တဲ့ဘောလုံးရာသီ စီးရီးအေမှာ အဆင့် ၁၀ မှာ ရပ်တည်ခဲ့တဲ့ အေစီမီလန်ဟာ စီးရီးအေကလပ် အင်တာမီလန်နဲ့ ပြန်ဆုံရတာမို့ အမှားခံလို့မရတဲ့ပွဲပါပဲ။ ကိုမီ၊ ဇိုင်ဂိုနီ၊ တောရက်စ်တို့ကို အငှားချထားပေမယ့် အက်ဒရီယာနို၊ မင်နက်ဇ်နဲ့ ဗာဒက်တို့ရဲ့ တိုက်စစ်အားက အေစီမီလန်ကို ရလဒ်ကောင်းအောင်တော့ ကြိုးစားပေးနိုင်နေပါတယ်။ ပြီးခဲ့တဲ့စီးရီးအေမှာ အဆင့်ရှစ်နေရာနဲ့ ကျေနပ်ခဲ့ရတဲ့ အင်တာမီလန်တို့ကတော့ နည်းပြမန်စီနီရဲ့ အခင်းအကျင်းတွေနဲ့ နိုင်ပွဲတွေ ပွေ့ပိုက်နိုင်ဖို့ ကြိုးစားနေပါတယ်။ ပလာစီယို၊ အိုင်ကာဒီ၊ ပူဇ်ကတ်စ်တို့ တိုက်စစ်မှူးတွေက အဆုံးသတ်အားနည်းပေမယ့် အင်အားပြည့်ထိုးဖောက် တိုက်စစ်ဆင်နိုင်သူတွေဖြစ်တာမို့ အေစီမီလန်တို့လည်း အလေးအနက်ထား ကစားရပါလိမ့်မယ်။ အင်တာမီလန်တို့က နိုင်ငံတကာ ကလပ်အသင်း ချန်ပီယံများဖလားပွဲစဉ်တွေမှာ အဓိက ကစားသမားတွေနဲ့ အမှားအယွင်းနည်းအောင် ကစားတတ်တာမို့ ဒီပွဲမှာ အင်တာမီလန်တို့ ရလဒ်ကောင်းထွက်ပေါ်နိုင်ပါတယ်။




# အဲဗာတန်ကွင်းလယ်ကစားသမား စပါးပစ်မှတ်ထား



စပါးအသင်းက အဲဗာတန်ကွင်းလယ်ကစားသမား ဂျိမ်းဝစ်မက္ကာသီကို စာချုပ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ စပါးကမက္ကာသီကို ပေါင် ၁၂ သန်းနဲ့ စာချုပ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အဲဗာတန် နည်းပြ ရော်ဘတ်တိုမာတီနက်ဇ် အနေနဲ့ မက္ကာသီရဲ့ အနာဂတ်အပေါ် ဖြေရှင်းဖို့ ကြိုးစားနေသကဲ့သို့ သူ့ရဲ့ အေးဂျင့်နဲ့လည်း ဆွေးနွေးမှုတွေ ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ် ကွင်းလယ်ကစားသမား မက္ကာသီကို စပါးက ခေါ်ယူဖို့ လိုလိုလားလားဖြစ်နေတဲ့ အနေထားပါ။ အဲဗာတန်အသင်းအနေနဲ့ မက္ကာသီကို ၂၀၁၃ခုနှစ်မှာ အဲဗာတန်နဲ့ ငါးနှစ်စာချုပ်ပြီးကတည်းက ပုံမှန် ပွဲထွက်ကစားခွင့် မပေးနိုင်ခဲ့ပါဘူး။

ကစားသမားတစ်ဦးအနေနဲ့ ပုံမှန်ပွဲထွက် ကစားခွင့်မရဘူးဆိုရင် အဲဒီအသင်းမှာ ပျော်ပိုက်မှာမဟုတ်ဘူးလို့ ကွင်းလယ်ကစားသမား မက္ကာသီက ဆိုပါတယ်။ မက္ကာသီက စင်ကာပူနိုင်ငံမှာ ကျင်းပနေတဲ့ အာရှဖလားပြိုင်ပွဲမှာ ခြေစွမ်းပြကစားခဲ့ပေမယ့် အဲဗာတန်မှာ ဆက်ရှိဖို့ မသေချာပါဘူး။ နည်းပြ မာတီနက်ဇ်နဲ့ ဆက်ဆံရေး ကောင်းနေပေမယ့် အသင်းက ထွက်ခွာဖွယ်ရှိနေပါတယ်။ စပါးအသင်းကတော့ မက္ကာသီကို ခေါ်ယူဖို့ သေချာနေတဲ့ အနေအထားရှိပါတယ်။

# အာဂျင်တီးနားဂိုးသမား မန်ယူ ဆွေးနွေးပြီ

မန်ယူနဲ့ အရန်ဂိုးသမား ဗင်တာဗဲလ်ဒက်ကို ဆီးတဲလ်ဆောင်းဒါးအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အတွက် ဂိုးသမားတစ်ဦးအမြန်ခေါ်ယူဖို့ ပစ်မှတ်ထားလာတဲ့ အဓိက ဂိုး သမားကတော့ ဆမ့်ဒိုးရီးယားကလပ်မှာ ကစားနေတဲ့ ဆာဂျီယိုရိုမီရိုလည်း အပါအဝင်ဖြစ်ပါတယ်။ အခုမန်ယူက ရိုမီရိုနဲ့ ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ အာဂျင်တီးနား ဂိုးသမားရိုမီရိုကို မန်ယူက သုံးနှစ်စာချုပ်နဲ့ ခေါ်ယူဖို့ ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ ယခုသတင်းပတ်အတွင်းမှာစာချုပ်ဖို့ မျှော်လင့်ထားတယ်လို့ သိရပါတယ်။ အသက် ၂၈ နှစ် ရှိတဲ့ ရိုမီရိုကို စီးရီးအေထိပ်တန်းကလပ်ရိုးမားကလည်း ခေါ်ယူဖို့ ကြိုးစားနေတာပါ။ ဒါပေမယ့် မန်ယူနဲ့ပဲ စာချုပ်ဖို့များပါတယ်။ သူဟာ နွေရာသီက ဆမ့်ဒိုးရီးယားမှ ထွက်ခွာခဲ့ပြီးနောက် အေးဂျင့်မရှိဘဲ ဖြစ်နေပါတယ်။ ရိုမီရိုဟာ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းနဲ့အတူ ပါဝင်ကစားခဲ့ပြီး အသင်းကို ဗိုလ်လုပွဲအထိ အရောက်ပို့ပေးနိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာ အိမ်ရှင်ချီလီကို ပယ်နယ်တီနဲ့ ရှုံးနိမ့်သွားခဲ့တာပါတယ်။ အဲဒီကတည်းက ဂိုးသမားလိုအပ်ချက်ရှိနေတဲ့ မန်ယူက ရိုမီရိုကိုခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာပါ။ အခုအခါမှာတော့ တရားဝင်ဆွေးနွေးနေပြီဆိုတော့ မကြာမီမန်ယူနဲ့ စာချုပ်နိုင်မယ့်အနေအထားရှိနေပါတယ်။



# နယူးကာဆယ်မှာ ခြေစွမ်းပြမယ့် အန်းဒါလက်ဇ်တိုက်စစ်မှူး




နယူးကာဆယ်အသင်းက အန်ဒါလက်ဇ်တိုက်စစ်မှူး အလက်ဇန္ဒြားမီထရိုဗစ်ကို ပေါင် ၁၂ သန်းခွဲနဲ့ စာချုပ်လိုက်ပြီဖြစ်ပါတယ်။ အသက် ၂၀ အရွယ်သာရှိသေးတဲ့ အန်ဒါလက်ဇ်တိုက်စစ်မှူးကို နယူးကာဆယ်က ငါးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။ မီထရိုဗစ်ဟာ နယူးကာဆယ်က စာချုပ်ခဲ့တဲ့ ကစားသမားတွေထဲမှာ စတုတ္ထဈေးအမြင့်ဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။ မီထရိုဗစ်ဟာ ဘယ်လ်ဂျီယံကလပ်အန်ဒါလက်ဇ်မှာပွဲပေါင်း ၉၀ ကစားခဲ့ရာမှာ ၄၄ ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဘောလုံးသမားသက်တမ်းတစ်လျှောက်မှာ အသင်းတွေကို ဂိုးများများသွင်းယူပေးနိုင်အောင် ကြိုးစားခဲ့တာပါ။ နယူးကာဆယ်အသင်းမှာလည်း ဂိုးတွေအများကြီးသွင်းပေးသွားမှာပါ။ ဂိုးသွင်းဖို့ စောင့်မနေနိုင်တော့ပါဘူး။ အခုပဲကစားချင်နေပါပြီလို့ မီထရိုဗစ်ကဆိုပါတယ်။ ဂိုးသွင်းစွမ်းရည်ထက်မြက်တဲ့ တိုက်စစ်မှူးကို စာချုပ်နိုင်ခဲ့တဲ့အတွက် လာမယ့်ရာသီမှာ ပြိုင်ဘက်တွေကို မာမာတင်းတင်း ယှဉ်ပြိုင်နိုင်မယ်ဟု မျှော်လင့်တယ်လို့ နည်းပြမက္ကလာရင်ကဆိုပါတယ်။နယူးကာဆယ်အသင်းဟာ PSV အသင်းခေါင်းဆောင် စီနယ်ဒွန်းကိုလည်း ပေါင် ၁၄ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်**

# အသည်းရောင်အသားဝါဘီရောဂါ ကုလို့ရပါပြီ

## အပိုင်း (၂)

ပါမောက္ခ
ခင်မောင်ဝင်း
(အသည်း)

**(၂၀၁၅ ခုနှစ် မတ်လထုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရဲ့ ဘီရောဂါ ကာကွယ်စောင့်ရှောက်ရေးနဲ့ ဘီပိုးနာတာရှည်ပိုး သယ်ဆောင်သူများအား ကုသရေးလမ်းညွှန်စာအုပ်ကို မှီငြမ်းပြီး အသည်းရောင်အသားဝါဘီပိုးအကြောင်း ရေးနေပါတယ်။)**

**ရောဂါလက္ခဏာတွေ**

အသည်းရောင်အသားဝါဘီပိုး ကူးစက်ခံရတဲ့သူတွေ အများစု (၉၀%) လောက်ဟာ ဘာရောဂါလက္ခဏာမှ မပြပါဘူး။ ဘီပိုးဝင်လို့ ရောဂါလက္ခဏာပြတယ်ဆိုတာက အသည်းထဲကို ဝင်လာတဲ့ ဘီပိုးတွေကို ခန္ဓာကိုယ်က ခုခံအားအပြည့်နဲ့ တိုက်ခိုက်လို့ အသည်းဆဲလ်တွေ ပျက်စီးပြီး အသားဝါတာစတဲ့ အသည်းရောင်လက္ခဏာတွေကို ခံစားရတာပါ။

ဆိုလိုတာက လူ့ခန္ဓာကိုယ်က ကိုယ်ခံအားပြည့်ရင် ဝင်လာတဲ့ဘီပိုးကို တိုက်ခိုက်တာများရင် ရောဂါလက္ခဏာပေါ်မှာပေါ့။ ကိုယ်ခံအားနည်းရင် ရောဂါလက္ခဏာမပေါ်ဘူးပေါ့။ ဒါကြောင့်မို့လို့ ကလေးတွေကို ဘီပိုးကူးစက်တယ်ဆိုရင် ကလေးတွေမှာ ကိုယ်ခံအားနည်းတဲ့အတွက် ဘာရောဂါလက္ခဏာမှ မပေါ်ဘဲနဲ့ နာတာရှည်ပိုးသယ်ဆောင်သူတွေ ဖြစ်သွားတတ်တယ်။

ဒါကြောင့်မို့လို့ ဘီပိုးရောဂါခံစားရတဲ့လူတွေမှာ အသားတွေဝါမယ်၊ ရောဂါလက္ခဏာတွေ ပြင်းထန်မယ်ဆိုရင် အဲဒီလူမှာ ဘီပိုးကို တိုက်ထုတ်နိုင်တဲ့ ကိုယ်ခံအား ပြင်းထန်လို့ ဘီပိုးကို အောင်အောင်မြင်မြင် တိုက်နိုင်ပြီး နာတာရှည်ပိုး သယ်ဆောင်တဲ့သူ မဖြစ်နိုင်ဘူးပေါ့။

သွေးစစ်ကြည့်လို့ ဘီပိုးတော့ ဝင်မှန်းသိတယ်။ ဒါပေမယ့် မျက်လုံးလည်း မဝါ၊ ဘာရောဂါလက္ခဏာမှလည်း မပြဘူးဆိုရင်တော့ အဲဒီလူရဲ့ ဘီပိုးကို တိုက်ခိုက်နိုင်တဲ့ ကိုယ်ခံအားနည်းမယ်လို့ ယူဆရမယ်။ ဒါကြောင့် ဝင်ပြီးသားဘီပိုးဟာ ထွက်မသွားတော့ဘဲ နာတာရှည်ပိုးသယ်ဆောင်သူ ဖြစ်သွားဖို့ ရာခိုင်နှုန်းများပါတယ်။

**အသည်းရောင်အသားဝါဘီရောဂါပိုးက ဘာဖြစ်လို့အရေးကြီးတာလဲ**

**နာတာရှည်ပိုးသယ်ဆောင်သူ**

ဘီပိုးစစ်ကြည့်လို့ ဘီပိုးတွေ့တယ်ဆိုတာနဲ့ ဘီပိုးနာတာရှည်သယ်ဆောင်သူလို့ မပြောနိုင်ပါဘူး။ ဘီပိုးတစ်ခါစစ်လို့တွေ့ပြီး ခြောက်လကြာရင် တစ်ခါထပ်စစ်ပါ။ အဲဒီလို ဘီပိုးတွေ့ပြီး ခြောက်လကြာ ထပ်စစ်လို့ ဘီပိုးတွေ့မှသာ ဘီပိုးနာတာရှည် သယ်ဆောင်သူလို့ ပြောနိုင်မှာပါ။ ဆိုလိုတာက ဘီပိုးတစ်ခါတွေ့မယ်။ ခြောက်လစစ်ကြည့်တော့လည်း တွေ့တယ်ဆိုမှ ဘီပိုးနာတာရှည် သယ်ဆောင်သူလို့ သတ်မှတ်ရမှာပေါ့။

ဘီပိုး နာတာရှည်သယ်ဆောင်သူတွေရဲ့ ရောဂါသမိုင်းကြောင်းဖြစ်စဉ်




**နာတာရှည်ပိုးသယ်ဆောင်ထားတော့ ဘာတွေဖြစ်နိုင်လဲ**

ဘီပိုးကို နာတာရှည် သယ်ဆောင်ထားတဲ့သူတွေဟာ ဘာတွေဖြစ်နိုင်သလဲဆိုတော့ အဓိကအားဖြင့် အသည်းခြောက်ရောဂါနဲ့ အသည်းကင်ဆာ ဖြစ်နိုင်ပါတယ်။

ဘီပိုးကို အသည်းဆဲလ်ထဲမှာ အကြာကြီးထားတော့ ဘီပိုးရဲ့ မျိုးရိုးဗီဇ DNA ဟာ အသည်းထဲမှာရှိတဲ့ လူရဲ့ DNA ထဲကို တဖြည်းဖြည်းနဲ့ ဝင်သွားပြီးတော့ အသည်းကင်ဆာဖြစ်နိုင်တာပေါ့။ အသည်းရောင်အသားဝါဘီရောဂါသည် အသည်းကင်ဆာ ဖြစ်တတ်စေပါသည်။

**ဘီပိုးကြောင့် အသည်းကင်ဆာဖြစ်တယ်ဆိုတဲ့ အထောက်အထား**

ကမ္ဘာပေါ်မှာရှိတဲ့ ဘီပိုးဖြစ်နှုန်းပြ မြေပုံနဲ့ အသည်းကင်ဆာဖြစ်နှုန်းပြမြေပုံတို့ဟာ တစ်ထပ်တည်း ဖြစ်နေပါတယ်။ ဆိုလိုတာက ဘီပိုးဟာ အသည်းကင်ဆာဖြစ်စေတဲ့ အဓိက အကြောင်းအရာပါ။

**အသည်းရောင်အသားဝါဘီပိုးဖြစ်နှုန်းဖြစ်ပြဇယား**




Incidence of HBsAg carrier

**ဘီပိုးအကောင်အရေအတွက်နဲ့ အသည်းကင်ဆာ**

အသည်းရောင်အသားဝါဘီရောဂါပိုးများလေလေ အသည်းကင်ဆာဖြစ်နှုန်း များလေပါပဲ။ ဆိုလိုတာက ဘီပိုးတွေများရင် အသည်းကင်ဆာပိုဖြစ်နိုင်တယ် ဆိုတာပေါ့။ ထိုင်ဝမ်နိုင်ငံက ကမ္ဘာကျော် အသည်းရောဂါ ပါရဂူဒေါက်တာချမ်း (Chen)က ၂၀၀၆ ခုနှစ်ထုတ် အမေရိကန် ဆေးပညာအဖွဲ့ရဲ့ ဂျာနယ်အတွဲ (၂၉၅)မှာ အသည်းရောင်ဘီပိုး အဖြစ်များလေလေ အသည်းကင်ဆာဖြစ်နှုန်း များလာတယ်ဆိုတာကို သုတေသနပြုပြီး အထောက်အထားနဲ့ ပြထားပါတယ်။

**ဘီပိုးနဲ့ အလုပ်အကိုင်**

- ဘီပိုးရှိပြီဆိုတာနဲ့ တပ်မတော်နဲ့ ပါဝင်ပတ်သက်တဲ့ တပ်မတော်ဆေးတက္ကသိုလ်၊ စစ်အင်ဂျင်နီယာ တက္ကသိုလ်၊ ဗိုလ်သင်တန်းကျောင်းစတဲ့ အရာရှိသင်တန်းတွေမှာ လုံးဝတက်လို့ မရပါဘူး။
- ဘီပိုးရှိရင် ဘဏ်တွေအတော်များများက အလုပ်လက်မခံပါဘူး။
- ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေမှာ အလုပ်လျှောက်လို့မရပါ။
- ဘီပိုးရှိရင် နိုင်ငံခြားဆေးရုံတွေမှာ ဆရာဝန်၊ သူနာပြုလုပ်လို့ လုံးဝမရပါဘူး။




**မလေးရှား၊ ကိုရီးယားနဲ့ ဘီပိုး**

- ကမ္ဘာပေါ်မှာ ထူးထူးခြားခြား ကိုရီးယားနိုင်ငံနဲ့ မလေးရှားနိုင်ငံနှစ်နိုင်ငံဟာ ဘီပိုးရှိရင် ဘာအလုပ်မှ လုပ်လို့မရပါဘူး။ Work Permit လျှောက်တာနဲ့ တစ်ပါတည်း reject လုပ်ပြီးငြင်းလိုက်ပါတယ်။

**ဘီပိုးနဲ့ စင်ကာပူ**

ဘီပိုးရှိလျှင် စင်ကာပူသွားလို့ မရဘူး။ လေဆိပ်မှာစစ်ပြီးတွေ့ရင်ပြန်လွှတ်တယ်။ Work Permit လျှောက်လို့ မရဘူးလို့ပြောတဲ့သူတွေက အမျိုးမျိုးပြောပြီး ကောလာဟလတွေ ပျံ့နှံ့နေပါတယ်။

တကယ်တော့ ကျွန်တော်ဟာ နေ့စဉ်လိုလို စင်ကာပူသွားပြီး အလုပ်လုပ်မယ့်သူ ကျောင်းသားတွေကို ဆေးစစ်ထောက်ခံပေးနေရတာပါ။

စင်ကာပူသွားမယ့်သူတွေဟာ ဘီပိုးရှိပေမယ့်လည်း ကျန်းမာရေး ကောင်းမွန်တယ်။ အသည်းရောဂါ မရှိဘူး။ အသည်းဟာ ကောင်းတယ်။ မည်သည့်တာဝန်မဆို ထမ်းဆောင်နိုင်တယ်လို့ ထောက်ခံစာရေးပေးလိုက်ရင် စင်ကာပူနိုင်ငံက -

- ကျောင်းတွေ အားလုံးက လက်ခံပါတယ်။
- အလုပ်တွေမှာလည်း
  - အစားအသောက်
  - ဟိုတယ်
  - ဆေးရုံ
  - အိမ်တွေမှာ ကူလုပ်ပေးတာမျိုး မဟုတ်ရင် ကျန်တဲ့ဘာအလုပ်မဆို လုပ်လို့ရပါတယ်။
- Work Permit လည်း ရတယ်။ PR လည်း လျှောက်လို့ ရပါတယ်။
- စင်ကာပူသွားဖို့ လုပ်ထားပြီ ဘီပိုး ရှိတယ်ဆိုလို့ စိတ်ရှုပ်မသွားပါနဲ့၊ သွားလို့ ရပါတယ်။

**(နောက်အပတ်မှာ အသည်းရောင်အသားဝါ ဘီပိုးအကြောင်းကို ဆက်လက် ရေးသွားပါဦးမယ်။)**

# ညောင်ဦးမြို့နယ်ရှိ အထူးအထွက်တိုးပုလဲသွယ်စံကွက်ရိတ်သိမ်း

**ညောင်ဦး ဇူလိုင် ၂၃**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကိုဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာ အုပ်စုကွင်းအမှတ် (၁၃၂၅)၊ ဦးပိုင် (၈/၄)ရှိတောင်သူဦးဝင်းနိုင်၏ လယ်မြေ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှတိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်အောင်က တက်ရောက် ဖွင့်လှစ်ခဲ့ပြီး တောင်သူဦးဝင်းနိုင်၏ ပုလဲသွယ် အထူးအထွက်တိုးစပါးကို စံကွက်ရိတ်သိမ်းယူခဲ့ရာတစ်ဧကလျှင် စပါးတင်းရေ ၁၈၃ တင်းခန့် ထွက်ရှိခဲ့ ကြောင်းသိရသည်။



လက်ပံခြေပေါ် မြစ်ရေတင်စနစ်ဖြင့် လယ်ယာစိုက်ပျိုးသည့် တောင်သူများအား မနောသုခ၊ ဆင်းသုခကဲ့သို့ စပါးမျိုးစိုက်ပျိုးခြင်းထက် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကိုပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်ဧကစပါးထွက်ရှိမှုအခြေအနေများနှင့် ဝင်ငွေပိုမိုရရှိမှုအခြေအနေများကို နှိုင်းယှဉ်၍ စပါးအထွက်နှုန်း ကောင်းမွန်သည့်ပုလဲသွယ်စပ်မျိုးကို စိုက်ပျိုးသင့်ကြောင်း၊ ထိုကဲ့သို့ စပါးစိုက်ပျိုးပြီးပါကလည်း အခြားသီးနှံများစိုက်ပျိုးရာတွင် မိမိတို့ တောင်သူများအတွက် ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေပိုမိုရရှိစေနိုင်မည့် သက်တမ်းတိုသည့် သီးနှံများကို စိုက်ပျိုးသင့်ကြောင်းပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

# မိခင်နှင့် ငါးနှစ်အောက်ကလေး ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လုပ်ဆောင်

**မြိုင် ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ပြည်သူ့ဆေးရုံခန်းမ၌မိခင်နှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုကျဆင်းရေးစီမံချက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးဆွေးနွေးပွဲကို ဇူလိုင် ၂၀ က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဒေါက်တာမြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားသည်။ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ခေတ္တ)တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ဆွေက လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းဆွေးနွေးပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးမင်းသိန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီဟမောင်မောင်တင်တို့က မိခင်နှင့် ငါးနှစ်အောက်ကလေးသေဆုံးမှု ကျဆင်းရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း ဒေသနှင့်ကိုက်ညီမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်ဆွေးနွေးပွဲသို့တက်ရောက်လာကြသော မြို့နယ်ဖွံ့ဖြိုးရေးတိုးတက်ရေး ကော်မတီဝင်များ၊ စည်ပင်သာယာရေးအမှုဆောင်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ၈၄ အုပ်စုမှအုပ်ချုပ်ရေးမှူးများနှင့် ဝိုင်းဖွဲ့၍လုပ်ငန်းစဉ်ဆောင်ရွက်ရန်နည်းလမ်း၊ အခက်အခဲနှင့် လိုအပ်ချက်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းသွားရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၉-၆-၂၀၁၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၁၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာ ပိတ်ရက်မတိုင်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်၊** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၁၆-၃၀၃၃၁/၀၁၆-၃၀၃၃၈) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန**

## မော်တော်ဆိုင်ကယ်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဌာန/လုပ်ငန်း(၃)ခုမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မော်တော်ဆိုင်ကယ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွားရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | (၅) စီး |
| (ခ) | မြန်မာအာမခံလုပ်ငန်း | (၁) စီး |
| (ဂ) | အကောက်ခွန်ဦးစီးဌာန | (၁၆) စီး |
| | **စုစုပေါင်း** | **(၂၂) စီး** |

၂။ တင်ဒါတင်သွင်းလိုသူများသည် အိတ်ဖွင့်တင်ဒါ၊ တင်ဒါပုံးနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ဖုန်း-၂၂၇၅၃၁၊ ၂၂၆၂၈၈၊ ၂၂၂၈၁၈ သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဆက်သွယ်ရေးသော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲသို့ လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**

---

## (အဋ္ဌမအကြိမ်) အမျိုးသားအဆင့်မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းသားများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းကို ၂၀၁၅ စက်တင်ဘာ ၇ ရက်မှစတင်၍ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ပါအချက်အလက်များနှင့် အကျုံးဝင်သူ မသန်စွမ်းလူငယ်များ မည်သူမဆို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**သင်တန်းလျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များ**

- အသက် ၁၈နှစ်မှ ၃၅နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- ဘဝတူမသန်စွမ်းသူများအရေး တက်ကြွစွာသယ်ပိုးဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- ကူးစက်ရောဂါကင်းရှင်းသူဖြစ်ရမည်။ (ဥပမာ-တီဘီ)
- မိမိ၏ နိစ္စဒူဝကိစ္စများကို ကိုယ်တိုင်ဆောင်နိုင်သူဖြစ်ရမည်။
- သင်တန်းကာလမှာ (၃)ပတ်ကြာမြင့်မည်ဖြစ်ပါသည်။

**သင်တန်းမှ ပံ့ပိုးပေးမည့်အစီအစဉ်များ**

- အသွားအပြန်ခရီးစရိတ် (အနည်းဆုံးသတ်မှတ်ထားသည့် ပမာဏ)၊ စားသောက်စရိတ်၊ နေထိုင်စရိတ်နှင့် သင်တန်းစရိတ်များကို အဖွဲ့မှ အကုန်ကျခံပေးမည်။

သင်တန်းသားဦးရေ(၂၀)ဦးသာ လက်ခံမည်ဖြစ်ပါသည်။

မသန်စွမ်းသူ မည်သူမဆိုလျှောက်ထားနိုင်သည်။

(**မှတ်ချက်။** ။သင်တန်းလျှောက်လွှာများအား နှစ်ပတ်လည်လက်ခံပေးနေပါသည်။ ယခုအဋ္ဌမအကြိမ် (၈ကြိမ်)မြောက်အတွက် လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်မှာ ၂၀၁၅ ဩဂုတ်လ ၁၆ရက် ညနေ ၇း၀၀ နာရီဖြစ်သည်။ထိုအချိန်ရက်ထက်ကျော်လွန်၍ရောက်ရှိလာသော သင်တန်းလျှောက်လွှာများအား ယခုအဋ္ဌမအကြိမ် သင်တန်းအတွက်လက်ခံမည်မဟုတ်ပါ။)

**သင်တန်းလျှောက်လွှာရယူရန်နှင့် အသေးစိတ်အချက်အလက်များစုံစမ်းရန် အမှတ်(၁၇/၁၉)၊ သာယာအေးလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရဲရန်အောင်မှတ်တိုင်အနီး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၆၇၂၄၇၊ ၀၉-၄၅၀၀၄၈၀၈၅**

---

**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ခြင်း

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးဌာနခွဲ၊ ဆေးဝါးကုန်ကြမ်းထုတ်လုပ်ရေးဌာနခွဲ(ပြင်ဦးလွင်)၊ အမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း)နှင့် ဇေယျဝတီ သကြားစက်ရုံတို့မှ အသုံးမလိုပိုလျှံစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၇-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၈-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆**

---

## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)အတွက် လိုအပ်သော

| | |
|---|---|
| 1.Laptop Computer Dell Core i5 (4GB) (1TB) | ၇ လုံး |
| 2.TP Link Wireless Adaptor | ၂၂ ခု |

အား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ Open Tender ပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ထုတ်ယူနိုင်ပြီး ၂၃-၇-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၃၁၀၄၅၃ တွင်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)**

---

## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)အတွက် လိုအပ်သော

| | | |
|---|---|---|
| Meeting Table | 8' | ၁၂ လုံး |
| Waiting Chair | 4 ယောက်တွဲ | ၅ လုံး |
| MD Table | | ၁ လုံး |
| ဆုံလည်ကုလားထိုင် | | ၅၀ လုံး |
| Locker | | ၁ လုံး |
| အရာထမ်းစားပွဲငယ် | | ၁ လုံး |

အား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ထုတ်ယူနိုင်ပြီး ၂၃-၇-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၃၁၀၄၅၃ တွင်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တာဝန်ယူဆောင်ရွက်သော နမ့်ဆန်-မန်စံလမ်းတွင် မိုင်(၁၂/၄-၂၀/၄)အတွင်း ၁၆'အကျယ် ကျောက်လမ်းခင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ် ၂၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်

၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၄-၈-၂၀၁၅ရက်၊ ၁၆း၃၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၅-၈-၂၀၁၅ရက်၊ ၉း၃၀နာရီ

၅။ **တင်ဒါတင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၆၁၉၊ ၀၉-၄၉၂၅၄၄၁၇၊၀၉-၄၇၃၀၆၅၄၀၊ ၀၉-၄၃၁၂၇၁၆၀၊ ၀၉-၇၃၀၄၈၀၈၉

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

---

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(H) မှ ဦးညွှန့်ငွေဝင်း၏သား မောင်သူရိန်လှိုင်၏ အမည်မှန်မှာ မောင်ဂျူနိုက် ဖြစ်ပါကြောင်း။

**မောင်ဂျူနိုက်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၆၉၀၁၊ Super Anbo 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးနိုင် ၉/လဝန(နိုင်)၁၉၅၆၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---


**မီးအားရှင် အိမ်၊ခြံ၊မြေ မှရောင်း/ငှားမည်**

| | | | |
|---|---|---|---|
| 1.ရွှေဂုံတိုင်လမ်းမ၊ဗဟ | (100×100) | မြေ | ညှိနှိုင်း |
| 2.သံလွင်လမ်း၊ဗဟ | (0.243ဧက) | မြေ | 1Sqft-2.6L |
| 3.အင်းယားလမ်း၊ကမရ | (50×100) | မြေ,ဆုတ်တိုက် | 22000L |
| 4.သံလွင်လမ်းမ | (42×115) | မြေ | 22000L |
| 5.အုတ်လမ်း၊ဗဟ | (60×100) | RC2½ | 15000L |
| 6.မာလာမြိုင်လမ်းမ(ဆောက်ဆဲ) | (80×80) | RC2 | 14700L |
| 7.ဝေဇယန္တာဥယျာဉ်အိမ်ရာ၊သဃ | (70×70) | RC2 | 13000L |
| 8.ရွှေတောင်ကြားလမ်း၊ဗဟ | (65×50) | မြေ | 9500L |
| 9.သုဝဏ္ဏVIP | (60×80) | RC2 | 6900L |
| 10.ပါရမီရိပ်သာ(နေရာကောင်း) | (55×60) | RC1½,တိုက်သစ် | 5900L |
| 11.သစ္စာလမ်းမ၊တ/ဥ | (20×60) | မြေ | 4500L |
| 12.သုမင်္ဂလာလမ်းမ၊တ/ဥ | (20×60) | မြေ | 3800L |
| 13.ဦးဝိစာရလမ်းမ၊မ/ဒဂုံ | (45×65) | မြေ,(∠ထွက်) | 2900L |
| 14.ဗြဟ္မစိုရ်လမ်းမ၊တ/ဥ | (20×60) | မြေ | 2800L |
| 15.ကုန်းမြင့်ရိပ်သာ၊မရက | (30×50) | မြေ | 2700L |
| 16.(၁၀)ရပ်ကွက်၊တ/ဥ | (20×60) | မြေ | 1300L |
| 17.ကုန်းဘောင်အိမ်ရာ၊ရွေ/ဒဂုံ | (80×90) | မြေ | 1200L |
| 18.(၄၄)ရပ်ကွက်(ဗထူးလမ်းအနီး) | (40×60) | မြေ | 870L |
| 19.ရန်ကုန်စက်မှုဇုန် | (2ဧက) | မြေ | 1ဧက-4000L |
| 20.ဒဂုံဆိပ်ကမ်းစက်မှုဇုန် | (2.57ဧက) | မြေ | 1ဧက-3800L |
| 21.ရွှေပေါက်ကံစက်မှုဇုန် | (220×100) | ဂို(200×100) | 50L |
| 22.အရှေ့ဒဂုံစက်မှုဇုန် | (1ဧက) | ဂို(120×140)315KVA | 50L |

☎- 0973161672, 0973494343, 0973054542

စက်မှုဇုန်/လုံးချင်း/မြေများကို ဆက်သွယ်အပ်နှံနိုင်ပါသည်။


---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ကားဂိတ်ဆိုင်ခန်းအမှတ်(က-၄၅)အား ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၁၁၆နေ ဦးကြည်သောင်း ၉/ကပတ(နိုင်)၁၂၀၈၈၆ က အမည်ပေါက်ပိုင်ဆိုင်၍ ပြည်မြို့၊ ရွာဘဲရပ်၊ မင်္ဂလာဦးနယ်မြေ၊ မေတ္တာလမ်း၊ အမှတ်(၇၀)နေ ဦးကျော်လွင်ဦး ၇/ပမန(နိုင်)၁၁၇၄၄၃က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော်များ၏ JP Work Co.,Ltd. သည် ၁-၁၀-၂၀၁၄ ရက်တွင် အမှတ် ၇၁၁ အပ်ဖ်စီ/၂၀၁၄-၂၀၁၅ ဖြင့် မြန်မာနိုင်ငံအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး ယာယီမှတ်ပုံတင်လက်မှတ်ရရှိခဲ့ပါသည်။ ယခုအခါ ကျွန်တော်တို့သည် အဆိုပါကုမ္ပဏီအား အသုံးပြုရန်မလိုအပ်တော့ပါသဖြင့် ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲငွေ**
**အုပ်ချုပ်မှုဒါရိုက်တာ**
**JP Work Co.,Ltd.**
**အမှတ် ၃၄-၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**


myanmar national airlines
New international route from Yangon to Singapore starting 17th August.
Fly round trip from US$239
Be among the first to fly our new Myanmar National Airlines international service to Singapore. Flights depart from Mandalay, Thandwe and Bagan, via Yangon with exclusive, one-time check-in and immigration clearance at your point of departure.
Book now, contact our hotline on: 01 378 603 or call centre on: 01 377 840 ~ 843 or 09 254219651 or online: www.flymna.com
myanmar
XY-ALB
Sun Far Travel & Tours Tel. 01 243993
Columbus Travels Tel. 01 229245, 01 378535
Nice Fare Travel Tel. 01 255699, 01 255897
Seven Diamond Express Tel. 01 392974, 01 392975
Like us on Myanmar National Airlines
Journey of a lifetime

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၅၅၁၅ ခေတ္တရာ ဝက်ဂွန် KTR 0/ A S/W(4×4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးလွင် ၁/မမန(နိုင်)၀၁၈၉၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၇၈၃၉ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ညိမ်း ၉/မနမ(နိုင်)၀၃၀၆၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေး)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ အကွက်အမှတ် ၁၀၊ ဦးပိုင်အမှတ် ၉၀၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ မြေကို မီးရထားလမ်းနှင့် မလွတ်ကင်းသောနေအိမ်များ၊ ပြောင်းရွှေ့ဖယ်ရှားရခြင်းကြောင့် ဦးမောင်မောင်အမည်ဖြင့် ချထားပေးသော မြေဖြစ်ပါသည်။ ယင်းမြေအတွက် ချထားပေးသော မြေချမိန့်/စလစ်မှာ ပျောက်ဆုံးသွားပါသဖြင့် နှစ်(၃၀)အငှားဂရန် ပထမအကြိမ်လျှောက်ထားရာတွင် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား မှတ်ပုံတင်စာချုပ်မူရင်း တရားရုံးဒီကရီများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## အမည်ပြောင်း

ဦးတင်ငွေး၏ သား ကွမ်းခြံကုန်းမြို့၊ အထက(၂) နဝမတန်း(D)မှ မောင်ဖုန်းပြည့်စိုးအား ယနေ့မှစ၍ မောင်ဘုန်းပြည့်စိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းပြည့်စိုး**

## အမည်ပြောင်း

ဦးသန်းထိုက် ၁၂/မဂဒ(နိုင်)၀၀၆၉၂၉၊ ဒေါ်မြင့်မြင့်သိန်း ၇/သကန(နိုင်)၀၆၆၆၈၂တို့၏ သားဖြစ်သူ သုဝဏ္ဏ ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ထိုက်တန်ဝင်း(ခ)မောင်လူမင်းအောင်အား မောင်ထူးရဲထိုက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထူးရဲထိုက်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၇၆၀၆၃ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၁၈၈၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## လူပျောက်ကြော်ငြာ

မော်လမြိုင်မြို့၊ စမ်းကြီးအင်းဝိုင်းရပ်နေ ကိုမျိုးမင်းမြတ်၏ဇနီး မဇာဇာလှိုင်(ခ)မဖြူလေး ၁၂/လကန(နိုင်)၂၁၇၈၂၉ (ဘ) ဦးတင်ဦးသည် ၁၀-၈-၂၀၁၄ ရက်မှစ၍ ပျောက်ဆုံးသွားပါသည်။ ဒီအတောအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရှာဖွေပါသော်လည်း မတွေ့ရှိပါ။ သို့ဖြစ်ပါ၍ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ မဇာဇာလှိုင်(ခ)မဖြူလေးအား မည်သို့အကြောင်းဖြင့်ဖြစ်စေ ဖြားယောင်းသွေးဆောင်လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုမျိုးမင်းမြတ် ၁၀/မလမ(နိုင်)၁၃၄၈၄၆**
**စမ်းကြီး၊ အင်းဝိုင်းရပ်၊ မော်လမြိုင်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/2487 SANGDA TRUCK P/U(4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအာကာ ၁၂/မဂဒ(နိုင်)၁၆၈၈၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7361, Swan Htet L/T (1) Ton, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးထိုက် ၁၂/ပဇတ(နိုင်)၀၀၈၆၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/7559၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်ခင်မိုးနွယ် ၁၁/တကန(နိုင်)၀၅၄၂၁၀ ၏ဖခင်အမည်မှန်မှာ ဦးစိုးသန့်ဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်ချုပ်ဆိုသည့် အိမ်နှင့် မြေအရောင်းအဝယ်စာချုပ်နှင့် ဂရန်လျှောက်ထားလာရာတွင် ပါရှိသော ဦးအေးသန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။


ဒေါက်တာ ဆရာမြင့် (စကြာမင်း) ရဲ့... မြင့်မြန်မာ အမှတ်တံဆိပ်

အပူအပုပ်ကင်းပြီး အကြောတက်ညောင်းညာကင်းဝေး အသီကျ၍ ကျန်းမာစေတဲ့ဆေး...၊ ဆေးတစ်မျိုးတည်းနဲ့ အကြောလည်းပြေ ဝမ်းလည်းမှန်တဲ့ မြင့်မြန်မာအမှတ်တံဆိပ် အကြောပြေဝမ်းမှန်ဆေး...

ဝေတာ ရှောက်သီး အကြောပြေ ဝမ်းမှန်ဆေး

ပင်ရင်း၊ စကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - အမှတ်(၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉၇၃ ၂၁၁၀၆၁။


## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁-တိုးချဲ့၊ မြေကွက်အမှတ် ၂၈၆၊ မြေကွက်တည်နေရာအမှတ် ၂၈၆၊ မြို့သစ် ၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးမြိုင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးသန်းဝင်းအောင်မှ တရားလိုပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ် ၄၁/၂၀၁၄ ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ဒေါ်အုံးမြိုင်အား (တရားပြိုင်)ထားရှိ၍ တရားစွဲဆိုခဲ့ရာ တရားလိုမှအနိုင်ဒီကရီရရှိလာပါသည်။ ဇာရီမှုအမှတ်၈/၂၀၁၅အရ တရားရုံးကိုယ်စားဆောင်ရွက်ရန် တရားရုံးမှခန့်အပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်) ၁၁/ကတန(နိုင်)၀၀၀၆၇၄မှ တရားရုံးအထောက်အထား ဘီလစ်ခန့်စာ၊ နှစ်၆၀မြေငှားဂရန် ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**





Prime livingmall

အထူးကျေးဇူးတင်ရှိခြင်း

(၁၉.၇.၂၀၁၅) ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်ခဲ့သော Prime Livingmall ၏ Grand Opening Ceremony သို့ ကြွရောက်ချီးမြှင့်အားပေးခဲ့သော ဂုဏ်သရေရှိ လူကြီးမင်းများ၊ အထူးဧည့်သည်တော်များ၊ အခမ်းအနားပြစ်မြောက်ရေးအတွက် အပက်ပက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သူများ အားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။

ဆက်လက်၍လည်း Index, WINNER,LOGICA, THERAFLEX အမှတ်တံဆိပ် အဆင့်မြင့် Furniture များကို အမှတ် (၅၄၊ စ) ၊ကမ္ဘာအေးဘုရားလမ်း၊ နဝဒေးလမ်းဆုံအနီး၊ မရမ်းကုန်း၊ Prime Livingmall ( Phone No: 09 785 800 800) တွင်ဝယ်ယူအားပေးနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

info@primelivingmall.com


## ဦးသိန်းလွင် (ဘ) ဦးဘထွန်း ၁၂/ဗဟန(နိုင်)၀၇၁၆၄၂ သိစေရန်

လူကြီးမင်းသည် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ငါးရက်အတွင်း ဦးမျိုးသိန်း (ဘ)ဦးထွန်းစိန် ၁၂/တကန(နိုင်)၁၃၈၅၄၅ ထံသို့ အမြန်ဆုံးဆက်သွယ်ရန်နှင့် သတ်မှတ်ရက်အတွင်း ဆောင်ရွက်မှုမပြုပါက လူကြီးမင်းနှင့် ဦးမျိုးသိန်းတို့ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လူကြီးမင်းအပေါ် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဦးမျိုးသိန်း၏ နစ်နာမှု ကိစ္စအဝဝအားလုံးကိုလည်း လူကြီးမင်းအပေါ်၌သာ တာဝန်ရှိစေမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းရွှေ LL.B, D.B.L**
**အထက်တန်းရှေ့နေ**
**အမှတ် (၉၉)၊ ပထပ် (ဘယ်)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၄၀၂၂**

## ဒေါ်ရောက်ဂူ ၁၃/လရန(နိုင်)၀၅၄၈၆၇ နှင့်သားဖြစ်သူ ကိုသန်းအောင်မိုး ၁၃/လရန(နိုင်)၁၂၄၆၉၁ နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာအောက်လမ်း၊ အမှတ် ၉၃/၉၅နေ ဒေါ်တင်တင်အေး ၁၂/ပဘတ(နိုင်)၀၁၂၀၅၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(ဘီ/၃)၊ မြေအမျိုးအစား နှစ် ၆၀ မြေငှားဂရန်၊ အကျယ်အဝန်း(၄၂ပေ×ပေ ၅၀)၊ ဧရိယာ ၀ဒသမ ၀၄၉ဧကအကျယ်ရှိ ဒေါ်ရောက်ဂူအမည်ပေါက် မြေနှင့်အိမ်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ရောက်ဂူနှင့် သားဖြစ်သူ ကိုသန်းအောင်မိုးတို့ထံမှ ဒေါ်တင်တင်အေးက ၂၅-၄-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ကာလတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀၀/-(ကျပ်သိန်းကိုးထောင့်ငါးရာတိတိ)ဖြင့် ရောင်းချဝယ်ယူရန် သဘောတူကြပြီးနောက် ၁၀-၄-၂၀၁၅ရက်တွင် ပထမအရစ်အဖြစ် စရန်ငွေကျပ် ၅၀၀၀၀၀၀၀/-(ကျပ်သိန်းငါးရာတိတိ)ကိုလည်းကောင်း၊ ၂၅-၄-၂၀၁၅ရက်တွင် ဒုတိယအရစ်အဖြစ် စရန်ငွေကျပ် ၁၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင်တိတိ)ကိုလည်းကောင်း ပေးချေရာ ဒေါ်ရောက်ဂူနှင့် ဦးသန်းအောင်မိုးတို့က လက်ခံရယူသွားခဲ့ပြီးဖြစ်သည့်အပြင် တတိယအရစ် စရန်ငွေအဖြစ် ငွေကျပ် ၄၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းလေးထောင်တိတိ)ကို ၃၀-၆-၂၀၁၅ရက်တွင် ပေးချေလက်ခံကြရန်နှင့် ထိုနေ့မှာပင် ရောင်းချသူများဖြစ်ကြသော ဒေါ်ရောက်ဂူနှင့် ကိုသန်းအောင်မိုးတို့က ရောင်းချသည့် မြေအဆောက်အအုံနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ဝယ်ယူသူလက်ဝယ်သို့ လက်ရောက်အပ်နှံရန် သဘောတူညီထားခဲ့ကြသော်လည်း ဒေါ်တင်တင်အေးက တတိယအရစ် စရန်ငွေကျပ် ၄၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းလေးထောင်တိတိ)ကို ပေးချေပြီး ရောင်းချထားသည့် မြေအဆောက်အအုံ၏ပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်းများကို လွှဲအပ်ပေးရန် အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ရောင်းချသူ ဒေါ်ရောက်ဂူနှင့် ကိုသန်းအောင်မိုးတို့ဘက်မှ စာချုပ်ပါအတိုင်း ဆောင်ရွက်ပေးရန် ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ရောက်ဂူနှင့် ကိုသန်းအောင်မိုးတို့က တတိယအရစ် ပေးချေငွေ ၄၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းလေးထောင်တိတိ)ကိုလက်ခံပြီး ရောင်းချသည့်မြေနှင့် အဆောက်အအုံ၏ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများကို ၃၁-၇-၂၀၁၅ရက် နောက်ဆုံးထား၍ ဒေါ်တင်တင်အေးလက်ဝယ်သို့ ပေးအပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ဒေါ်ရောက်ဂူနှင့် ကိုသန်းအောင်မိုးတို့ဘက်မှ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ရောက်ဂူ၊ ကိုသန်းအောင်မိုးတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | | |
|---|---|---|---|
| ဒေါ်တင်တင်အေး | ဒေါ်စန္ဒာအောင် | ဦးမျိုးရွှေ | ဦးမျိုးကျော် |
| ၁၂/ပဘတ(နိုင်)၀၁၂၀၅၂ | (စဉ်-၃၃၅၆၇) | (စဉ်-၁၂၇၇၉) | (စဉ်-၂၈၉၆၉) |

**အထက်တန်းရှေ့နေများ**
**အမှတ်(၁၀)၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၄၆၈၈၆**

# "ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

**TMW Enterprise Limited** မှတင်သွင်းဖြန့်ချိသော " **INAX** "၏

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျရောက်သော (၁၀) နှစ်ပြည့် နှစ်ပတ်လည်နှင့်

ကုန်ပစ္စည်းသစ် " **GROHE** " မိတ်ဆက်ပွဲမှသည် နောင်နှစ်ပေါင်းများစွာတိုင် လုပ်ငန်းများ

ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြင့်ဝေ၊ ဦးခွန်နောင်မြင့်ဝေ၊ ဦးလွင်မိုး၊ ဦးနောင်ခွန်မြင့်ဝေ

**Wa Minn Group of Companies**

## School of Engineering



အင်္ဂလန်နိုင်ငံ တက္ကသိုလ်များမှ အင်ဂျင်နီယာဘွဲ့များကို ရရှိရန်
အသက်မွေးဝမ်းကျောင်းပညာ (Vocational Training) အလေးပေးသော
MCC Polytechnic များတွင် တက်ရောက်သင်ကြားနိုင်ပါသည်။

**Middlesex University (UK)**

- B.Sc (Design Engineering)
- B.Eng (Computer System Engineering)




**Birmingham City University (UK)**

- B.Eng (Mechanical Engineering)
- B.Eng (Electrical Engineering)
- B.Sc (Hons) (Construction Management)
- B.Sc (Hons) (Architecture Management)




**Hot-Line: 01-246634, 01-2304156**

MCC Polytechnic (Yangon) - 01-245762, 249152, 395512
MCC Polytechnic (Mandalay) - 09-91034062, 09-402671562, 011- 202113, 02-77930
MCC Polytechnic (Naypyitaw) - 09-31354842, 09-254148940
MCC Polytechnic (Yatanarpon) - 02-5178112, 02-5178132
02-5178113, 09-43104966

**Enroll Now! July - 27**

www.facebook.com/mcc.institute

**M.C.B BANK**
**Myanmar Citizens Bank Co., Ltd.**

ဝန်ထမ်းအလိုရှိသည်

( ပြည်ဘဏ်ခွဲနှင့် စစ်တွေဘဏ်ခွဲတို့တွင် ခန့်ထားရန် )

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် ပြည်ဘဏ်ခွဲနှင့် စစ်တွေဘဏ်ခွဲတို့တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည် -

(က) လျှောက်ထားလိုသူများသည် စီးပွားရေးဆိုင်ရာ ဘွဲ့ရသူများ/ ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ရ / ဥပဒေပညာဘွဲ့ / ကွန်ပျူတာဘွဲ့ရ / သိပ္ပံဘွဲ့နှင့် CPA လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ / မဟာဘွဲ့ရရှိသူများ / BA (English)ဘွဲ့ရရှိသူများ။

(ခ) အသက် (၃၀)နှစ်ထက်မကြီးသူ ဖြစ်ရပါမည်။ (လုပ်ငန်းအတွေ့အကြုံပေါ်မူတည်ပြီး အသက်ကန့်သတ်ချက်အား သီးခြားစဉ်းစားမည်။)

(ဂ) မြန်မာ့စီးပွားရေးဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့ဘူးသော အငြိမ်းစားဝန်ထမ်းများ လျှောက်ထားနိုင်သည်။

(ဃ) ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများကို ဦးစားပေးပါမည်။

၂။ လျှောက်ထားသူသည် မိမိ၏ အလုပ်လျှောက်လွှာ၊ ပညာအရည်အချင်းနှင့် လုပ်သက်အတွေ့အကြုံ အထောက်အထား မိတ္တူ၊ ဓါတ်ပုံ (၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ ပူးတွဲ၍ (၁၃-၈-၂၀၁၅)နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ အသေးစိတ် သိလိုပါက (၀၁-၂၄၅၉၃၈)သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

**Sweet Angel** NAIL ART & BEAUTY TRAINING SCHOOL

အလှအပဆိုင်ရာပညာရပ်များကို တစ်နေရာတည်းမှာ ဘာသာစုံ သင်ယူလိုသူများအတွက်

| | | |
|---|---|---|
| ဆံပင်ညှပ် | 250,000 | 2 Months |
| မိတ်ကပ် | 250,000 | 1 Month |
| ဆံထုံး | 250,000 | 2 Months |
| လျှော်/ဆိုး/ဖြောင့်/ကောက် | 300,000 | 1½ Month |
| လက်သည်းပုံဖော်ပန်းချီ | 250,000 | 2 Months |
| Foot Massage/Spa | 150,000 | 2 Weeks |
| Body Massage/Spa | 150,000 | 2 Weeks |

အခန်း(၄၀၆)၊ ပန်းခြံတာဝါ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph :01-538510, 09-33546597, 09-5107347


**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ (အကွက် ၉၀)၊ မြေကွက်အမှတ် (၁၆၂)၊ မြေကွက်တည်နေရာအမှတ် ၇၉၊ ဘယသုဒ္ဓိလမ်း၊ပုသိမ်ညွှန့်ရပ်ကွက်၊ ဒေါ်ကြင်ကြင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြင်ကြင် (မိခင်)နှင့် ဦးစိန်မောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်ခင်မျိုးမြင့် ၁၀/မလမ(နိုင်) ၀၁၄၀၆၁၊ ၂။ ဒေါ်လှလှဌေး ၁၂/တမန(နိုင်)၀၁၁၃၈၄၊ ၃။ ဒေါ်ညွန့်ညွန့်မေ ၁၂/တမန(နိုင်) ၀၁၀၇၉၁၊ ၄။ ဒေါ်ခင်မျိုးချစ် ၁၂/တမန(နိုင်)၀၆၅၆၁၄တို့က သမီးများတော်စပ် ကြောင်း ကျမ်းကျိန်လွှာ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃ယ/၇၈၂၃၈၊ Yunde CYD 125-53, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၉/ပသက(နိုင်)၀၈၀၁၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၀ယ/၆၇၃၈၉၊ Hensim 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်းအောင် ၉/မရမ(နိုင်)၀၈၀၂၉၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဟ/၈၅၇၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးဝေမာ ၁၀/သထန(နိုင်) ၁၅၈၂၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## "ဘဒ္ဒန္တပညာနန္ဒ(ကျောက်ပန်းတောင်းမြို့နယ်အသင်း)၏ (၅)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်းအထိမ်းအမှတ်ဖိတ်ကြားလွှာ"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မာလာရုံကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရ၏ ဆရာဦးလေးဖြစ်တော်မူသော ဘဒ္ဒန္တပညာနန္ဒစံလွန်တော်မူခဲ့သည်မှာ (၅)နှစ်ပြည့်မြောက်ပြီဖြစ်သဖြင့် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **နေ့ရက်** | - ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ၂၆-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) |
| **အချိန်** | - နံနက် ၉ နာရီမှ စတင်ပါမည် |
| **နေရာ** | - မာလာရုံကျောင်း၊ ကြားတောရလမ်း၊ ဓမ္မသုခတိုက်၊ ဗဟန်းမြို့နယ် |
| **ဖုန်း** | - ၀၁-၅၅၉၆၂၅၊ ၀၉-၄၅၀၀၂၀၆၄၃ |

**တပည့်များ**
**ဒါယကာ၊ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နန်းမွန်(ခ)
### စာရေးဆရာမကြီး ဒေါ်နန်းမွန်ဟိန်း

**နာယက၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း**
**အသက် (၈၂)နှစ်**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတွင် နှစ်ပေါင်းများစွာ ဦးဆောင်လမ်းညွှန်အကြံပေးခဲ့ပါသော နာယကကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နန်းမွန်သည် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်း ကြေကွဲရပါကြောင်းနှင့် အသင်း၏အစားထိုးမရနိုင်သော ဆုံးရှုံးမှုဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း**

# (၁)လပြည့်အလွမ်းအလှူ
## ဒေါ်တင်တင်နွယ်(ခ)ဒေါ်တင်တင်နွဲ့
## အသက်(၈၂)နှစ်

၂၄-၆-၂၀၁၅ရက် နံနက် ဗဟိုစည်အထူးကုဆေးရုံကြီးတွင် ကွယ်လွန်ခဲ့သော ကျွန်တော် ကျွန်မတို့ "လေးစားချစ်ခင်မြတ်နိုးတန်ဖိုးထားရပါသော မိခင်ကြီး ဒေါ်တင်တင်နွယ်(ခ)ဒေါ်တင်တင်နွဲ့" အား ရည်းစူး၍(၁)လပြည့်သော ၂၄-၇-၂၀၁၅ရက်တွင် လှိုင်မြို့နယ် မေတ္တာဝါဒီ(ပရဟိတ)မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း၊ တိုက်ကြီးတွင် သံဃာတော်များအပါအဝင် မိဘမဲ့ကလေး (၅၀၀)တို့အား တစ်နေ့ကုန် ဆွမ်း၊ သင်္ကန်း၊ ခဲဖွယ်၊ ဝတ္ထု အစုစုတို့ဖြင့် လှူဒါန်းအမျှဝေခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် အလင်းလှူဒါန်းခြင်း၊ ရန်ကုန်မြို့၊ ဇီဝိတသံဃာ့ဆေးရုံကြီးတွင် ဆေးပဒေသာပင် လှူဒါန်းခြင်း၊ ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၊ ဘူပြောင်းရပ်၊ ဓမ္မဂူတကျောင်းတိုက်ရှိ သံဃာတော်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ခဲဖွယ်ဝတ္ထုများလှူဒါန်းခြင်း၊ ကန်တော်လေးဘိုးဘွားရိပ်သာတွင် ဆေးပဒေသာပင်လှူဒါန်းခြင်း၊ မြောက်ဒဂုံနာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းခြင်းတို့ကို ဂါရဝတရားမေတ္တာထား၍ လှူဒါန်းပြီးစီးမှုအစုစုကို ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား သာဓုအနုမောဒန ခေါ်ယူနိုင်ကြပါစေ။

**မေမေ မြင့်မြတ်သောဘုံဘဝမှာ ငြိမ်းချမ်းပါစေ။**

**ကျန်ရစ်သူမိသားစု အမှတ်(၆-ဒီ)၊ နံ့သာကုန်းရိပ်သာလမ်း၊ အင်းစိန်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၂၈/၃၀)တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ငါးလွှာ(ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၆×၅၀)ပေရှိ တိုက်ခန်းအား ၁-၂-၁၉၉၇ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသော တိုက်ခန်းဖြစ်ကြောင်း တင်ပြဝန်ခံသူ ဦးတင်ထွေး ၁၀/ပမန(နိုင်)၀၈၆၈၂၇ နှင့် ဒေါ်ခင်စန်းဝင်းတို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**အမှတ်(၈)၊ အောင်သုခလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးအောင်နိုင် (ငြိမ်း)**
**B.Sc, D.S.A**
**(စစ်တက္ကသိုလ် အပတ်စဉ်-၁၆)**
**အသက် (၆၂)နှစ်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ-ဒေါ်လှဲ့လှဲ့ကြည်တို့၏ညီ ဗိုလ်မှူးအောင်နိုင် (ငြိမ်း)သည် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ် ဦးညီညီစံနှင့်ဇနီး ဒေါ်နီနီရှိန်**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဝန်ထမ်းမိသားစုများ**

**ဖခင် အမည်မှန်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အထက(၂) ထခွဲ၊ တက္ကသိုလ်ဝင်တန်း B,(Eco)တွဲမှ မောင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့် ၁၀/ကထန(နိုင်)၀၅၆၂၇၀ ဖြစ်ပါကြောင်း။

**ဦးတင်မြင့်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ကြေးနီကန်(ထားဝယ်)တိုက်ကြပ်ကျောင်းတိုက်ကြီး၏**
**ဦးစီးပဓာနမဟာနာယကဆရာတော်**
### ဘဒ္ဒန္တတေဇိန္ဒ မဟာထေရ်မြတ် (ပဲခူးမြို့)
**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ ကြေးနီကန်ဝိနည်းစာတော်ပြန်ပွဲကြီး၏ပဓာန မဟာနာယက၊ အမှတ်(၄)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်၊ သမိုင်းဝင်မဟာစေတီတော်မြတ်ကြီး၊ မြသာလျောင်းရုပ်ပွားတော်မြတ်တို့၏ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃာ့သမုတိရ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စူဠဂန္ထဝါစကပဏ္ဍိတဆရာတော် ဘဒ္ဒန္တတေဇိန္ဒ မဟာထေရ်မြတ်၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကမြိုင်ကျေးရွာနေ [ခမည်းတော် ဦးဖိုးသက်-မယ်တော် ဒေါ်ခင်သူ] တို့၏သားတော်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ကြေးနီကန်(ထားဝယ်)တိုက်ကြပ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဆရာတော်သည်(၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ရက်) ၁၉-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠာန ပူဇာသဘင်ပူဇော်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**
**ကြေးနီကန်(ထားဝယ်)တိုက်ကြပ်ကျောင်းတိုက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူး အောင်နိုင်(ငြိမ်း)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလလမ်း၊ အမှတ်(၁၆)နေ ဒေါ်သဇင်ဌေး၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဗိုလ်မှူး အောင်နိုင်(ငြိမ်း)သည် ၂၁-၇-၂၀ ၁၅(အင်္ဂါနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဒေါ်အေးရီ (မြိတ်) အသက်(၈၃)နှစ်

မြိတ်မြို့၊ တလိုင်းစုရပ်နေ (ဦးပိန်-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးရွှေဘာ-ဒေါ်သင်းညွှာ)တို့၏သမီးချွေးမ၊ ရန်ကုန် မြို့၊ လမ်းမတော်မြို့နယ်၊ ၆ လမ်း၊ အမှတ် ၆၂၊ ပထမထပ်နေ (ဦးသိမ်းဆွေ)၏ဇနီး၊ ဦးဝင်းဆွေ-ဒေါ်ဝင်းမြ၊ ဒေါ်ငွေး ငွေးဆွေ၊ ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်မြင့်မြင့်ဆွေ(အထကခွဲ၊ အလက-၃၊ မြိတ်)၊ ဒေါ်သန်းသန်းဆွေ(အထက-၃၊ မြိတ်)၊ (ဦးသင်းဆွေ)-ဒေါ်ခင်မြင့်မော်၊ ဒေါ်သီသီဆွေ၊ ဦးမင်းဆွေ-ဒေါ်ထွေးထွေး၊ ဦး မြတ်ဆွေ၊ ဦးလတ်ဆွေ (LIZ STAR SHIPPING)-ဒေါ်ဝေလတ်ဖြိုး၊ ဦးတင့်ဆွေ (DRAGON JEWEL SHIPPING)၊ ဦးညီညီဆွေ (DRAGON JEWEL SHIPPING)၊ ဦးအောင်မျိုးဆွေ(MARINER SHIPPING)၊ ဦးမောင်မောင်အောင်(စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တ လေးတိုင်းဒေသကြီး)-ဒေါ်မို့မို့ဆွေ(ဒု- မန်နေဂျာ၊ မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ၊ ရိုးမဘဏ်)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၂-၇-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(လမ်းမတော်မြို့နယ်၊ ၆လမ်း၊ အမှတ် ၆၂၊ ပထမထပ်နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**
### ဒေါ်ခင်မျိုးဆွေ
**မာဂရက် ဘချစ်(ရေစကြို)**
**အသက်(၈၀)**

အမေ ကွယ်လွန်သွားသည့်အတွက် သားမှာ အစားထိုးလို့မရတဲ့ဆုံးရှုံးမှုဖြစ်ပါတယ်။ နေ့စဉ်သားပြုနေသမျှကောင်းမှု ကုသိုလ်အရပ်ရပ်တို့ကို အမေရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**သား- ဗိုလ်ကြီးကျော်မျိုးမင်း**
**အမှတ်(၁)ပင်မအလုပ်ရုံ(လျှပ်/စက်)**
**အစိတ်အပိုင်းများထုတ်လုပ်ရေးဌာန**

## ဒေါ်ခင်မေဦး (မကွေး) အသက် (၇၈)နှစ်
**အငြိမ်းစားပညာရေးဝန်ထမ်း၊ အထက-၃၊ ပန်းဘဲတန်း**

မကွေးမြို့၊ ပွဲကြိုရပ်၊အမှတ်၉/ခ၊ ဗိုလ်ချုပ်လမ်းနေ (ဦးလေးမောင်-ဒေါ်ချော)တို့၏ သမီး၊ (ဦးတင်ထွန်း၊ နတ်မောက်) တရားရုံးချုပ်ရှေ့နေ၏ဇနီး၊ ဒေါ်ခင်သူဇာထွန်း-ဦးအောင်ဇော်ဦး၊ ( ဦးမင်းထွန်း)၊ ဦးရဲဒင်(ခေတ္တ-မလေး) ၊ ဒေါ်ပုံ့ပုံ့ဖြူဇင်- ဦးနန္ဒာလှိုင်တို့၏မိခင်၊ မောင်ဆွေမင်းဦး-မမိုးပွင့်ဖြူ (ခေတ္တ-စင်ကာပူ)၊ မစုအိန္ဒြေထွန်း၊ မောင်အောင်ဘုန်းပြည့်၊ မကဗျာဖြူ၊ မောင်လေပြေသွေးတို့၏အဘွား၊ မောင်မင်းသွေးနီ၏ ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၅ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၅ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၆၈/၁၈၈)၊ အခန်း ၃၃၊ ၂၇ လမ်း၊ ပန်းဘဲတန်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း

### ဦးJohn တင်မောင်
**သခင်ရန်ကုန်လက်ထောက်သာသနာပိုင်၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်**
**အသက်(၇၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ တောမကျေးရွာနေ ဦးမန်း-ဒေါ်ပုတို့၏သားကြီး၊ အင်းစိန်၊ ဗဟိုလမ်းရှိ ခရစ်တော်ဘွဲ့မခံဘုရားကျောင်းဝင်းနေ ဦးဆင့်-ဒေါ်တင်မေတို့၏သားသမက်၊ [ဒေါ်ခင်မေဆင့်-ကျောင်းအုပ်(ငြိမ်း)(Mary Chapman School)]၏ခင်ပွန်း၊ ဒေါ်တင်မေ-ဦးသောင်းညွန့်၊ ဦးတင်အောင်-ဒေါ်စန်းရီ၊ ဦးပီတာ-ဒေါ်သန်းဝင်း၊ မိုင်ခင်မီ၊ မအေးနာမီအေးတို့၏အစ်ကိုကြီး၊ ဦးအောင်တင်ဆင့် (Myanmar Posco)-ဒေါ်ဝင်းမိုးမိုး(Mary Chapman School)၊ မအေးမီအေးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းဆင့်ဝင်း(Grade-9L,TTC)၏အဘိုးသည် ၂၁-၇-၂၀၁၅ရက် ည ၁၀း၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၇-၂၀၁၅ရက်(သောကြာနေ့)နံနက် ၉နာရီတွင် အင်းစိန်၊ ဗဟိုလမ်းရှိ ခရစ်တော်ဘွဲ့နာမခံဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဘုရားကျောင်းမှကားများ ဝတ်ပြုအပြီးတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး**
**ဒေါ်ခင်ဝင်းကြည် (၅၇)နှစ်**

မန္တလေးမြို့၊ လမ်း ၂၉ x ၃၀၊ ၇၁ x ၇၂ လမ်းကြား၊ ရွှေလုံရပ်၊ သစ္စာလမ်းသွယ်၊ အိမ်အမှတ်(၃၁/၂၁)နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာ(ဦးစက်တင်)+ဒါယိကာမ ဒေါ်ခင်လှ (ဇမ္ဗူအောင်မိသားစု)တို့၏သမီးကြီး၊ ဒေါ်ခင်ဝင်းရီ၊ ဦးစန်းအောင် + ဒေါ်ခင်ဝင်းသီ၊ ဦးဝင်းအောင်+ဒေါ်နန်းမွှေးကြိုင် (Mandalay Golden Wing Construction Ltd)၊ ဦးဝင်းမောင်တို့၏ ချစ်လှစွာ သောအစ်မကြီး၊ မောင်အောင်ထက်ကျော်၊ မလမင်းအိမ်တို့၏ ကြီးကြီး ဒေါ်ခင်ဝင်းကြည်သည် ၂၀-၇-၂၀၁၅(တနင်္လာနေ့) နံနက် ၄း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဖိုးသူရ**
**ဒေါ်စန္ဒာကျော်**
**MGW Construction Ltd ရုံးချုပ်ဝန်ထမ်းမိသားစု**

**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အငြိမ်အစည်းအဝေး ပထမနေ့ကျင်းပ** စာ ➤ ၃

# လော်ခီးလာညီလာခံ၌ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ အဆိုတင်သွင်းထားသည့် အချက် ၁၃ ချက်လုံး ဒုတိယနေ့အစည်းအဝေးတွင် ဆွေးနွေးနိုင်

**ရန်ကုန် ဇူလိုင် ၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ (၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီမှုစာချုပ် (NCA) ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အဖြစ် ယနေ့နံနက် ၁၀ ရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) တွင် ဆက်လက်ကျင်းပခဲ့သည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)၏ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ပဒိုနော်စီဖိုးရာစိန် တို့က အဖွင့်မိန့်ခွန်းပြောကြားသည်။

ယနေ့ပြုလုပ်သော (UPWC) နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ NCA စာချုပ်အတွက် ဒုတိယနေ့ဆွေးနွေးပွဲအား *စာမျက်နှာ ၃ ကော်လံ ၁* ✻



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် ရထားလမ်းပိုင်းများ ဇူလိုင် ၂၂ ရက်က ပြန်လည်ပြုပြင်နေသည်ကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၅) (ဓာတ်ပုံ-MRT)

**ယနေ့ မာတိကာ**

**ပါကစ္စတန်သို့ အမေရိကန် လက်နက်ရောင်းချမှု အိန္ဒိယစိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်** စာမျက်နှာ-၄

**ကမ်းပြိုပြောင်းရွှေ့ အိမ်ထောင်စုများအား ကယ်ဆယ်ရေး ပစ္စည်းများနှင့် ငွေများထောက်ပံ့** စာမျက်နှာ-၁၁

## ယခုတစ်ပတ်ကျင်းပမည့် အမှတ်ပေးပြိုင်ပွဲ၌ အသင်းကြီးများတွေ့ဆုံ

သတင်း-ညီမြတ်သော်တာ

**ရန်ကုန် ဇူလိုင် ၂၃**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၁၃ ကို ဇူလိုင် ၂၅ ရက်နှင့်၂၆ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများ အချင်းချင်း ထိပ်တိုက်တွေ့ဆုံသောပွဲကောင်းများ ပါဝင်လျက်ရှိသည်။

ပွဲစဉ် ၁၃ အဖြစ် ဇူလိုင် ၂၅ ရက်တွင် ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ရခိုင်အသင်း၊ ပေါင်းလောင်းကွင်း၌ နေပြည်တော်အသင်းနှင့် မနောမြေအသင်း၊ ဇူလိုင် ၂၆ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ကမ္ဘောဇအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၂) အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်ဖြင့် ပထမ၊ ဧရာဝတီအသင်းနှင့်မကွေးအသင်းတို့က ၂၅ မှတ်စီ၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၂၃ မှတ်၊ ကမ္ဘောဇအသင်းက ၁၉ မှတ်၊ ချင်းယူနိုက်တက် အသင်းက ၁၅ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်းနှင့် *စာမျက်နှာ ၅ ကော်လံ ၁* ❍




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
R/488

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**ရေဘုတ်ရေလှောင်တမံ အကူရေပိုလွှဲ ထပ်မံတည်ဆောက်**

စာ - ၄



လူမှုစီးပွား

**ပေတောမြို့နယ်တွင် အခြေခံပညာကျောင်း အဆင့်တိုး ၆၂ ကျောင်းရရှိ**

စာ - ၅






# စောင့်ကြည့်ရမယ့် အီမရိတ်ဖလား

လာမယ့် ဇူလိုင် ၂၅ ရက်နဲ့ ၂၆ ရက်နေ့တွေမှာ ရာသီကြို ပြိုင်ပွဲကြီးတွေအနက်က ထင်ရှားကျော်ကြားမှုရှိတဲ့ အီမရိတ်ဖလား ပြိုင်ပွဲကို ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပြိုင်ပွဲမှာ အိမ်ရှင်အသင်းဖြစ်တဲ့ အာဆင်နယ်အပါအဝင် ပြင်သစ်ကလပ်လိုင်ယွန်၊ စပိန်ကလပ် ဗီလာရီးရဲနဲ့ဂျာမနီကလပ် ဝုဖ်ဘတ်တို့ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်တာကြောင့်လည်း ပြိုင်ပွဲကောင်းတစ်ခုဖြစ်တည်လာဖို့ရှိနေသလို စိတ်ဝင်စားဖို့လည်း ကောင်းနေပါတယ်။ အထူးသဖြင့် ဒီပြိုင်ပွဲဟာ အမှတ်ပေးစနစ်နဲ့ကျင်းပတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ကာ အဆိုပါ အမှတ်ပေးစည်းမျဉ်းမှာလည်း အနိုင်ရလဒ်အတွက် သုံးမှတ်၊ သရေရလဒ်အတွက် တစ်မှတ်ပေးတဲ့စနစ်အပြင် သွင်းဂိုးတစ်ဂိုးအတွက် တစ်မှတ်ပေးတဲ့ စနစ်ကိုပါ ကျင့်သုံးတာကြောင့် ဒီပြိုင်ပွဲဟာ ရာသီကြိုပြိုင်ပွဲတွေအနက် ထူးခြားတဲ့ ပြိုင်ပွဲတစ်ရပ်လို့လည်း ဆိုနိုင်သလို ပြိုင်ပွဲဝင် အသင်းတွေရဲ့ တိုက်စစ်ဖွင့်ကစားမှုအခြေအနေတွေအရလည်း အကြိတ်အနယ်ရှိတဲ့ ပြိုင်ပွဲ ဖြစ်နေပါတယ်။ ဒီပြိုင်ပွဲမှာ ပရိသတ်ချီးမြှင့်တဲ့ ဆုဖလားကို သောမတ်ဖက်တိုရီနီက ဖန်တီးပေးခဲ့တာဖြစ်ပြီး အဆိုပါ သောမတ်ဖက်တိုရီနီမိသားစုဟာ ၁၈၇၇ ခုနှစ်ကတည်းက အင်္ဂလန်နိုင်ငံမှာ ဆုဖလားတွေ ထုတ်လုပ်ပေးနေခဲ့တဲ့ မိသားစုလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၂ သို့

**အီမရိတ်ဖလားမှတ်တမ်း**

| ခုနှစ် | ချန်ပီယံ | ဒုတိယ | တတိယ | စတုတ္ထ |
|---|---|---|---|---|
| ၂၀၀၇ | အာဆင်နယ် | ပီအက်စ်ဂျီ | ဗလင်စီယာ | အင်တာ |
| ၂၀၀၈ | ဟမ်းဘတ် | ရီးရဲ | အာဆင်နယ် | ဂျူဗင်တပ်စ် |
| ၂၀၀၉ | အာဆင်နယ် | ရိန်းဂျား | အက်သလက် | ပီအက်စ်ဂျီ |
| ၂၀၁၀ | အာဆင်နယ် | လိုင်ယွန် | ဆဲလ်တစ် | အေစီမီလန် |
| ၂၀၁၁ | ရက်ဘူးလ် | ပီအက်စ်ဂျီ | အာဆင်နယ် | ဘိုကာဂျူနီယာ |
| ၂၀၁၃ | ဂါလာတာစာရေး | ပေါ်တို | အာဆင်နယ် | နာပိုလီ |
| ၂၀၁၄ | ဗလင်စီယာ | အာဆင်နယ် | မိုနာကို | ဘင်ဖီကာ |




**ကျဆုံးချိန်ရောက်ပြီလားလို့ မေးခွန်းထုတ်စရာဖြစ်လာတဲ့ လာမာဆီယာ (သို့) ဘာစီလိုနာ လူငယ်အကယ်ဒမီ**

စာမျက်နှာ ၇

မြန်မာ့အလင်း
၂၄-၇-၂၀၁၅ (သောကြာနေ့)

## >> စောင့်ကြည့်ရမယ့် အီမရိတ်ဖလားမှ




တကယ်တော့ ဒီပြိုင်ပွဲမျိုးဟာ အရင်ကလည်း ရှိခဲ့ဖူးပါတယ်။ အထူးသဖြင့် ရာသီကြိုကာလတွေမှာ ထင်ရှားကျော်ကြားမှုရှိခဲ့တဲ့ အမ်စတာဒမ်ပြိုင်ပွဲဟာလည်း အဆိုပါ လက်ရှိ အီမရိတ်ဖလားပြိုင်ပွဲမှာ ကျင့်သုံးတဲ့ အမှတ်ပေးစနစ်ကိုသာ ကျင့်သုံးခဲ့တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ အဲ့ဒီစနစ်ကြောင့်ပဲ ဟော်လန်ကလပ်အိုင်းယက်စ်က ကြီးမှူးကျင်းပတဲ့ အဆိုပါ အမ်စတာဒမ်ပြိုင်ပွဲဟာ ရာသီကြိုကာလတွေမှာ ထင်ရှားကျော်ကြားခဲ့တဲ့ပြိုင်ပွဲတစ်ရပ်အဖြစ် ရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဆိုပါ အမ်စတာဒမ်ပြိုင်ပွဲကို ၁၉၇၅ ခုနှစ်ကတည်းက ကျင်းပခဲ့တာဖြစ်ပြီး ၂၀၀၉ ခုနှစ်မှာ နောက်ဆုံးကျင်းပခဲ့တာဖြစ်သလို အမ်စတာဒမ် ပြိုင်ပွဲ မရပ်နားမီ နှစ်နှစ်အလို ၂၀၀၇ ခုနှစ်မှာ ဒီအီမရိတ်ဖလားပြိုင်ပွဲကို စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။

ဒီအီမရိတ် ဖလားပြိုင်ပွဲကိုလည်း အမ်စတာဒမ်ပြိုင်ပွဲတုန်းကလို နှစ်စဉ် ရာသီကြိုကာလတိုင်းမှာ ကျင်းပခဲ့တာဖြစ်ပြီး ဒီပြိုင်ပွဲမှာတော့ အိမ်ရှင် အာဆင်နယ်အပါအဝင် ဗလင်စီယာ၊ ဟမ်းဘတ်၊ ရက်ဘူးလ်၊ ဂလာတာစာရေး၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ်၊ ရိန်းဂျား၊ လိုင်ယွန်၊ ပေါ်တို၊ အက်သလက်တီကို၊ ဆဲလ်တစ်၊ မိုနာကို၊ အင်တာမီလန်၊ ဂျူဗင်တပ်စ်၊ အေစီမီလန်၊ ဘိုကာဂျူနီယာ၊ နာပိုလီ၊ ဘင်ဖီကာတို့ ပြိုင်ပွဲဝင်ခဲ့ကြဖူးပြီး စတင်ကျင်းပတဲ့ ၂၀၀၇ ခုနှစ်ပြိုင်ပွဲမှာတော့ အာဆင်နယ်၊ ပီအက်စ်ဂျီ၊ ဗလင်စီယာ၊ အင်တာမီလန်တို့ ပြိုင်ပွဲဝင်ခဲ့ကာ အာဆင်နယ်က ချန်ပီယံဖြစ်ခဲ့ပါတယ်။

ဒုတိယအကြိမ် ပြိုင်ပွဲဖြစ်တဲ့ ၂၀၀၈ ခုနှစ် ပြိုင်ပွဲမှာတော့ ဟမ်းဘတ်၊ ရီးရဲ၊ အာဆင်နယ်၊ ဂျူဗင်တပ်စ်တို့ ပြိုင်ပွဲဝင်ခဲ့ကာ ဟမ်းဘတ်က ချန်ပီယံဖြစ်ခဲ့ပြီး တတိယအကြိမ်ဖြစ်တဲ့ ၂၀၀၉ ခုနှစ်ပြိုင်ပွဲမှာ အာဆင်နယ်၊ ရိန်းဂျား၊ အက်သလက်တီကို၊ ပီအက်စ်ဂျီတို့ ပြိုင်ပွဲဝင်ခဲ့ကာ အာဆင်နယ်က ချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် စတုတ္ထအကြိမ်ပြိုင်ပွဲမှာလည်း အာဆင်နယ်၊ လိုင်ယွန်၊ ဆဲလ်တစ်၊ အေစီမီလန်တို့ ပြိုင်ပွဲဝင်ခဲ့ကြကာ အာဆင်နယ်ကပဲ ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၁၁ ပြိုင်ပွဲမှာတော့ ရက်ဘူးလ်၊ ပီအက်စ်ဂျီ၊ အာဆင်နယ်၊ ဘိုကာဂျူနီယာတို့ ပြိုင်ပွဲဝင်ခဲ့ကာ ရက်ဘူးလ်က ချန်ပီယံဖြစ်ခဲ့ပါတယ်။

**ဒီတစ်ကြိမ် အီမရိတ်ဖလားပြိုင်ပွဲဟာ ပြိုင်ပွဲဝင်အသင်းတွေရဲ့ ခြေရည်ခြေသွေး ကောင်းမွန်မှုကြောင့် အကြိတ်အနယ် ရှိမယ့်ပွဲစဉ်တွေ ဖြစ်လာဖို့ရှိနေ**

ဒီနောက် ၂၀၁၂ အိုလံပစ်ပြိုင်ပွဲကြောင့် ၂၀၁၂ ခုနှစ်မှာ အီမရိတ်ဖလားပြိုင်ပွဲကို ကျင်းပခဲ့ခြင်းမရှိဘဲ ၂၀၁၃ ပြိုင်ပွဲမှာတော့ ဂလာတာစာရေး၊ ပေါ်တို၊ အာဆင်နယ်၊ နာပိုလီတို့ ပြိုင်ပွဲဝင်ခဲ့ကြကာ ဂလာတာစာရေးက ချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒီနောက် ၂၀၁၄ မှာလည်း (၇)ကြိမ်မြောက်ပြိုင်ပွဲကို ကျင်းပခဲ့ပြီး ဗလန်စီယာ၊ အာဆင်နယ်၊ မိုနာကို၊ ဘင်ဖီကာတို့ ပြိုင်ပွဲဝင်ခဲ့ကာ ဗလင်စီယာက ချန်ပီယံဖြစ်ခဲ့ဖူးပါတယ်။



ဒီပြိုင်ပွဲမှာ အင်္ဂလန်၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ အမေရိကန်၊ တူရကီ၊ အီတလီ၊ စကော့တလန်၊ အာဂျင်တီးနား၊ ပေါ်တူဂီစတဲ့ နိုင်ငံတွေက ကလပ်တွေ ပါဝင်ခဲ့ကြဖူးကာ ဒီပြိုင်ပွဲမှာ ဘောလုံးအင်အားကြီးနိုင်ငံတွေ အနက်က ပြင်သစ်၊ အီတလီတို့က ကလပ်တွေအနေနဲ့ ချန်ပီယံဆုကို ရယူနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒီတစ်ကြိမ် ပြိုင်ပွဲမှာတော့ အီတလီက ကလပ်အသင်းတွေမပါဝင်ပေမယ့် ပြင်သစ်ကလပ်ဖြစ်တဲ့ လိုင်ယွန်ပါဝင်နေတာကြောင့် ပြင်သစ်ကလပ် လိုင်ယွန်အနေနဲ့ ဒီပြိုင်ပွဲမှာ အောင်မြင်မှုကို ရယူသွားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

လိုင်ယွန်ဟာ ဒီပြိုင်ပွဲမှာ ၂၀၁၀ ပြည့်နှစ်က တစ်ကြိမ်ပြိုင်ပွဲဝင်ခဲ့ဖူးပြီး အဆိုပါပြိုင်ပွဲမှာ ဒုတိယဆုသာ အရယူထားနိုင်ခဲ့တဲ့ အသင်းဖြစ်သလို လက်ရှိအချိန်မှာလည်း လိုင်ယွန်ဟာ ပြင်သစ်ရဲ့ အသင်းကောင်းတစ်သင်းအဖြစ် ရပ်တည်နေနိုင်ဆဲ အသင်းဖြစ်ပါတယ်။ ယမန်နှစ်ဘောလုံးရာသီမှာ လိုင်ယွန်ဟာ ပြင်သစ်ပထမတန်းပြိုင်ပွဲအတွင်းဒုတိယနေရာမှာ ရပ်တည်နိုင်တဲ့အသင်းလည်း ဖြစ်ပါတယ်။ လာကာဇက်တီလို အဓိက ကစားသမားတွေကို အသင်းမှာ ဆက်ထိန်းထားနိုင်တာကြောင့် အသင်းရဲ့အင်အားစုဖွဲ့မှုဟာ ယမန်နှစ်ကအတိုင်းပဲ တောင့်တင်းမှုရှိနေဆဲဖြစ်ပါတယ်။

ဒ့ါအပြင် ဒီပြိုင်ပွဲရဲ့ အိမ်ရှင်ဖြစ်ပြီး ဒီပြိုင်ပွဲမှာ ချန်ပီယံ သုံးကြိမ်တိတိ ဆွတ်ခူးထားနိုင်ခဲ့တဲ့ အာဆင်နယ်ဟာလည်း ပီတာဆက်ချ်လို ဂိုးသမားကောင်းတစ်ဦးကို ခေါ်ယူထားနိုင်သလို ဆန်းချက်ဇ်၊ အိုဇေးလ်၊ အာတီတာတို့လို ကစားသမားကောင်းတွေလည်း ရှိနေတဲ့အတွက်ကြောင့် တောင့်တင်းမှုရှိတဲ့ အသင်းတစ်သင်း ဖြစ်ပါတယ်။ ဒ့ါအပြင် ဂျာမနီကလပ် ဝုဖ်ဘတ်ကတော့ ဒီပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖူးခြင်းမရှိဘဲ ဒီတစ်ကြိမ်မှသာ ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲဝင်ခဲ့တာဖြစ်ပေမယ့် ဒီဘရူနီလို ကစားသမားကောင်းတွေ ရှိနေကာ ယမန်နှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲအတွင်း ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ အသင်းကောင်းတစ်သင်း ဖြစ်နေပါတယ်။ စပိန်ကလပ် ဗီလာရီးရဲဟာလည်း ဝုဖ်ဘတ်နည်းတူ ဒီပြိုင်ပွဲမှာ အရင်က ပြိုင်ပွဲဝင်ဖူးခြင်းမရှိဘဲ ယခုနှစ်မှသာ ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ဗီလာရီးရဲဟာလည်း အသင်းလိုက် ကစားအားကောင်းမွန်ပြီး ကစားသမားစုဖွဲ့မှုအရလည်း တောင့်တင်းကျစ်လျစ်တာကြောင့် ဒီပြိုင်ပွဲမှာ အကောင်းဆုံးခြေစွမ်းကို ထုတ်ပြသွားနိုင်ဖို့ ရှိနေပါတယ်။

ဒါကြောင့်လည်း ဒီတစ်ကြိမ် အီမရိတ်ဖလားပြိုင်ပွဲဟာ ပြိုင်ပွဲဝင်အသင်းတွေရဲ့ ခြေရည်ခြေသွေး ကောင်းမွန်မှုကြောင့် အကြိတ်အနယ် ရှိမယ့်ပွဲစဉ်တွေဖြစ်လာဖို့ ရှိနေပါတယ်။ ■

**လင်းဆက်**

# လာမည့်ရာသီ၌ တိုက်စစ်မြှားဦးနေရာတွင် ကစားမည်ဟု မန်ယူတိုက်စစ်မှူး ရွှန်းနီပြောဆို



မန်ယူအသင်း တိုက်စစ်မှူး ဝိန်းရွှန်းနီက လာမည့် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီတွင် အသင်း၏ အဓိက တိုက်စစ်မှူးအဖြစ် ကစားသွားရန် မန်နေဂျာ လူးဝစ်ဗန်ဟားလ်နှင့် သဘောတူညီမှုရရှိထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရွှန်းနီသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် ကွင်းလယ်ကစားသမားအဖြစ် အဓိက ကစားခဲ့ရသူဖြစ်သည်။ မန်ယူအသင်းသည် ယခုနွေရာသီအတွင်းတွင် ဗန်ပါစီ၊ ဖယ်ကာအို စသည့် ကစားသမားများကို ဆုံးရှုံးခဲ့ရသော်လည်း တိုက်စစ်နေရာအတွက် ထိရောက်သည့်အားဖြည့်မှု ပြုလုပ်နိုင်ခြင်း မရှိသေးပေ။

"ကျွန်တော့်ရဲ့ အကောင်းဆုံးနေရာဟာ တိုက်စစ်နေရာပါ။ ဒါကိုလည်း ကျွန်တော် အမြဲပြောခဲ့ပါတယ်။ မန်ယူအသင်းကို ရောက်ရှိခဲ့ပြီးနောက်ပိုင်း ကျွန်တော်ဟာ တိုက်စစ်မြှားဦးနေရာမှာ နှစ်ရာသီ ကစားခဲ့ရပြီး ဂိုးတွေလည်း အများကြီးသွင်းယူနိုင်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်ရော မန်နေဂျာ ဗန်ဟားလ်ကပါ တိုက်စစ်နေရာဟာ ကျွန်တော့်အတွက် အကောင်းဆုံးနေရာဆိုတာကို သိမြင်ထားပါတယ်။ လာမယ့်ဘောလုံးရာသီမှာ အသင်းအတွက် အကောင်းဆုံးကစားပြီး ဂိုးတွေသွင်းယူပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်တော်ဟာ ရာသီသစ်မှာ ဂိုး ၂၀ နဲ့အထက် သွင်းယူနိုင်လိမ့်မယ်ဆိုတာကိုလည်း သံသယမရှိပါဘူး။ တိုက်စစ်မြှားဦးနေရာမှာသာ ကစားခွင့်ပြန်လည်ရရှိလာခဲ့မယ်ဆိုရင် ကျွန်တော် ဂိုးတွေသွင်းယူနိုင်မှာပါ။ တိုက်စစ်မြှားဦးနေရာ ကျွန်တော် အနှစ်သက်ဆုံးနေရာဖြစ်ပါတယ်။ တကယ်လို့ အဲဒီနေရာမှာသာ ကစားခွင့်မရခဲ့ဘူးဆိုရင် ကျွန်တော့်အတွက် စိတ်ပျက်စရာဖြစ်လာမှာပါ။ ၂၀၁၁-၁၂ ခုနှစ်ဘောလုံးရာသီမှာ ကျွန်တော်က တိုက်စစ်မှူးစစ်စစ်အဖြစ် တစ်ရာသီလုံး ကစားခွင့်ရရှိခဲ့ပေမယ့် အခြားရာသီတွေမှာတော့ ကွင်းလယ်နဲ့ တောင်ပံတွေမှာ ကစားခဲ့ရပါတယ်။ ကျွန်တော်ဟာ မန်ယူမှာ နေရာစုံကစားခဲ့ရပေမယ့် အင်္ဂလန်အသင်းမှာတော့ တိုက်စစ်မှူးအဖြစ်သာ ကစားခဲ့ရပြီး ဂိုးတွေသွင်းယူနိုင်ခဲ့တာကို အားလုံးမြင်တွေ့ကြမှာပါ"ဟု တိုက်စစ်မှူး ရွှန်းနီက ပြောသွားသည်။

တိုက်စစ်မှူး ရွှန်းနီသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် စုစုပေါင်း ၁၄ ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဩဂုတ်လအတွင်း အဲဗာတန်မှ မန်ယူသို့ ပြောင်းရွှေ့လာပြီးနောက် ယမန်နှစ်ရာသီသည် မန်ယူအတွက် ရွှန်းနီ၏ ဂိုးသွင်းယူပေးနိုင်မှုအနည်းဆုံး ရာသီဖြစ်ခဲ့သည်။

**အောင်က**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

# အိုဘယ့်သံလွင် . . . ရှိဦးတင်လော့

၁၉၉၉ ခုနှစ်တုန်းက ကျွန်တော်တို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုတ်ဝေခဲ့တဲ့ ဒုတိယမြောက် တိုင်းရင်းသားမဂ္ဂဇင်းစာအုပ်လေးထဲမှာ အဲ့ဒီခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ ကျွန်တော်တို့လို့ ဘာကြောင့်ပြောရသလဲဆိုတော့ အယ်ဒီတာချုပ်အနေနဲ့ ဆရာနီမင်းဆွေ၊ အဖွဲ့ဝင်တွေအဖြစ် အစ်ကိုကြီး သန်းထူးရယ်၊ ကျွန်တော်ရယ်။ အဓိကတာဝန်ခံ မွမ်းမံပြင်ဆင်သူကတော့ ဆရာလင်းလို့ အများသိကြတဲ့ ဦးလင်းဇော်ခိုင်တို့ ဖြစ်နေလို့ပါပဲ။ ဒီစာအုပ်လေးဟာ ကျွန်တော့်ဘဝအတွက်လည်း ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်တော့ပါဘူး။ ဇနီးသည်က ICU ခန်းမကြီးထဲမှာ ၂၁ ရက်လုံးလုံး မေ့မြောနေတုန်း မဂ္ဂဇင်းစာအုပ်ကလည်း အချိန်ကိုက်ထုတ်ဝေရမှာမို့ စာမူကိစ္စတွေ၊ ဓာတ်ပုံကိစ္စတွေကို အဲ့ဒီခန်းမရဲ့ရှေ့ လူသွားစင်္ကြံလေးမှာ ကျွန်တော်ရယ်၊ ဆရာဦးလင်းဇော်ခိုင်ရယ် ထိုင်ရင်းတိုင်ပင်ခဲ့ကြရတယ်။ ပြန်တွေးကြည့်တော့ ဇနီးသည်လူမမာကြောင့် တောက်လောင်နေတဲ့ ရင်ထဲကအပူမီးတွေဟာ စာအကြောင်းပေအကြောင်း ပြောလိုက်ရချိန်မှာ နည်းနည်းအေးငြိမ်းသွားသလားလို့။ ဒါကြောင့်လည်း နောက်ထပ်ပြီး ထုတ်ဝေတဲ့ တိုင်းရင်းသားမဂ္ဂဇင်းစာအုပ်မှာ ကျွန်တော် အမှတ်တရရေးဖြစ်ခဲ့တဲ့ စာစုလေးက "ဒုတိယမြောက်ပန်းတစ်ပွင့်သို့ လွမ်းချင်း"ရယ်ပါ။

အိုဘယ့်သံလွင်အကြောင်း ပြန်စဉ်းစားရင် ကျွန်တော်တပ်မတော်သားဘဝ ၁၉၈၃ ခုနှစ်တုန်းက (စခန်းထိုင်ခဲ့ဖူးတဲ့ တန့်ယန်းမြို့ အရှေ့ဘက်ယွန်းယွန်း မြစ်သံလွင်နဲ့ မနီးမဝေးမှာရှိနေတဲ့ လွယ်အင်တောင်မကြီးစခန်းရယ်၊ စခန်းပေါ်ကနေ လှမ်းကြည့်ရင် မြင်နေရတဲ့ တာကော်အက်-မန်ကန်-ပန်ဖိန်း-လွယ်ပန်လုံ မြေနီလမ်းလို့ပဲ ခေါ်ရမလား၊ ရိက္ခာပို့ကားလမ်းလို့ပဲ ခေါ်ရမလား၊ လမ်းကလေးကွေးကွေးကောက်ကောက်ရယ် အဲဒီတုန်းက (လွယ်ပန်လုံကို ခလရ(၈၃)၊ ခလရ(၃၃) တပ်ရင်းတွေက တိုက်ပြီးစ)၊ သံလွင်မြစ်အရှေ့ဘက်ခြမ်းမှာ လှမ်းတွေ့နေရတဲ့ စိမ်းစိမ်းညို့ညို့တောင်တန်းတွေကြားက "ဝ" ရွာလေးတွေရယ်ကို အလိုလို ပြန်ပြီးမြင်ယောင်လာမိပါတယ်။ ဒါပေမယ့် အဲဒီတုန်းက အဓိကထားပြီး တင်ပြလိုက်မိတဲ့အကြောင်းအရာက သံလွင်မြစ်အရှေ့ခြမ်း၊ အနောက်ခြမ်းဒေသတွေမှာ ဘာသာ၊ သာသနာထွန်းလင်းတောက်ပလာမှု အခြေအနေဖြစ်ပါတယ်။ အထူးသဖြင့် "ဝ" ဒေသပါ။

၁၉၉၁ခုနှစ်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစီအစဉ်နဲ့ "ဝ"ဒေသအတွင်း ကျေးရွာတွေမှာ ကိန်းဝပ်စံပယ် အပူဇော်ခံမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီတော်မူချိန်ကစလို့ သာသနာ့ရောင်ခြည်တွေ လင်းလက်တောက်ပလာခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပန်ဆန်း၊ မိုင်းမော၊ မန်တွန်း၊ ဝိန်းကောင်၊ နားလော့၊ မုလစ်စတဲ့ ကျေးရွာတွေမှာ စေတီများတည်ထားကိုးကွယ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ပေးခြင်းတည်းဟူသော သာသနာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီ့နောက်တော့ ပန်လုံ၊ ဟိုပန်၊ ဗင်းငင်၊ ပန်ခွန်၊ ကျူဝိတ်၊ နမ့်ခမ်းဝိုး စတဲ့ မြို့ရွာတွေမှာလည်း ဘုရားစေတီ၊ ဇရပ်၊ သိမ်၊ ကျောင်းများ တည်ထားဆောက်လုပ်ပေးခဲ့ပါတယ်။ "ဝ"ဒေသ သာသနာထွန်းကားပြန့်ပွားရေးမှာ အဓိကကျတဲ့ "ဝ" တိုင်းရင်းသား



တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက် စာသင်သံဃာတော်များ၏ အိပ်ဆောင်ကို ခံ့ညားစွာတွေ့ရစဉ်။

စာသင်သံဃာတော်များ လာရောက်သီတင်းသုံးနေထိုင်တဲ့ ဟိုပန်မြို့ ပရိယတ္တိစာသင်တိုက်၊ ဝေဠုဝန် ပရိယတ္တိစာသင်တိုက်၊ ကိုင်းကုန်း ပရိယတ္တိစာသင်တိုက်၊ ရွှေမောင်းသာသနာ့ဝေပုလ္လ သီလရှင်စာသင်တိုက် အစရှိသော စာသင်တိုက်များကို ဆောက်လုပ်လှူဒါန်းခြင်း၊ အလှူငွေနဲ့ ဆွမ်းဆန်တော်များ လှူဒါန်းထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲ့ဒီလို လှူဒါန်းရတဲ့ အကျိုးကတော့ တန့်ယန်း၊ မိုင်းရယ်၊ ဟိုပန်ဒေသများနဲ့ "ဝ" ဒေသအတွင်း သီတင်းသုံးနေထိုင်တော်မူတဲ့ သံဃာတော်များနဲ့ ကိုရင်အပါးဦးရေဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခြင်းပါပဲ။ ၁၉၉၉ခုနှစ် ဇူလိုင်လမှာပဲ "ဝ" ဒေသရှိ သံဃာတော်များနဲ့ ကိုရင်အပါး ၁၂၀၀တို့အတွက် ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစီအစဉ်နဲ့ ဝေဠုဝန် ပရိယတ္တိစာသင်တိုက်ရဲ့ သာသနာ့ဟိတကာရီဓမ္မာရုံမှာ ကျင်းပပြုလုပ်ခဲ့ကြောင်း ကျွန်တော်ရေးသားတင်ပြခဲ့ဖူးပါတယ်။ ဒီနေ့ဒီအချိန်မှာဆိုရင်ဖြင့် "ဝ"ဒေသအတွင်းက ဘုန်းတော်ကြီးကျောင်းပေါင်း ၂၄၀ မှာ သံဃာတော် ၄၈၆ ပါး၊ ကိုရင် ၂၇၂၈ ပါး သီတင်းသုံး နေထိုင်လျက်ရှိပါတယ်။ ၁၉၉၉ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှာ နိုင်ငံတော်အစိုးရက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပြီး မြေနေရာရွေးချယ်သတ်မှတ်ကာ ပန်ဆန်းမြို့၊ ရွှေတိဂုံပုံတူ မဟာပံသု သိဂီစေတီတော်မြတ်ကြီးကို တည်ထားပေးပြီး ဖြစ်ပါတယ်။

"ဝ" ဒေသမှာ ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားလာတာနဲ့အညီ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွေကို နှစ်အဆက်ဆက် ကျင်းပခဲ့ရာမှာ တန့်ယန်းမြို့မှာ ကိုးကြိမ်၊ ပန်ဆန်းမြို့မှာ ရှစ်ကြိမ်၊ ဟိုပန်မြို့မှာ တစ်ကြိမ် ကျင်းပပြီးဖြစ်ပါတယ်။ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့ပါတယ်။ အခမ်းအနားမှာ မက်မန်းမြို့ ပညာဒီပကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသီရိထံမှ ဉဿ့ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပါတယ်။ ဆက်လက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကလှူဒါန်းသော သင်္ကန်းအစုံ ၅၀၀ နှင့် ရှင်သာမဏေဝတ်သင်္ကန်းအစုံ ၁၂၆၀၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ရှင်သာမဏေဝတ် သင်္ကန်းအစုံ ၅၀နှင့် စစ်ဗျူဟာ(အခြေချ)တန့်ယန်းက လှူဒါန်းသော ရှင်သာမဏေဝတ်သင်္ကန်းအစုံ ၅၀၊ "ဝ"အထူးဒေသ(၂)က လှူဒါန်းသော ရှင်သာမဏေဝတ်သင်္ကန်းအစုံ ၅၀၊ ပြည်နယ်သာသနာရေးဦးစီးဌာနကလှူဒါန်းသော သင်္ကန်းအစုံ ၅၀၊ ကုမ္ပဏီများကလှူဒါန်းသော ရှင်သာမဏေဝတ်သင်္ကန်း ၅၅၁စုံတို့ကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြပါတယ်။

ကျွန်တော်နဲ့ သံလွင်မြစ်က ၁၉၈၃ ခုနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ စတင်ရေစက်ဆုံခဲ့ကြတာပါ။ သံလွင်(တာကော်အက်) တံတားကြီး မရှိသေးပါဘူး။ ရေစီးအလွန်ကြမ်းပြီး ပွန်တွန်းကူးတို့ဖောင်နဲ့ ဟိုဘက်ကမ်း ဒီဘက်ကမ်းကူးကြရပါတယ်။ ၁၉၉၇ ခုနှစ်ရောက်မှ တံတားကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင်လုံး တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာသလို ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားမှုဟာလည်း အံ့မခန်းဖြစ်ပေါ်လာတဲ့အခါမှာ အလွန်ရေစီးကြမ်းလှပါတယ်ဆိုတဲ့ သံလွင်မြစ်ကြီးတောင် ငြိမ်သက်ပြေလျော့ခြင်းနဲ့အတူ ဣန္ဒြေရရ တည်ငြိမ်အေးချမ်းသွားသယောင် တွေ့မြင်ခံစားရပါတယ်။ အလားတူ ဟိုမိန်းဒေသမှာ ဖြတ်ကျော်ခဲ့တဲ့ သံလွင်မြစ်၊ ကယားဒေသမှာ ဖြတ်ကျော်ခဲ့တဲ့ သံလွင်မြစ်၊ ကရင်ပြည်နယ်မှာ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ သံလွင်မြစ် စသည်ဖြင့် နေရာဒေသအနှံ့ ဖြတ်သန်းစီးဆင်းနေတဲ့ သံလွင်မြစ်ရဲ့ အရှေ့ခြမ်း၊ အနောက်ခြမ်းဒေသအသီးသီးမှာ ဘာသာ၊ သာသနာထွန်းကားပြန့်ပွားမှုတွေကို အထင်အရှားတွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း အလွန်ရေစီးကြမ်းလှတဲ့ သံလွင်မြစ်ကို ညွှန်းဆိုလိုတဲ့ စကားတစ်ခွန်း ကျွန်တော့်ရင်ထဲက တိုးတိုးလျလျ ထွက်ပေါ်လာခဲ့ပါတယ်။ **"အိုဘယ့်သံလွင် ...ရှိဦးတင်လော့"** ဟူ၍. . . . .။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင်လုံး တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာသလို ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားမှုဟာလည်း အံ့မခန်းဖြစ်ပေါ်လာတဲ့အခါမှာ အလွန် ရေစီးကြမ်းလှပါတယ်ဆိုတဲ့ သံလွင်မြစ်ကြီးတောင် ငြိမ်သက်ပြေလျော့ခြင်းနှင့်အတူ ဣန္ဒြေရရ တည်ငြိမ်အေးချမ်းသွားသယောင် တွေ့မြင်ခံစားရ**

မြင့်စိုး(နတလ)

မြန်မာ့အလင်း
၂၄-၇-၂၀၁၅ (သောကြာနေ့)

**ကရင်ပြည်နယ်**

# ရေဘုတ်ရေလှောင်တမံ အကူရေပိုလွှဲထပ်မံတည်ဆောက်



ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းကို အခြေပြုတည်ဆောက်ထားသော ရေဘုတ်ရေလှောင်တမံသည် အလျား ပေ ၁၇၇၂၀၊ အမြင့် ၇၁ ပေ၊ ရေသိုလှောင်ပမာဏ ဧကပေ ၃၆၀၀၀ ခန့်ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဆည်ရေသောက်လယ်မြေ ဧရိယာ ၅၄၅၂ ဧကကို အကျိုးပြုနိုင်ရန် ၂၀၀၅ ခုနှစ်က စတင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

အဆိုပါရေလှောင်တမံ၏ရေသိုလှောင်မှု ၊ရေအမြင့် ၆၃ပေသို့ ရောက်ရှိပါက တမံထိခိုက်မှုမရှိစေရေး၊ ရေထုတ်ပေးရန်ရေပိုရေလွှဲကို သံကူကွန်ကရစ်ဖြင့် အကျယ် ပေ ၄၀၊ ရေပိုလွှဲအလျား၂၇၅ ပေ၊ ရေထုစီးနှုန်း ၁၂၉၃ ကုဗပေ/စက္ကန့် ထည့်သွင်းတည်ဆောက်ထားသော်လည်း ၂၀၁၃ ခုနှစ် ဇွန်လမှစတင်ကာ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကန်ရေပြည့်အမြင့်ဆုံးအမှတ်ထက် ၇၀ ဒသမ ၈ သို့ ရောက်ရှိခဲ့သည်။

အဆိုပါအခြေအနေများတွင် တမံ မကျိုးပေါက်စေရန်နှင့် တမံအောက်ပိုင်းရှိ ကျေးရွာများမှတောင်သူလယ်သမားများ အိုးအိမ်၊ အဆောက်အအုံ၊ လယ်ယာများ၊ ရော်ဘာခြံများ ရေနစ်မြုပ်ထိခိုက်မှုမရှိစေရန်၊ ထူးကဲစွာရေဝင်ရောက်မှုရှိလာပါက တမံရေကျော်ကျိုးပေါက်ပျက်စီးမှု မရှိစေရန် အရေးပေါ်အတွက် သံကူကွန်ကရစ်အမျိုးအစား အကျယ် ပေ ၇၀၊ ရေပိုရေလွှဲ အလျား ၃၂၉ ပေရှိ အလိုအလျောက် ရေဖွင့်/ပိတ်ထိန်းသိမ်းစနစ် တပ်ဆင်ထားသော အကူရေပိုလွှဲတစ်ခုကို ထပ်မံတည်ဆောက်လျက်ရှိသည်။

အဆိုပါ အကူရေပိုလွှဲတည်ဆောက်နေခြင်းကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်အဖွဲ့သည် ဇူလိုင် ၂၀ရက်က ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများက အကူရေပိုလွှဲတည်ဆောက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြပြီး အကူရေပိုလွှဲတည်ဆောက်နိုင်ခြင်းကြောင့် တမံရေကျော်ကျိုးပေါက်မှုမရှိနိုင်ဘဲ ရေလှောင်တမံ၏ခိုင်ခံ့မှုကို ထိန်းသိမ်းနိုင်ခြင်း၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ မိုးနှောင်းပိုင်းတွင် စိုက်ပျိုးရေလုံလောက်မှုကိုဖြည့်ဆည်းပေးနိုင်ခြင်း၊ ဆည်ရေပေးဝေနိုင်ခြင်း၊ ရေတွင်း၊ ရေကန် များခန်းရာသီတွင် ရေခန်းခြောက်မှုများကို ကာကွယ်ပေးနိုင်ခဲ့ခြင်းတို့အပြင် သီးထပ်သီးညှပ်စိုက်ပျိုး၍ ဝင်ငွေတိုးတက်ရရှိကာ လူမှုဘဝဖွံ့ဖြိုးလာခြင်းကို ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မြို့မ (၂) အုပ်စု၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းမှစတင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားကုသရေးအရာရှိ ဦးခင်မောင်မြင့်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားနေသည့် မော်လိုက်မြို့နယ် မြို့မ (၂) အုပ်စု အောင်မင်္ဂလာရပ်ကွက်အတွင်း ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများ၊ ခြင်ဆေးမှုတ်ခြင်းများကို တစ်အိမ်ဝင် တစ်အိမ်ထွက် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ဆက်လက်မဖြစ်ပွားနိုင်အောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **ကျော်ပွား(မော်လိုက်)**



**ဧရာဝတီတိုင်းဒေသကြီး**

## ဆည်နှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး သရုပ်ပြပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သစ်ဆိမ့်ကိုင်းကျေးရွာအုပ်စု တပ်ခုံကျေးရွာရှိ ကွန်ချောင်းဆည်ရှင်းလင်းဆောင်၌ ဇူလိုင် ၂၁ ရက်က ဆည်နှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး သရုပ်ပြပွဲကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မီးသတ်ဦးစီးမှူးတို့က ဆည်နှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ်များ ရှင်းလင်းဆွေးနွေးခြင်း၊ ဆည်မြောင်းဦးစီးအရာရှိက ဆည်၏ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ သဘာဝဘေးအန္တရာယ် တားဆီးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခြင်းနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးသရုပ်ပြခြင်းတို့ကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး

# ကုက္ကိုခွကျေးရွာမှ သောက်ရေမြေအိုးများ ဈေးကွက်ဝင်၍ လူကြိုက်များ

တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာမှပြုလုပ်သော နာမည်ကျော်သောက်ရေမြေအိုးများ မကွေးမြေထည်ဈေးကွက်တွင်းသို့ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

ကုက္ကိုခွကျေးရွာသည် ပျူခေတ်ဗိဿနိုးမြို့တော်ဟောင်းအနီးတွင်တည်ရှိပြီး ရှေးနှစ်ပေါင်းများစွာကတည်းက အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည့် သမိုင်းအစဉ်အလာလည်းရှိခဲ့သည်။အိုးလုပ်ခြင်းအတတ်ပညာကို ပျူခေတ်ကတည်းကပင် ကျွမ်းကျင်နိုင်နင်းသော အရပ်ဒေသဖြစ်ကြောင်း ဗိဿနိုးမြို့တော်ဟောင်းဧရိယာအနီးအနားတစ်ဝိုက်မှ တူးဖော်ရရှိသော မြေအိုး၊ အရိုးအိုးနှင့်မြေဆီမီးခွက်များကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။ ဗိဿနိုးမြို့တော်ဟောင်းဧရိယာအတွင်းရှိ အိုးသိန်းတောင်(ဒေသအခေါ်)အိုးထိန်းတောင် ရှေးဟောင်းတောင်ကုန်းတွင် တိရစ္ဆာန်ရုပ်၊ ပန်းကနုတ်သဏ္ဌာန်နှင့် ဖောင်းရစ်တန်ဆာဖော်ထားပြီး အိုးထိန်းစက်ဖြင့် ပုံသွင်းထားသော အဆင့်မြင့်နည်းပညာသုံးအိုးများကိုတွေ့ရ၍ ရှေးပျူအိုးအတတ်ပညာထွန်းကားခဲ့ကြောင်းလည်း သိနိုင်သည်။ အိုးလုပ်ငန်းအတတ်ပညာကျွမ်းကျင်သော လက်မှုအတတ်ပညာရှင်များဖွံ့ဖြိုးခဲ့သည့် ဗိဿနိုးမြို့ဟောင်းအနီးရှိ ကုက္ကိုခွကျေးရွာသည်လည်း မကွေးသောက်ရေမြေအိုးဈေးကွက်တွင် ရှေးကတည်းကပင် နာမည်ရလျက်ရှိသည်။ ယခုအခါ ကုက္ကိုခွကျေးရွာတွင် ယခင်ကကဲ့သို့ မြေအိုးလုပ်ငန်းလုပ်ကိုင်သူ နည်းပါးသွားသော်လည်း မိသားစုတစ်ပိုင်တစ်နိုင်ရိုးရာအမွေအနှစ်လုပ်ငန်းအဖြစ် ထိန်းသိမ်းလုပ်ကိုင်လျက်ရှိပြီး မြေအိုး၊ မြူအိုး၊ ညောင်ရေအိုး၊ ဟင်းချက်အိုးများကို အဓိကထုတ်လုပ်ကြသည်။

အိုးလုပ်ရာတွင် မြေနီနှင့်မြေနက်အချိုးကျရောစပ်၍ တစ်ညရေစိမ်ထားရသည်။ထို့နောက် သဲကြမ်းရောနှောပြီး အောက်ခံနွားသားရေပေါ်တင်ကာ လက်၊ ခြေထောက်တို့ဖြင့်နယ်ရသည်။ ထို့နောက် လက်ဖြင့် အတုံးတုံးကာ စက်ပြင်ပေါ်တွင် လိုချင်သည့်အိုး၊ပန်းအိုးသဏ္ဌာန် ပုံဖော်ပြုလုပ်၍ နေပြပြီးအိုးဖိုတည်အိုးဖုတ်ရသည်။ တစ်ခါဖုတ်လျှင် အလုံးရေ ၅၀၀ မှ ၁၀၀၀အထိ လိုအပ်သလောက်ဖုတ်ရပြီး လောင်စာအဖြစ် ထင်းအပြင် နွားချေးခြောက်နှင့်ကောက်ရိုးတို့ကိုသုံး၍ရကြောင်း၊ တစ်ရက်လျှင် အိုး ၂၀၀ ခန့်ပြီးစီးကြောင်း သိရသည်။

"မိဘဘိုးဘွားလက်ထက်ကတည်းက အိုးဖုတ်လုပ်ငန်းကိုတစ်ရွာလုံးလုပ်ခဲ့ပေမယ့် သားမြေးတွေလက်ထက်မှာ စိတ်ဝင်တစားလုပ်ကိုင်တာ နည်းပါးလာတယ်။ ဒါပေမယ့် ခေတ်တွေဘယ်လိုပဲတိုးတက်ပြောင်းလဲလာပါစေ သောက်ရေမြေအိုးကိုအသုံးပြုတဲ့ မြန်မာ့ဓလေ့ကတော့ ပျောက်ကွယ်သွားမှာမဟုတ်ဘူး" ဟု ကုက္ကိုခွကျေးရွာမှ ဒေသခံအိုးလုပ်ငန်းလက်မှုပညာရှင်တစ်ဦးက ပြောသည်။

ကုက္ကိုခွမြေအိုးများကို တောင်တွင်းကြီး၊ မကွေး၊ မင်းဘူးမြို့များမှ အကြိုက်တွေ့အသုံးများ၍ ကားကြီးကားငယ်အသွယ်သွယ်ဖြင့် တင်ပို့ရောင်းချလျက်ရှိပြီး သောက်ရေအိုးတစ်လုံးလျှင် ငွေကျပ် ၈၀၀ မှ ၁၀၀၀ အထိ၊ ပန်းအိုးတစ်လုံးကို ငွေကျပ် ၅၀၀၊ မြူအိုးတစ်လုံးလျှင် ငွေကျပ် ၂၀၀ မှ ၃၀၀ အထိဈေးနှုန်းရကြောင်း သိရှိရသည်။

**ဖူးပွင့်နေခြည်(မကွေး)**

# ငပုတောမြို့နယ်တွင် အခြေခံပညာကျောင်း အဆင့်တိုး ၆၂ ကျောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း အဆင့်တိုးမြှင့်ခွင့်ရသည့်ကျောင်းပေါင်း ၆၂ ကျောင်းရရှိသဖြင့် ကျောင်းသားများ၏ ပညာရေးရည်မှန်းချက်များ ရရှိလာမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါကျောင်းများမှာ အလကမှ အထကခွဲသို့ ခြောက်ကျောင်း၊ မူလွန်မှ အလကခွဲသို့ ၁၈ ကျောင်း၊ အမကမှ အလကခွဲသို့ ငါးကျောင်း၊ အမကမှ မူလွန်သို့ ၁၅ ကျောင်း၊ အမကခွဲမှ အမကသို့နှစ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုးမှ အမကသို့ ငါးကျောင်း၊ ကိုယ့်အားကိုယ်ကိုးမှ အမကခွဲသို့ ၁၁ ကျောင်း စုစုပေါင်း ၆၂ ကျောင်း အဆင့်တိုးမြှင့်ခွင့်ရရှိကြောင်း သိရသည်။

**မျိုးကျော်သူ (ပြန်/ဆက်)**



# ဝက်လက်တွင် ကျေးရွာသမဝါယမအသင်းများသို့ ကျပ်သိန်း၁၈၀၀၀ကျော်ထုတ်ချေး

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သမဝါယမဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် Exim bank ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ခြောက်လတစ်ကြိမ်ပြန်ဆပ်စနစ်ဖြင့် ချေးပေးလျက်ရှိရာ စတုတ္ထအကြိမ်အဖြစ် အခြေခံသမဝါယမအသင်း ၁၄၆ သင်းမှ အသင်းသား ၁၃၆၆၄ ဦးအား ငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ကျော်ကိုလည်းကောင်း၊ ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိကို အသင်းပေါင်း ၁၂၇ သင်းမှ အသင်းသား ၂၂၆၆ ဦးအား ချေးငွေပေါင်း ငွေကျပ် ၄၀၉၇ သိန်းကိုလည်းကောင်း ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ ချေးငွေကျပ် ၁၈၀၉၇ သိန်းကျော်ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



မန္တလေးတိုင်းဒေသကြီး

# ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ငွေကျပ် ၁၅၄ သန်းကျော် အကုန်အကျခံကာ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်

နိုင်ငံတစ်ခု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မှုသည် အဓိကကျပေသည်။ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်ယာထွက်ကုန်များ လွယ်ကူလျင်မြန်စွာ စီးဆင်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ မြို့ပေါ်သို့ဆက်သွယ်သော လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် လမ်းများအသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်း ခုနစ်လမ်းကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၅၄ ဒသမ ၈၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ဆည်မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ပါယ်လေးဆယ်-ပေတောလေး လမ်းအရှည် ၀/၄ ဒသမ ၄၀မိုင်ကို ငွေကျပ်သန်းပေါင်း ၈ ဒသမ ၄၁၂သန်းနှင့် မဲကုန်း-ထုံးဘို လမ်းအရှည် ၁/၀ဒသမ၂၄ မိုင်ကို ငွေကျပ်သန်းပေါင်း ၁၅ ဒသမ ၇၅၃ သန်းဖြင့် မြေသားလမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြေသားလမ်းများ အသစ်ဖောက်လုပ်ခြင်းအပြင် မြေသားလမ်းမှ ဂျင်းကျောက်လမ်းအဖြစ် အရှည်မိုင် ၀/၇ဒသမ၅၈မိုင်ရှိ မြင်ချိနိုင်-ထုံးဖိုလမ်း၊ အရှည်မိုင် ၁/၀ ဒသမ ၀၀ မိုင်ရှိ မဲကုန်း- စပါယ်တော်လမ်း၊ အရှည်မိုင် ၁/၃ ဒသမ ၂၀ မိုင်ရှိ ရေဖြစ်ကြီး-ထုံးဘိုလမ်းတို့ကို ငွေကျပ်သန်းပေါင်း ၈၃ ဒသမ ၃၂၄ သန်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး အရှည်မိုင် ၀/၇ ဒသမ ၀၀ မိုင်ရှိ ဆူးလေကုန်း-ထုံးကြီး-ဆည်ရွာလမ်းကို ငွေကျပ်သန်းပေါင်း ၄၇ ဒသမ ၃၃၁ သန်း အကုန်အကျခံကာ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထုံးဘိုကျေးရွာသားတစ်ဦးက ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းနှင့်ပတ်သက်ပြီး "အခုလမ်းတွေကို စက်ကြီးတွေနဲ့ မြေတွေကော်ပြီး လမ်းမြင့်နေအောင်ဆောင်ရွက်တာ မြင်ရတာနဲ့တင် ကျေနပ်နေပြီ၊ ကျွန်တော်တို့ ရွာကလမ်းတွေက လယ်ကွင်းတွေနဲ့ တစ်ညီတည်းရှိနေတော့ စိုက်ပျိုးရာသီနဲ့ မိုးရာသီဆို သွားလို့လာလို့ မကောင်းတော့ဘူး၊ အခုလို ပြုပြင်ပေးလိုက်တော့ သွားလို့လာလို့ အဆင်ပြေပြီး သူများရွာတွေနည်းတူ ကျွန်တော်တို့ရွာလည်း လူမှုရေး၊ စီးပွားရေး မကြာခင်တိုးတက်လာမယ်ဆိုတာ ကျွန်တော်ပြောရဲတယ်"ဟု အားရတက်ကြွစွာ ပြောပြသည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းများအပြင် ကျေးလက်တံတားများကိုပါ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မိုးကြိုးကုန်းရွာအဝင်တံတားကို ငွေကျပ် ၅ ဒသမ ၁၃ သန်းဖြင့် သံကူကွန်ကရစ်တံတား အဖြစ် အသစ်ဆောက်လုပ်ခဲ့ပြီး အရှည်ပေ ၉၀ ရှိ ပန်းလောင်မြစ်ကူးတံတားကိုလည်း ငွေကျပ်သန်းပေါင်း ၅၁ ဒသမ ၃ သန်းဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းများကို တင်ဒါခေါ်ယူကာ တင်ဒါအောင်မြင်သော ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ သတ်မှတ်စံချိန်၊ စံညွှန်းများပြည့်မီရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိမှုကြောင့် ကျောက်ဆည်မြို့နယ်အတွင်းမှ ကျေးရွာများအနေဖြင့် ဆက်သွယ်သွားလာမှု လမ်းပန်းသာ၍ လူမှုစီးပွားအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)



# ကျဆုံးချိန်ရောက်ပြီလားလို့ မေးခွန်းထုတ်စရာဖြစ်လာတဲ့ လာမာဆီယာ (သို့) ဘာစီလိုနာ လူငယ်အကယ်ဒမီ

**လက်ရှိဘောလုံးလောကမှာတော့ အအောင်မြင်ဆုံး လူငယ်မွေးမြူရေးအကယ်ဒမီကို ပြောပါဆိုရင်တော့ ဘာစီလိုနာရဲ့ လူငယ်အကယ်ဒမီဖြစ်တဲ့ လာမာဆီယာက ထိပ်ဆုံးမှာရှိမှာ သေချာပါတယ်။ မှတ်မှတ်ရရ ပြောရမယ်ဆိုရင်တော့ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ကစားခဲ့တဲ့ လီဗန်တေးအသင်းနဲ့ပွဲ။ အဲ့ဒီပွဲရဲ့ ပွဲချိန် ၁၄ မိနစ်မှာ အဲလ်ဗက်စ်ရဲ့နေရာမှာ မွန်တိုယာ လူစားလဲပါဝင်ခဲ့ပါတယ်။ အဲဒီလို လူစားဝင်ရောက်ခဲ့ခြင်းကလည်း ဘာစီလိုနာသမိုင်းအတွက် သမိုင်းမှတ်တိုင်သစ်အဖြစ် ရောက်ရှိခဲ့ပါတယ်။ အဲဒါကတော့ ပွဲထွက်ကစားနေတဲ့ တစ်သင်းလုံး ကစားသမားတွေဟာ ဘာစီလိုနာအသင်းရဲ့ လူငယ်အကယ်ဒမီကျောင်းထွက် လာမာဆီယာရဲ့ ကစားသမားတွေချည်းပဲ ဖြစ်လို့ပါ။ အဲဒီပွဲမှာ တိုက်စစ်မှူး မက်ဆီက နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို အင်နီယေစတာနဲ့ ဖာဘရီဂက်စ်တို့က တစ်ဂိုးစီသွင်းယူပြီး လီဗန်တေးကို ၄-၀ နဲ့ လွယ်ကူစွာနိုင်ခဲ့ပါတယ်။**




လက်ရှိ ဘောလုံးလောကမှာတော့ အအောင်မြင်ဆုံး လူငယ်မွေးမြူရေးအကယ်ဒမီကို ပြောပါဆိုရင်တော့ ဘာစီလိုနာရဲ့ လူငယ်အကယ်ဒမီဖြစ်တဲ့ လာမာဆီယာက ထိပ်ဆုံးမှာရှိမှာ သေချာပါတယ်။ မှတ်မှတ်ရရ ပြောရမယ်ဆိုရင်တော့ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ကစားခဲ့တဲ့ လီဗန်တေးအသင်းနဲ့ပွဲ။ အဲ့ဒီပွဲရဲ့ ပွဲချိန် ၁၄ မိနစ်မှာ အဲလ်ဗက်စ်ရဲ့နေရာမှာ မွန်တိုယာ လူစားလဲပါဝင်ခဲ့ပါတယ်။ အဲဒီလို လူစား ဝင်ရောက်ခဲ့ခြင်းကလည်း ဘာစီလိုနာသမိုင်းအတွက် သမိုင်းမှတ်တိုင်သစ်အဖြစ် ရောက်ရှိခဲ့ပါတယ်။ အဲဒါကတော့ ပွဲထွက်ကစားနေတဲ့ တစ်သင်းလုံး ကစားသမားတွေဟာ ဘာစီလိုနာအသင်းရဲ့ လူငယ်အကယ်ဒမီကျောင်းထွက် လာမာဆီယာရဲ့ ကစားသမားတွေချည်းပဲ ဖြစ်လို့ပါ။ အဲဒီပွဲမှာ တိုက်စစ်မှူး မက်ဆီက နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို အင်နီယေစတာနဲ့ ဖာဘရီဂက်စ်တို့က တစ်ဂိုးစီသွင်းယူပြီး လီဗန်တေးကို ၄-၀ နဲ့ လွယ်ကူစွာနိုင်ခဲ့ပါတယ်။

အဲ့ဒီပွဲဟာ ဘာစီလိုနာအသင်းအတွက် (၂၂)ကြိမ်မြောက် စပိန်လီဂါ ဆုဖလားရရှိဖို့အတွက် အကောင်းဆုံးဖြစ်စေခဲ့တဲ့ ပွဲလို့လည်းပြောရမှာဖြစ်ပါတယ်။ အဲဒီပွဲမှာ ပါဝင်ကစားခဲ့တဲ့ ဘာစီလိုနာရဲ့ နာမည်ကြီးလူငယ်အကယ်ဒမီဖြစ်တဲ့ လာမာဆီယာ ကျောင်းထွက်တွေကတော့ ဗဲလ်ဒက်စ်၊ မွန်တိုယာ၊ ပူယိုးလ်၊ ပီကေး၊ အယ်ဘာ၊ ဇာဗီ၊ ဘက်စကွတ်၊ အင်နီယေစတာ၊ မက်ဆီ၊ ပီဒရိုနဲ့ ဖာဘရီဂက်စ်တို့ ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းကို ဂွါဒီယိုလာ စတင်ကိုင်တွယ်ချိန်ကတည်းက အသင်းရဲ့ လူငယ်အကယ်ဒမီ ကျောင်းသားတွေကို အသင်းကြီးမှာ စမ်းသပ်အသုံးပြုခဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းဟာ ဂွါဒီယိုလာလက်အောက်မှာ ရှိစဉ်က အသင်းရဲ့ ငယ်မွေးခြံပေါက်တွေနဲ့အတူ အောင်မြင်မှုရရှိနေခဲ့တဲ့အသင်းအဖြစ် ဥရောပအလယ်မှာ ထင်ရှားခဲ့တာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် အဲ့ဒီကစားသမားတွေဟာ ဘာစီလိုနာအသင်းမှာကြီးပဲ တစ်လျှောက်လုံး ရှိနေတာတော့ မဟုတ်ပါဘူး။ မက်ဆီဆိုရင် ဘာစီလိုနာအသင်းကို ၁၃ နှစ်သားအရွယ်က အာဂျင်တီးနားအသင်းကနေ ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အဲလ်ဘာဆိုရင်လည်း ဗလင်စီယာအသင်းကနေ ပြန်ခေါ်ခဲ့ရတာဖြစ်သလို ပီကေးဆိုရင်လည်း မန်ယူအသင်းကနေ ယူရို ၁၄ သန်း၊ ဖာဘရီဂက်စ်ဆိုရင်လည်း အာဆင်နယ်အသင်းကနေ ပြန်ခေါ်ယူခဲ့ရတာဖြစ်ပါတယ်။ သူတို့အားလုံးဟာ ဘာစီလိုနာအသင်းမှာ ပြန်လည်စုစည်းမိပြီး ဘာစီလိုနာအသင်းမှာ အကောင်းဆုံး ပြန်လည်ကစားနိုင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၂-၁၃ ရာသီကို ကြည့်မယ်ဆိုရင်လည်း ဘာစီလိုနာအသင်းဟာ အဲလ်ဘာနဲ့ အာဆင်နယ်အသင်းကနေ အဲလက်စ်ဆောင်းကို ယူရို ၁၈ သန်းနဲ့ ခေါ်ယူခဲ့တာကလွဲရင် ကစားသမားခေါ်ယူမှု မရှိခဲ့ပါဘူး။ ဂွါဒီယိုလာ အသင်းကနေ ထွက်ခွာသွားခဲ့ပြီးနောက် ဘာစီလိုနာအသင်းရဲ့ နည်းပြသစ်ဖြစ်လာတဲ့ ဗီလာနိုဗာကလည်း အသင်းရဲ့ လူငယ်အကယ်ဒမီ ကျောင်းသားတွေဖြစ်တဲ့ မူနီဆာ၊ တယ်လို၊ ဒေါ့စ်ဆန်းတို့စ်၊ ဘာထရာနဲ့ မွန်တိုရာတို့ကို အသင်းကြီးမှာ စတင်အသုံးပြုဖို့အတွက် ခေါ်ယူထားခဲ့ပါတယ်။ အဲဒါကြောင့်လည်း အဲဒီ ရာသီကဆိုရင် ဘာစီလိုနာအသင်းဟာ စပိန်လီဂါကို မှန်တိုင်းဆင်နိုင်ခဲ့ပြီး ရာသီကုန်မှာ အသင်းရဲ့ အဓိကပြိုင်ဘက်ဖြစ်တဲ့ ရီးရဲမက်ဒရစ်အသင်းကို ၁၅ မှတ်အကွာ၊ ရမှတ် ၁၀၀ နဲ့ ချန်ပီယံဖြစ်ခဲ့ပါတယ်။

အဲဒီလိုပဲ ဗီလာနိုဗာရဲ့ နေရာကို အစားဝင်လာခဲ့တဲ့ မာတီနိုဟာလည်း ဘရာဇီးတိုက်စစ်မှူး နေမာကို ခေါ်ယူခဲ့သလို အသင်းရဲ့ လူငယ်ကစားသမားတွေဖြစ်တဲ့ ရာဖင်ဟာ၊ ရောဘတ်တို၊ အိုလာဇာဘာနဲ့ ဒီနိုဗျူတို့ကို အသင်းကြီးကို ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် အဲဒီရာသီမှာ ဘာစီလိုနာအသင်းမှာတော့ ကြီးမားတဲ့ အပြောင်းအလဲ နှစ်ခုဖြစ်ခဲ့ပါတယ်။ ပထမဦးဆုံး တစ်ခုကတော့ လာမာဆီယာရဲ့ ငယ်မွေးခြံပေါက်ဖြစ်တဲ့ အယ်ကန်တာရာဟာ သူ့ရဲ့ ဆရာဟောင်းရှိရာ ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့သွားခဲ့ခြင်းပါပဲ။ အယ်ကန်တာရာအနေနဲ့ အခုလို ပြောင်းရွှေ့ သွားရခြင်းကလည်း အသင်းမှာ ပုံမှန်နေရာ ရရှိနိုင်မှု ရှားပါးလာခြင်းကြောင့်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် စိုးရိမ်စရာ အကောင်းဆုံးအချက်ကတော့ ဘာစီလိုနာအသင်းအနေနဲ့ အသင်းရဲ့ လူငယ် ကစားသမားများအပေါ် ယုံကြည်မှုနည်းလာခြင်းလည်း ဖြစ်ပါတယ်။ ဒုတိယတစ်ခုကတော့ ဘရာဇီးကလပ် ဆန်းတို့စ်အသင်းကနေ တိုက်စစ်မှူးနေမာကို ယူရို ၅၇ သန်းနဲ့ ခေါ်ယူခဲ့ခြင်းတို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာရဲ့ ပြောင်းလဲမှုတွေဟာ ၂၀၁၃-၁၄ ရာသီမှာ စတင်ခဲ့တယ်လို့ ပြောရမှာပါ။

လက်ရှိအချိန်မှာ ဘာစီလိုနာအသင်းဟာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအထိ ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံထားရပေမယ့် အဲဒီ ပိတ်ပင်မှုမတိုင်ခင်မှာပဲ ဆွာရက်ဇ်၊ မက်သရူး၊ ဗာမာလန်၊ ရာကီတစ်၊ တာစတီဂန်၊ ဗရာဗိုနဲ့ ဒေါက်ဂလက်တို့ကို ခေါ်ယူမှုအတွက် အသုံးပြုခဲ့ရတဲ့ ပြောင်းရွှေ့ကြေးဟာ ယူရိုသန်း ၁၇၀ လောက်အထိရှိခဲ့ပါတယ်။ ဒါ့အပြင် အသင်းဟာ လာမာဆီယာကျောင်းထွက်တွေဖြစ်တဲ့ ဖာဘရီဂက်စ်၊ တယ်လို၊ ဘိုဂျန်ကာကစ်၊ ဂျွန်နသန်၊ အိုလာဇာဘာ၊ ကန်ကာ၊ ဒန်နီဆွာရက်ဇ်၊ ဒီနိုဗျူ၊ ပူယိုးလ်၊ ဗဲလ်ဒက်စ်တို့ကလည်း အသင်းကနေ ထွက်ခွာသွားခဲ့ကြပါတယ်။ အဲဒီထဲမှာ ပူယိုးလ်ကတော့ အနားယူသွားတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းမှာ လာမာဆီယာကျောင်းထွက်တွေရဲ့ အခန်းကဏ္ဍဟာ ပိုမိုနည်းပါးလာပြီလို့ဆိုရမှာဖြစ်ပါတယ်။ လက်ရှိနွေရာသီမှာလည်း ဘာစီလိုနာအသင်းဟာ ကစားသမားခေါ်ယူခွင့်ပိတ်ပင်ထားခြင်းခံရပေမယ့် အက်သလက်တီကိုအသင်းကနေ တူရန်ကို ပေါင် ၂၄ သန်းနဲ့ ခေါ်ယူထားခဲ့သလို ဆီဗီလာအသင်းကနေလည်း အဲလက်စ်၊ ဗီဒဲလ်ကို ပေါင် ၁၆ သန်းနဲ့ ခေါ်ယူထားခဲ့ပါတယ်။ လက်ရှိ ထွက်ပေါ်နေတဲ့ သတင်းတွေမှာတော့ ဂျူဗင်တပ်စ်အသင်း ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကိုခေါ်ယူပြီး ပီဒရိုကို ရောင်းထုတ်ဖို့ ရှိနေတယ်လို့လည်း ဆိုပါတယ်။ ဒါ့အပြင် အသင်းအကောင်းဆုံး ကစားသမားတစ်ဦးဖြစ်တဲ့ ဇာဗီကလည်း ကာတာကို ပြောင်းရွှေ့သွားခဲ့ပါတယ်။

ဒါကြောင့်လက်ရှိ အခြေအနေတွေကို ကြည့်မယ်ဆိုရင် တစ်ချိန်က အောင်မြင်မှုတွေနဲ့အတူ ကျော်ကြားခဲ့တဲ့ ဘာစီလိုနာအသင်းရဲ့ လာမာဆီယာ ဘောလုံးအကယ်ဒမီရဲ့ အခန်းကဏ္ဍဟာ ဆုတ်ယုတ်လာခဲ့ပြီလားလို့တော့ မေးခွန်းထုတ်စရာတွေဖြစ်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရာသီတွေက အသင်းမှာ ပါဝင်ကစားခွင့်ရရှိတဲ့ ကစားသမားတွေကို ကြည့်မယ်ဆိုရင်လည်း အသင်းရဲ့ ငယ်မွေးခြံပေါက်တွေထက် ပြည်ပကစားသမားတွေက ပိုမိုများနေပြီလည်း မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းရဲ့ အောင်မြင်မှုအတွက် အထောက်အကူပေးရာမှာ အဓိကအရေးပါခဲ့တဲ့ လာမာဆီယာရဲ့အပေါ် ဘာစီလိုနာအသင်းရဲ့ ယုံကြည်မှုတွေဟာ လျော့နည်းလာခြင်းနဲ့အတူ လာမာဆီယာရဲ့ တောက်ပတဲ့ အချိန်တွေဟာ ကုန်ဆုံးလာပြီးလားဆိုတာကိုသာ စဉ်းစားရင်း. . . .




## ဖီဖာဥက္ကဋ္ဌရာထူးအတွက် ပလာတီနီအား ထောက်ခံမှုအများအပြားရှိနေ



ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)ဥက္ကဋ္ဌ မီချဲလ်ပလာတီနီသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဖီဖာဥက္ကဋ္ဌရာထူးအတွက် ဖီဖာအဖွဲ့ဝင် ဇုန်ခြောက်ဇုန်အနက်မှ ဥရောပ၊ တောင်အမေရိက၊ ကွန်ကာကပ်ဖ်နှင့် အာရှဇုန်တို့က အသက် ၆၀ နှစ်အရွယ်ရှိ ပလာတီနီအား ဖီဖာဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် ထောက်ခံမှုများ ရှိနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ သို့သော်လည်း ပလာတီနီအနေဖြင့်မူ ဖီဖာဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ရွေးချယ်ခံခြင်း ပြု မပြုဆိုသည်ကို အပြီးသတ်မဆုံးဖြတ်ရသေးကြောင်း ပလာတီနီနှင့် နီးစပ်သူတစ်ဦးက ပြောဆိုခဲ့သည်။

ဖီဖာအမှုဆောင်ကော်မတီသည် ဖီဖာဥက္ကဋ္ဌသစ် ရွေးကောက်ပွဲကျင်းပမည့်ရက် ရွေးချယ်ရန်အတွက် ပြီးခဲ့သည့် ဇူလိုင် ၂၀ ရက်တွင် အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖီဖာဥက္ကဋ္ဌသစ် ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီသည် ပြီးခဲ့သည့် မေ ၂၉ ရက်တွင် ကျင်းပခဲ့သော ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ဆပ်ဘလတ္တာအား ယှဉ်ပြိုင်ခဲ့သူ ဂျော်ဒန်မင်းသား အလီဘင်အယ်လ်ဟူစိန်ကို ထောက်ခံအားပေးခဲ့သူဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရသူ ဆပ်ဘလတ္တာက နောက်လေးရက်အကြာတွင် ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲ ကျင်းပချိန်အထိ ဖီဖာဥက္ကဋ္ဌရာထူးကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဖီဖာဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရေးနှင့်ပတ်သက်၍ World Soccer မဂ္ဂဇင်းနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးအစီအစဉ်၌ ပလာတီနီက "အနာဂတ်နဲ့ပတ်သက်ပြီး ကျွန်တော်သိထားတာရှိပါတယ်။ ဒါပေမယ့် ကျွန်တော်ထုတ်ပြောမှာ မဟုတ်သေးဘူး"ဟု ပြောဆိုခဲ့သည်။

အကယ်၍ ဖီဖာဥက္ကဋ္ဌရာထူးအား ပလာတီနီရရှိခဲ့ပါက သူ၏ ယူအီးအက်ဖ်အေဥက္ကဋ္ဌရာထူးနေရာကို ဂျာမနီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝုဖ်ဂန်နီဘတ်ရှ်က ဆက်ခံဖွယ်ရှိနေသည်ဟု ဆိုသည်။

ဖီဖာဥက္ကဋ္ဌရာထူးအတွက် ဆပ်ဘလတ္တာနှင့် ယှဉ်ပြိုင်ခဲ့သူ ဂျော်ဒန်မင်းသား အလီဘင်အယ်လ်ဟူစိန်က ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို အားကစားလောကပြင်ပမှ ပုဂ္ဂိုလ်တစ်ဦးက ကြီးကြပ်ပေးရန် တောင်းဆိုထားသည်။

**အောင်က**

မြန်မာ့အလင်း

၂၄-၇-၂၀၁၅ (သောကြာနေ့)

# မန်ယူနဲ့ရာမို့စ် ဝိရောဓိ

ဝေမိုးဆက်

**၂၀၁၅ နွေရာသီအပြောင်းအရွှေ့ကာလမှာ အလှုပ်ခတ်ဆုံး သတင်းတစ်ပုဒ်အဖြစ် ရာမို့စ်ရဲ့ အပြောင်းအရွှေ့ကို ညွှန်းဆိုလက်ခံကြတယ်။ ရာမို့စ်ကိုယ်တိုင်က မန်ယူကို ပြောင်းရွှေ့ဖို့ဆုံးဖြတ်တယ်။ ရီးရဲကလည်း ရာမို့စ်ကို လက်လွှတ်ဆုံးရှုံးခံလိုစိတ် မရှိဘူး။ ဒီအတွက် ရီးရဲက ရာမို့စ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၆၅ သန်းအထိ သတ်မှတ်ပြီး အသင်းမှာဆက်ထိန်းနိုင်အောင် ကြိုးစားသလို မန်ယူကလည်း ပေါင်သန်း ၃၀နီးပါးအထိပေးပြီး ကမ်းလှမ်းတယ်။ ဒီတော့ ရာမို့စ် မန်ယူကို ရောက်မလား၊ ရီးရဲမှာပဲ ဆက်ရှိမလားဆိုတာအပြင် တကယ်လို့ ရာမို့စ်သာ မန်ယူကိုရောက်ခဲ့ရင် မန်ယူအတွက် ထိုက်တန်မှု ရှိ၊ မရှိ ဆိုတာကအစ စိတ်ဝင်စားဖို့ ကောင်းလာတယ်။**

ပြောမယ်ဆိုရင် လက်ရှိအချိန်မှာ ရီးရဲနဲ့ မန်ယူကြားမှာ မပြတ်သားတဲ့ အပြောင်းအရွှေ့ဝဲဂယက်တစ်ခုရှိတယ်။ ရီးရဲက ဒီဂီယာကိုလိုချင်တယ်။ မန်ယူကလည်း ရာမို့စ်ကို လိုချင်တယ်ဆိုတဲ့အခြေအနေမှာ မန်ယူကလည်း ဒီဂီယာကို လက်လွှတ်စပယ် ရောင်းချလိုစိတ်မရှိသလို ရီးရဲကလည်း ရာမို့စ်ကို လက်လွှတ်စပယ် ရောင်းချလိုစိတ်မရှိဘူး။ ဒီတော့ မန်ယူကလည်း ဒီဂီယာရဲ့ ပြောင်းရွှေ့ကြေးကို ထိုက်တန်မှုရှိအောင် မြှင့်တင်သလို ရီးရဲကလည်း ရာမို့စ်ရဲ့ ပြောင်းရွှေ့ကြေးကို အမြင့်ဆုံးဖြစ်အောင် မြှင့်တင်တဲ့အခါ။ တကယ်လို့ မန်ယူသာ ရာမို့စ်အတွက် ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၅၀ ဝန်းကျင်၊ ဒါမှမဟုတ် ရီးရဲရဲ့ သတ်မှတ်ဈေးအတိုင်းပေးခဲ့ရရင် ထိုက်တန်မှုရော ရှိနိုင်ပါ့မလားဆိုတာကအစ စိတ်ဝင်စားဖို့ကောင်းလာတယ်။

တကယ်တော့ ရာမို့စ်ရဲ့ အသက်က လက်ရှိအချိန်မှာ ၂၉ နှစ်ရှိပြီ။ အဲ့ဒီအသက်အရွယ်အပိုင်းအခြားဟာ ဘောလုံးသမားတစ်ယောက်အတွက် အဆင်းလမ်း နင်းတော့မယ့်အချိန်လို့ အများစုက လက်ခံယုံကြည်ကြတာနဲ့အမျှ ရာမို့စ်ကို မန်ယူအနေနဲ့ အသုံးချနိုင်ခွင့်ဟာ အနိမ့်ဆုံး သုံးနှစ်၊ အမြင့်ဆုံး လေးနှစ်သာ ရှိတော့တဲ့အခါ။ အဲ့ဒီလိုဘောလုံးသမားတစ်ယောက်ကို ပေါင်သန်း ၅၀ နဲ့ ၆၀ ကျော် ပေးခြင်းဟာ ထိုက်တန်မှုမရှိနိုင်ဘူးလို့ ကျွမ်းကျင်သူအများစုက လက်ခံယုံကြည်ကြတယ်။




ဒါပေမယ့် အပြောင်းအရွှေ့ဈေးကွက်ရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ပြောင်းရွှေ့ကြေး ပမာဏတွေအရ ရာမို့စ်အတွက် ရီးရဲသတ်မှတ်တဲ့ ပြောင်းရွှေ့ကြေးဟာ ထိုက်တန်မှုမရှိဘူးလို့ ဆိုနိုင်ပါ့မလားဆိုပြီး အချို့က ထောက်ပြကြတယ်။ ပြောရရင် လက်ရှိဘောလုံးလောကမှာ သာမန်အဆင့် ဘောလုံးသမားတွေကိုသာ ပေါင်သန်း ၂၀ ဝန်းကျင် ပေးခေါ်နေရတယ်။ ဒိုင်ဘာလာလို သာမန်အဆင့် တိုက်စစ်မှူးကို ဂျူဗင်တပ်စ်က ယူရို ၃၂ သန်းအထိ ပေးခေါ်ခဲ့သလို ကွန်ဒေ့ါဘီယာလို ကစားသမားမျိုးကိုလည်း အင်တာမီလန်က ယူရို ၃၅ သန်းအထိ ပေးခေါ်ခဲ့ရတာက သက်သေဖြစ်သလို အလားအလာရှိပြီး နာမည်ရပြီးသား လူငယ်ကစားသမားတွေရဲ့ တန်ကြေးကလည်း ပေါင်သန်း ၅၀ ဝန်းကျင် (စတာလင်းကို လီဗာပူးက ပေါင် သန်း ၅၀ ဝန်းကျင်သတ်မှတ်ထား) ဖြစ်နေမှုအရ ရာမို့စ်ရဲ့ ပြောင်းရွှေ့ကြေးကို ရီးရဲက ပေါင် ၆၅ သန်းအထိ သတ်မှတ်မှုကို ထိုက်တန်မှုမရှိဘူးလို့ ဆိုနိုင်မလား။

အထူးသဖြင့်လက်ရှိအချိန်မှာ မန်ယူရဲ့ ဗဟိုခံစစ်ကြောင်းမှာ ဖီးလ်ဂျုံးစ်၊ စမောလင်းနဲ့ အီဗန့်စ်တို့လို သာမန်အဆင့် ကစားသမားတွေသာရှိတယ်။ အဲ့ဒီ အနေအထားအရ မန်ယူဗဟိုခံစစ်ကြောင်းဟာ အရေအတွက် အရရော အရည်အသွေးအရပါ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ မလုံလောက်ဘူးဆိုတာ မြင်သာလွန်းတယ်။ တကယ်တော့ မနှစ်ကလည်း ဗီဒစ်နဲ့ ဖာဒီနန်အထွက်မှာ ဗန်ဟားလ်ဟာ အဲ့ဒီဗဟိုခံစစ်ပိုင်းကို ထိမိတဲ့အားဖြည့်မှု ပြုလုပ်ဖို့ နှောင့်နှေးခဲ့မှုနဲ့အတူ မန်ယူဟာ လက်စတာကို ငါးဂိုး၊ အဲဗာတန်ကို သုံးဂိုးဆိုတဲ့ပေးဂိုးတွေနဲ့အတူ ရှုန်းကန်ခဲ့ရတာဆိုတော့။ တကယ်လို့ ဒီရာသီမှာလည်း ဗန်ဟားလ်အနေနဲ့ ဗဟိုခံစစ်ပိုင်းကို အားဖြည့်နိုင်မှုမရှိခဲ့ရင် မန်ယူရဲ့ ချန်ပီယံအိပ်မက်ဟာ အကောင်အထည်ပေါ်ဖို့ ခက်တယ်လို့ ဆိုရမယ်။ အဲ့ဒီအတွက် မဖြစ်မနေ အားဖြည့်ဖို့ လိုနေသေးတဲ့နေရာအဖြစ် လက်သင့်ခံ ယုံကြည်ကြသလို ရာမို့စ်ဟာ အဓိကကျတယ်လို့ ဆိုကြတယ်။

ပြောမယ်ဆိုရင်။ ရာမို့စ်ဟာ အသက် ၂၉ နှစ်ဆိုတာ မှန်တယ်။ အဲ့ဒီအသက်အရွယ်အပိုင်းအခြားဟာ တစ်ဖက်ကကြည့်ရင် ရေရှည်သုံးစွဲနိုင်ခွင့် မရှိဘူးဆိုတာ လက်ခံယုံကြည်စရာဖြစ်သော်ငြား။ တစ်ဖက်က ပြန်ကြည့်တဲ့အခါ အဲ့ဒီအသက်အရွယ်အပိုင်းအခြားဟာ အကောင်းဆုံး အချိန်ရောက် ဘောလုံးသမားတစ်ယောက်ရဲ့ အသက်အရွယ်အပိုင်းအခြားရယ်လို့ ယူဆလို့ရတယ်။

ပြောမယ်ဆိုရင်။ လက်ရှိအချိန်မှာ ထိပ်တန်းအဆင့် ဘောလုံးသမားတစ်ယောက်ရဲ့ ဈေးကွက်အတွင်း ပေါက်ဈေးဟာ ပေါင်သန်း ၆၀ ကနေ ၁၀၀ အတွင်းရှိတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီတုန်းကတော့ မန်ယူဟာ ဒီမာရီယာကို ပေါင်သန်း ၆၀ နီးပါး ပေးခေါ်ခဲ့ရတာဆိုတော့။ ရာမို့စ်ရဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၆၀ ကျော်မတန်ဘူးလို့ ဆိုနိုင်ပါ့မလား။

အထူးသဖြင့် အပြောင်းအရွှေ့ဈေးကွက်မှာ ဘောလုံးသမားတစ်ယောက်ရဲ့တန်ကြေးဟာ သူ့ကိုလိုချင်တဲ့ ကလပ်အသင်းအတွက် သူ့ရဲ့အရေးပါမှု၊ ပြီးတော့ အဲ့ဒီဘောလုံးသမားတစ်ယောက်ရဲ့ အရည်အသွေး၊ အဆင့်အတန်းတွေနဲ့ အများကြီးသက်ဆိုင်တယ်။ ပြောရရင် ရာမို့စ်ဟာ လက်ရှိထိပ်တန်းအဆင့် ခံစစ်မှူးတွေအနက်က တစ်ယောက်အပါအဝင်ဖြစ်တဲ့ ကစားသမားတစ်ဦး။ သူ့ရဲ့အတွေ့အကြုံ၊ သူ့ရဲ့အရည်အသွေးက ငြင်းချက်ထုတ်စရာ မရှိသလို မန်ယူအတွက်လည်း အဲ့ဒီလို ခံစစ်မှူးတစ်ဦး မဖြစ်မနေ လိုကိုလိုတာကလည်း ထင်သာမြင်သာမှုရှိတယ်။

ပြောမယ်ဆိုရင်။ မန်ယူဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဗီဒစ်၊ ဖာဒီနန်တို့ ထွက်ခွာသွားမှုနဲ့အတူ အဆင့်မီဗဟိုခံစစ်မှူးကောင်းမရှိမှုနဲ့ ရင်ဆိုင်ရတယ်။ ဖီးလ်ဂျုံးစ်၊ စမောလင်းတို့ဟာ အလားအလာရှိသော်ငြား အဆင့်မီဗဟိုခံစစ်မှူးမျိုးမဟုတ်ဘူး။ အတွေ့အကြုံကအစ ပင်ကိုအရည်အသွေးအဆုံး လေ့လာသင်ယူဆဲဖြစ်တာနဲ့အမျှ မန်ယူရဲ့ခံစစ်ကြောင်းဟာ ဦးဆောင်သူမဲ့တဲ့အဖြစ်မျိုးနဲ့ ရင်ဆိုင်ခဲ့ရသလို အဲ့ဒီကွက်လပ်ကို ရာမို့စ်က သူ့ရဲ့အတွေ့အကြုံ၊ သူ့ရဲ့အရည်အသွေးအရ ကောင်းကောင်းဖြည့်ဆည်းပေးနိုင်တယ်။ ထပ်ပြောရရင် ရာမို့စ်ဟာ ဗဟိုခံစစ်မှာတင် အားကိုးအားထားပြုနိုင်သူမျိုး မဟုတ်ဘူး။ ဗဟိုခံစစ်မှာ အကောင်းဆုံးစွမ်းဆောင်ပေးနိုင်သူဖြစ်သလို ညာတောင်ပံခံစစ်မှာလည်း အဆင့်မီကစားနိုင်စွမ်းရှိတဲ့သူ။ အရှင်းဆုံး ပြောရရင် ရာမို့စ်ဟာ ရီးရဲမှာ စကစားခွင့်ရကတည်းက ညာတောင်ပံခံစစ်မှာ ကစားခဲ့တဲ့သူဖြစ်သလို သူဟာ ကွင်းလယ်အဖျက်နေရာမှာပါ အသုံးပြုနိုင်တဲ့သူဆိုတော့။

ပြောမယ်ဆိုရင်။ ရာမို့စ်ကို အသုံးပြုနိုင်တဲ့ နေရာတိုင်းဟာ မန်ယူမှာ လိုအပ်ချက်ရှိတဲ့နေရာတွေသာဖြစ်နေတယ်လို့ ယူဆလက်ခံကြတယ်။ ဆိုပါစို့။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ မန်ယူဟာ ညာတောင်ပံခံစစ်မှူးကောင်း မရှိတဲ့အတွက် တောင်ပံကစားသမား ဗလင်စီယာကို ညာတောင်ပံခံစစ်မှာ အသုံးပြုရတယ်။ မန်ယူမှာ စမောလင်း၊ ဖီးလ်ဂျုံးစ်၊ ရိုဂျို၊ လုခ်ရှော၊ ရာဖေးလ်၊ ဘလက်ကက်၊ မက်နိုင်ယာတို့သာရှိတဲ့အနက် အဲ့ဒီကစားသမားတွေအထဲမှာ ညာတောင်ပံ ခံစစ်မှူးစစ်စစ်ဆိုလို့ ရာဖေးလ်တစ်ဦးသာရှိတယ်။ ဗဟိုခံစစ် ကစားသမားတွေထဲမှာလည်း ဘလက်ကက်၊ မက်နိုင်ယာတို့က လူငယ်တွေ။ စမောလင်း၊ ဖီးလ်ဂျုံးစ်တို့က ထိပ်တန်းအဆင့် မရောက်သေးသူတွေ။ ရိုဂျို၊ လုခ်ရှောတို့က ဘယ်တောင်ပံ ခံစစ်မှူးတွေသာ ဖြစ်တယ်။

ထပ်ပြောရရင်။ မန်ယူရဲ့ ကွင်းလယ်အဖျက်ဟာလည်း မနှစ်ကယိုယွင်းမှုများတယ်။ ကာရစ်မကစားနိုင်တဲ့ အချိန်မှာ မန်ယူရဲ့ ကွင်းလယ်အဖျက်ဟာ အားနည်းမှုတွေရှိခဲ့ပြီး ဘလိုင်းကို အစားထိုး သုံးခဲ့ရာမှာလည်းထင်သလောက်အဆင်ပြေမှုမရှိခဲ့ဘူး။ ပြီးတော့ ကွင်းလယ် အဖျက်အဖြစ် ကစားတဲ့ ဘလိုင်းက ခံစစ်ပိုင်းမှာ အသုံးပြုနိုင်သော်ငြား သူကလည်း ဘယ်တောင်ပံခံစစ်မှူးဆိုတော့။ မန်ယူမှာ ညာတောင်ပံခံစစ်ပဲဖြစ်ဖြစ်၊ ဗဟိုခံစစ်ပဲဖြစ်ဖြစ် ရာမို့စ်ကို မီသူမရှိသလို ကမ္ဘာ့ဘောလုံးလောကမှာလည်း လက်ရှိအချိန်အတွင်း ရာမို့စ်လိုအဆင့်မျိုးနဲ့နေရာစုံ ကစားနိုင်သူမျိုး ရှားတယ်လို့ လက်ခံကြတယ်။ ပြောမယ်ဆိုရင်ပေါ့။

ဘောလုံးသမားတစ်ယောက် အသင်းပြောင်းရွှေ့ခြင်းဟာ လေ့နံခါးထစ်မှတ်ယူလို့ရတဲ့ အရာမျိုးမဟုတ်တာတော့ မှန်တယ်။ မနှစ်က မန်ယူအနေနဲ့ ဈေးကြီးပေးခေါ်ခဲ့ရတဲ့ ဒီမာရီယာ၊ ဖယ်လ်ကာအိုတို့ ထင်သလောက်အသုံးဝင်မှုမရှိခဲ့သလိုမျိုး ရာမို့စ်လည်း မန်ယူကိုရောက်ရင် မဖြစ်နိုင်ဘူးလို့ မပြောနိုင်သော်ငြား။ သူ့ရဲ့လက်ရှိ အဆင့်အတန်း၊ ပြီးတော့သူ့ရဲ့ လက်ရှိရီးရဲမှာ အရေးပါနေမှု၊ ဒါ့အပြင် မန်ယူရဲ့ လက်ရှိလိုအပ်ချက် ပြင်းထန်ခြင်းဆိုတဲ့ အခြေအနေတွေအရ တကယ်ပဲ ရာမို့စ်ရဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၆၀ကျော် မထိုက်တန်ဘူးလို့ဆိုနိုင်ပါ့မလား။

တချို့ကတော့ ဒီဂီယာလို ဂိုးသမားမျိုးကို ရောင်းချခြင်းဟာ မန်ယူအတွက် သင့်တင့်လျောက်ပတ်တဲ့ အခြေအနေမဟုတ်ဘူးလို့ လက်ခံယုံကြည်ကြတယ်။ တကယ်လည်း ဒီဂီယာရဲ့ လက်စွမ်း၊ အသက်အရွယ်အရ ဒီဂီယာဟာ မန်ယူအတွက် ရေရှည်အသုံးဝင်နိုင်သူဆိုတာ မှန်သော်ငြား။ ဒီဂီယာကိုယ်တိုင်က စပိန်ကိုပြန်ဖို့ စိတ်အားထက်သန်မှုရှိနေတဲ့အခါ ဒီလိုကစားသမားမျိုးကို ဆက်ထိန်းထားရင် အကျိုးရှိနိုင်ပါ့မလား။ ပြီးတော့ မန်ယူမှာ ဘာစီလိုနာနဲ့ အတွေ့အကြုံပြည့်စုံခဲ့တဲ့ ဗဲဒက်စ်လို ဂိုးသမားလည်း ရှိနေတယ်ဆိုတော့။ ထိုက်တန်တဲ့ ပြောင်းရွှေ့ကြေးသာရမယ်ဆိုရင် ဒီဂီယာကို လက်လွှတ်ပြီး ထိုက်တန်တဲ့ပြောင်းရွှေ့ကြေးနဲ့ပဲ ရာမို့စ်ကို ခေါ်ယူခြင်းက မန်ယူအတွက် ဗျူဟာမြောက်လဲလှယ်မှုရယ်လို့ အကောက်အယူလုပ်ကြတယ်။

အချုပ်ပြောမယ်ဆိုရင်။ ဘောလုံးသမားတစ်ယောက်ရဲ့ တန်ကြေးဟာ ဆိုခဲ့ပြီးတဲ့အတိုင်း အဲ့ဒီဘောလုံးသမားတစ်ယောက်ရဲ့ ပင်ကိုအရည်အသွေး၊ အဆင့်အတန်းအပြင် အဲ့ဒီကစားသမားရဲ့ ရှိရင်းစွဲအသင်းမှာ အရေးပါမှု၊ ပြီးတော့ အဲ့ဒီကစားသမားကို ခေါ်ယူလိုတဲ့ အသင်းရဲ့ လိုအပ်ချက်ကြီးမားမှုတွေနဲ့သာ ချင့်ချိန်တွက်ဆရမယ့်အခါ။ ရာမို့စ်သာ မန်ယူကို ရောက်ခဲ့ရင်၊ ဒါမှမဟုတ် လက်ရှိ မန်ယူကမ်းလှမ်းတဲ့ ပေါင်သန်း ၃၀ ဝန်းကျင်ထက် ပိုပေးခဲ့ရမယ်ဆိုရင် အဲ့ဒီပြောင်းရွှေ့မှုကို မထိုက်တန်ဘူးလို့ ဆိုနိုင်ပါ့မလား။ စိတ်ဝင်စားဖို့ ကောင်းတယ်လို့သာ ဆိုချင်မိပါတယ်။ ။




## တူရန်အား အငှားချထားမည် မဟုတ်ဟု ဘာစီလိုနာ အသင်းနည်းပြ အတည်ပြုပြောဆို

စပိန်ကလပ် ဘာစီလိုနာအသင်းနည်းပြ အန်နရီကေးက ပြီးခဲ့သည့် ဇူလိုင် ၆ ရက်တွင် အက်သလက်တီကိုအသင်းထံမှ ခေါ်ယူထားသည့် ကွင်းလယ်တိုက်စစ်ကစားသမား အာဒါတူရန်အား အငှားချထားရန် ရည်ရွယ်ထားခြင်းမရှိကြောင်း အတည်ပြုထုတ်ဖော်ပြောဆိုလိုက်သည်။ ဘာစီလိုနာအသင်းသည် အသက် ၁၈ နှစ်အောက် လူငယ်ကစားသမားများကို ခေါ်ယူခဲ့ခြင်းများတွင် စည်းကမ်းချိုးဖောက်မှုများကြောင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ဈေးကွက်ကာလနှင့် ယခုနွေရာသီဈေးကွက်ကာလများအတွင်း ကစားသမားသစ် ခေါ်ယူခြင်းမပြုရန် ပြစ်ဒဏ်ချမှတ်ခံထားရသည့် အသင်းဖြစ်သည်။ ဘာစီလိုနာအသင်းသည် ယခုနွေရာသီဈေးကွက်ကာလအတွင်း တူရကီကစားသမား တူရန် (၂၈နှစ်)နှင့် ဆီဗီလာအသင်းမှ စပိန်တောင်ပံကစားသမား အဲလက်စ်ဗီဒဲလ် (၂၅ နှစ်)တို့ကို ခေါ်ယူထားသော်လည်း အဆိုပါကစားသမားများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီဈေးကွက်ဖွင့်ချိန်မှသာ အသင်း၌ ထည့်သွင်းအသုံးပြုခွင့် ရရှိမည်ဖြစ်သည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမြူက ကွင်းလယ်ကစားသမား တူရန်အား ချန်ပီယံလိဂ်ပြိုင်ပွဲကစားရခြင်းမရှိသည့် အသင်းတစ်သင်းသို့ ကာလတိုအငှားစာချုပ်ဖြင့် အငှားချထားဖြစ်ဖွယ်ရှိကြောင်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပြောဆိုခဲ့ဖူးသည်။ သို့သော်လည်း ဘာစီလိုနာအသင်းနည်းပြ အန်နရီကေးက “တူရန်နဲ့ အဲလက်စ်ဗီဒဲလ်တို့ကို အငှားချထားဖို့ စဉ်းစားနေခြင်းမရှိပါဘူး။ ဘာစီလိုနာအသင်းရဲ့ ကစားဟန်နဲ့ သူတို့နှစ်ဦးကို ရင်းနှီးစေဖို့အတွက်အသင်းမှာပဲ လေ့ကျင့်မှု ပြုလုပ်စေမှာပါ။ ဒီကစားသမားနှစ်ဦးကို လာမယ့်ဇန်နဝါရီလမှသာ အသုံးပြုခွင့်ရရှိမှာက ကျွန်တော်တို့အတွက် ဆိုးကျိုးတစ်ခုပါပဲ။ ဒါပေမယ့် သူတို့နှစ်ဦးကို အသင်းမှာပဲ ရှိနေစေချင်ပါတယ်”ဟု ပြောသွားသည်။

ဇူလိုင်လအတွင်း အမေရိကန်နိုင်ငံတွင် ဘာစီလိုနာအသင်း ကစားမည့် ရာသီကြိုခြေစမ်းပွဲ သုံးပွဲ၌ အသင်း၏ အဓိကကစားသမား မက်ဆီပါဝင်မှုမရှိခြင်းနှင့်ပတ်သက်၍ နည်းပြအန်နရီကေးက “မက်ဆီဟာ အနားယူဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် မက်ဆီဟာ အမေရိကန်ခြေစမ်းခရီးစဉ်မှာ ပါဝင်မှာမဟုတ်ပါဘူး”ဟု ပြောဆိုခဲ့သည်။ ဘာစီလိုနာအသင်းသည် အမေရိကန်နိုင်ငံ၌ ၂၀၁၅ ခုနှစ် International Champions Cup ပွဲများအဖြစ် ဇူလိုင် ၂၅ ရက်တွင် မန်ယူအသင်း၊ ဇူလိုင် ၂၈ ရက်တွင် ချယ်လ်ဆီးအသင်းတို့နှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။

■ ထက်အောင်